

www.burmeseclassic.com



www.burmeseclassic.com



# အသင်



BURMESE CLASSIC .com

## ပန်းနုရောင် သင်္ကေတလေးရဲ့ အနားသတ်မှာ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

မမျှော်လင့်ဘဲ မာနရဲ့စေတမန်တစ်ပါးနဲ့ နှုတ်ဆိုးမလေးတစ်ဦးရဲ့ တွေ့ဆုံမှုနိဒါန်းဟာ အနည်းငယ် ခါးသက်နေခဲ့ပါတယ် ...။

♥ ○ ♥



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ ထိုနေ့သည် သောကြာနေ့တစ်နေ့ဖြစ်ပါသည်။ အခန်းထဲကို အတန်းပိုင်ဆရာမနှင့်အတူ ရင်ကိုဖွင့်၍ ခေါင်းမော့ဝင်လာသော၊ ဆံပင်ကိုခေါင်းလိမ်းဆီလိမ်း၍ သပ်ရပ်စွာဖြီးထားသော၊ အလွန်အင်မတန်ကို အပြစ်ပြောစရာမရှိအောင် ချောမောသော ထိုကောင်လေးအား အခန်းထဲရှိ ကျောင်းသားကျောင်းသူများ ငေးမောကြည့်နေစဉ်တွင် ကျွန်မကတော့ ထိုကောင်





လေး၏ ကြွပ်ဆတ်ဆတ်၊ မာကျောကျော မျက်နှာထားကိုကြည့်မရစွာနှင့် မျက်နှာကို ပြတင်းပေါက်ဘက်သို့ အသာလွှဲထားလိုက်သည်။

“မိတ်ဆက်ပေးမယ်၊ ဒါကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဝင်းရဲ့တူ၊ မန္တလေးကနေ ပြောင်းလာတာ၊ သူလိုအပ်တာမှန်သမျှကို ကူညီပေးရမယ်နော်”

ဆရာမက အားလုံးကိုပြောပြီး သူ့နာမည်ကို မိတ်ဆက်ပေးပါသည်။ နာမည်ကလည်း အမြင်ကတတ်ချင်စရာ၊ ကြည့်ပါဦး “ဇွဲသူရိယထက်”တဲ့၊ တင်စားလိုက်တဲ့နာမည်။

ကျောင်းအုပ်ကြီးရဲ့တူ ဆိုတော့ ဆရာမတိုင်းက သူ့ကိုဖူးဖူးမှုတ်ထားကြသည်။ တစ်နေ့ တစ်နေ့ သူ့နာမည်မပါလျှင်မပြီး။ အခန်းထဲက မိန်းမတွေကလည်း စာကူးပေးသည့်လူနှင့် မိတ်ဖွဲ့သည့်လူနှင့် မျက်စိကိုနောက်နေရသည်။

ကျွန်မကတော့ ထိုကောင်လေးနှင့် ခပ်ကင်းကင်းနေပါသည်။ ဒါကို သူက သတိပြုမိပုံရသည်။ သူက အားလုံးနှင့်လိုက်လျောညီထွေနေပါသည်။ သို့သော် အရောဝင်လိုပုံတော့မပြပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ မာနကြီးမယ်ဆိုလည်း ကြီးချင်စရာပင်။ သူ့ကို ကျောင်းလာပို့သည့်ကားက ပါဂျဲရိုးဖြစ်သည်။ အလွန်ကိန်းကြီးခန်းကြီးနိုင်သော ထိုကောင်လေးသည် နေ့လယ်မုန့်စားဆင်းချိန်တွင် သူ့ကိုလာပို့သော မုန့်ခြင်းထဲမှမုန့်တို့ကိုသာ စားတတ်ပြီး ကျောင်းဆင်းလျှင် အဆင်သင့်လာကြိုသောကားဖြင့် ကြော့ကြော့လေး ပြန်တတ်တာမို့ ကျောင်းမှာတော့ မင်းသားတစ်ပါးပင်ဖြစ်သည်။

ဒီမြောက်ဥက္ကလာ အထက(...)မှာ ကျောင်းကို ကိုယ်ပိုင်ကားဖြင့် လာနိုင်သူက ခပ်ရှားရှား မဟုတ်လား။ မုန့်စားဆင်းချိန်တွင် အနယ်နယ် အရပ်ရပ်မှ မယ်မင်းကြီးမတို့သည် ကျွန်မတို့အပေါ်ထပ် ဆယ်တန်း(အေ)သို့ အကြောင်းမဲ့သက်သက် လျှောက်ပြန်သံပေး လုပ်နေကြတော့သည်။

♥○♥





"အိမ့်သက်ပိုင် ... နင် အမှတ်ပေါင်း ဘယ်လောက်ရလဲ"

ကျွန်မဘေးနားမှ သူငယ်ချင်းက အမှတ်တွေကြည့်နေသော ကျွန်မကို မေးလိုက်သည်။ ဒီစာမေးပွဲက ဒုတိယလပတ်ပေါ့၊ ပထမလပတ်စာမေးပွဲမှာ ကျွန်မက ဘာသာစုံ စုစုပေါင်း ငါးမှတ်သာလျော့ပြီး အဆင့်(၁)ရခဲ့သည်။

"ဒီတစ်ခါ ရှစ်မှတ်တောင် လျော့တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဆို နင်တော့သွားပြီ၊ သူ့ရိုယက (၅)မှတ်ပဲ လျော့တယ်တဲ့"

ကျွန်မစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။ အခန်းထဲတွင် ကျွန်မရဲ့ပြိုင်ဘက်မရှိ။ ဒုတိယ၊ တတိယရသည့်လူများနှင့်လည်း ကျွန်မအမှတ်က အကွာကြီးပင်။ သင်းက မနေ့တစ်နေ့ကမှ ပြောင်းလာပြီး အဲဒီလောက်ရအောင် ဘယ်လိုများဖြေလိုက်ပါသလဲ။

"ဘာထူးဆန်းလို့လဲ၊ သူက ကျောင်းအုပ်ဆရာမကြီးရဲ့တူပဲ၊ မေးခွန်းတွေ ဘာတွေကြိုရထားလို့ပေါ့၊ သူ့လိုသာ မေးခွန်းကြိုရရင် ငါဆို အမှတ်ပြည့်ရအောင်တောင် ဖြေလိုက်ဦးမယ်"

အစကတည်းက သူ့ကိုကြည့်လို့မရသည့် ခတ်ခဲ ရှိရသည့်အထဲ ကျွန်မထက်ကျော်သွားလို့ မကျေနပ်သည့်စိတ်ပါ ထပ်ပေါင်းပြီး ပြောသင့်မပြောသင့် မစဉ်းစားဘဲ ပြောပစ်လိုက်သည်။

"ဟဲ့ ... ဟဲ့"





သူငယ်ချင်း နီလာဆွေက ကျွန်မကို တံတောင်ဖြင့် တွတ်ပြီး ကျွန်မတို့နောက်တွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော သူရှိရာသို့ မျက်စပစ်ပြလိုက်သည်။ သို့သော် ကျွန်မကတော့ ပြောပြီးသွားပြီဖြစ်သည်။

"အိမ့်သက်ပိုင် ... နင့်စကား ဘယ်လောက်အထိ ရောက်သွားလဲ နင်သိလား၊ နင်က ငါ့ကိုရော၊ ဆရာမတွေရော၊ ငါ့အဒေါ်ကိုပါ အားလုံးကို စော်ကားလိုက်တာပဲ၊ နင်ပြောတာတွေ ငါပြန်တိုင်လိုက်ရင် နင် ဘာဖြစ်သွားမလဲ"

သူ့စကားကြောင့် ကျွန်မ တုန်လှုပ်သွားမိသည်။ ကိစ္စက ကျောင်းမှာတင်မပြီးဘဲ မိဘခေါ်ခိုင်းပါက ကျွန်မမိဘများ ကျွန်မကြောင့် မျက်နှာငယ်ရတော့မည်။ ကျွန်မတစ်ကိုယ်လုံး ထူပူသွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ဖြစ်သွားတော့သည်။ သူက ကျွန်မခံစားချက်ကို ရိပ်မိလေဟန်ဖြင့် မျက်စိကို ခပ်မှေးမှေးထားပြီး ကျွန်မကို သရော်ပြုံးဖြင့် ကြည့်နေလေသည်။

"ဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ စကားကို ခေတ္တရပ်ပြီး ကျွန်မကို ကြည့်လိုက်သည်။ ပြီးမှဆက်၍ ...

"မတိုင်စေချင်ဘူး ဆိုရင်တော့ ငါနဲ့ အပေးအယူတစ်ခု လုပ်ရမယ်"

"ဘာလဲ ... ဘာအပေးအယူလဲ"

"နင် ငါ့ကို ကော်ဖီဆယ်ရက်တိတိ ဖျော်ပေးရမယ်"

သူ့စကားကြောင့် ကျွန်မ လက်သီးကိုတင်းတင်း ဆုပ်ထားမိလျက်သား ဖြစ်သွားသည်။ ဒေါသအရှိန်ကြောင့် ကျွန်မ မျက်နှာနီမြန်းစ,ပြုလာသည်။

"ကော်ဖီဖျော်ပေးရအောင် ငါက နင့်အခိုင်းအစေမို့လို့လား"

"ဟား ... အခိုင်းအစေပဲ ကော်ဖီဖျော်ပေးတာလား"

သူ့စကား ဘယ်အထိရောက်သွားမှန်း ကျွန်မကောင်းကောင်း နားလည်လိုက်ပါပြီ။ သူကလည်း သူ့ကိုအရေးမလုပ်သော ကျွန်မကို ဘယ်တုန်းကတည်းက အမြင်ကတ်နေသည်မသိ။ အခုတော့ အခွင့်အရေး ရသွားပြီဆိုတော့ ကျွန်မကို ကောင်းကောင်း ပညာပြပြီပေါ့။





"ရပါတယ် ... နင် မလုပ်နိုင်ဘူးဆိုရင်လည်း ငါအခုပဲ ရုံးခန်းသွားပြီး နင်ပြောတာတွေအကုန် အန်တီ့ကိုပြောလိုက်ရတော့မှာပေါ့၊ ငါကပြောတဲ့အတိုင်း တကယ်လုပ်မှာနော်"

သူငယ်ချင်း နီလာဆွေက သူပြောတာကို သဘောတူရန် ကျွန်မကို ဖျောင်းဖျနေလေသည်။ ကျွန်မမှာ ရွေးစရာလမ်း မရှိတော့ပါ။ မဆင်မခြင်ပြောမိသော ဒီပါးစပ်ကို ပိတ်ပိတ်ပြီး ရိုက်ဖို့သာ ကောင်းတော့သည်။

မုန့်စားဆင်းချိန်ဆို သူက အခန်းထဲမှာ ကော်ဖီနဲ့ မုန့် စားတတ်သည်။ သူ တစ်ခါမှ မုန့်ဈေးတန်းသွားတာ မတွေ့ဘူးပါ။ ကော်ဖီဓာတ်ဘူး သေးသေးလှလှလေးထဲမှ အရုပ်လှလှ လေးများနဲ့ မတ်ခွက်လေးထဲသို့ ဖျော်ထည့်ရမည့်တာဝန်ကို ကျွန်မ ဆယ်ရက်တိတိ လုပ်ရတော့ပေမပေါ့။ ပြဿနာတော့ သိပ်မရှိလှပါ ကော်ဖီဖျော်တာ ဘယ်လောက်ကြာတာမှတ်လို့၊ မုန့်စားဆင်းချိန် ဆိုတော့ အခန်းထဲမှာ လူတော့ရှင်းပါသည်။

စစချင်း ပထမဆုံးရက်မှာတော့ ကျွန်မ မလုံမလဲ ရှက်ရွံ့စွာဖြင့် သူ့ထိုင်ခုံရှိရာ အလယ်ခြမ်းနောက်ဆုံးတန်းသို့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီး သူ့စကားပွဲခုံပေါ်တွင် အဆင်သင့် တင်ထားသော ဓာတ်ဘူးထဲမှ ကော်ဖီကို မတ်ခွက်ထဲသို့ ခပ်သွက်သွက်လေး ငှဲ့ထည့်လိုက်သည်။

"မြည်းမြည်းလုပ်ပါ အိမ့်သက်ပိုင်ရဲ့၊ အပူတွေ ဘာတွေ
လောင်ကုန်ဦးမယ်၊ အဲဒါဆို အမူပိုကြီးသွားမယ်နော်"

သူက ကျွန်မကို ခပ်ရိရိလေး ပြောပြန်သည်။ သူ ဘယ်လိုလူစားမျိုးပါလိမ့်။

သူများဒုက္ခရောက်တာကို ကြည့်ပြီး အရသာခံနေလိုက်တာ၊ အိုး ... ကျွန်မတောင် သူ့ကို အမြင်ကတ်သေးတာပဲ၊ သူလည်း ဒီလိုပဲရှိပေမပေါ့။

သူ့နည်းဗျူဟာသည် အလွန်ပြောင်မြောက်ပါပေသည်။ သူ့ကို ကော်ဖီငှဲ့ပေးသည့် သုံးရက်မြောက်နေ့တွင် အခန်းထဲမှလူများ ရိပ်မိသွားကာ တစ်ယောက်စကား၊ တစ်ယောက်နားနှင့် သူ့ကို ကျွန်မ ကော်ဖီငှဲ့ပေးသည်ကို တမင်သက်သက် စောင့်ကြည့်ကြသည်အထိ ဖြစ်လာကြသည်။ သူ့မျက်နှာကပြုံးပြီး ချိုနေသည်။ အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးပေါ့။





ကျွန်မ မခံချင်ဆုံးအရာသည်ကား သူနှင့်ကျွန်မကို တစ်စုံတစ်ရာ ပတ်သက်မှုရှိသည်ဟု ထင်မှတ်ခံရခြင်းပင်။ အိမ့်သက်ပိုင် ဆိုသော ကျွန်မသည် ယောကျ်ားလေးများနှင့် ကင်းကင်းရှင်းရှင်း နေပါသည်။

အတင်းစကားလိုက်ပြော၊ စာလိုက်ပေးလျှင်လည်း လက်ထဲရှိသည့်စာအုပ်၊ ထီးတို့ဖြင့် လက်သံပြောင်စွာ ထုရိုက်ခဲ့သည်ချည်း ဖြစ်သည်။ နည်းနည်းအရုပ်ရုပ်ညိပြီး၊ ခန္ဓာကိုယ်ဖွံ့တဲ့ ကောင်တွေကိုတော့ ဆရာမ်များကို သွားတိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်မ၏အမည်ပြောင်မှာ "ဂျက်မ"ဟု တွင်နေတော့သည်။

"ဟဲ့ ... အိမ့်သက်ပိုင်၊ နင့်ကို E ခန်းက စိုးမိုးဆွေက
စာပေးခိုင်းလိုက်တယ်"

မုန့်ဈေးတန်းမှ ပြန်လာတဲ့ နီလာဆွေက ကျွန်မလက်ထဲသို့ စာတစ်စောင် လာထည့်ပေးသည်။ အံ့သြစရာပင်၊ စိုးမိုးဆွေ ဆိုသည်ကား အလွန်လှ၍ အလွန်ရုပ်သောကောင်မလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည်စာမှလွဲ၍ ဘက်စုံကိုတော်ပါသည်။ကျောင်းကပွဲ၊ အားကစားပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ အိမ်တွင်းမှုသိပ္ပံပါမကျန် သူမ မပါဝင် မဆင်နွှဲဖူးသော ပွဲဟူ၍မရှိပါ။ စာကတော့ အလွန်တရာကို ညံ့ပါသည်။ သူနှင့် ကျွန်မ မခင်ဘူးပါ။

"အိမ့်သက်ပိုင် ...

ကိုယ့်ရုပ်လည်းကိုယ် မှန်ထဲပြန်ကြည့်ပါဦး၊ တန်ရာတန်ရာကို မှန်းစမ်းပါ၊ သူရိယနားမှာ မနေပါနဲ့ မျက်စိနောက်တယ်။ အကြောင်းတစ်ခုကြောင့် သူရိယကို ကော်ဖီငှဲ့ပေးရမှန်းသိပေမယ့် သူရိယကို စိတ်ကူးတောင်မယဉ်ပါနဲ့ ...

စိုးမိုးဆွေ"

"တောက် ... မိုက်ရိုင်းလိုက်တာ"

ကျွန်မအသံကြောင့် နီလာဆွေ လန့်သွားသည်။ ပြီးမှ ကျွန်မ်လက်ထဲမှစာကို ဆွဲယူဖတ်ကြည့်ကာ သက်ပြင်းချတော့သည်။

"နင်ဘယ်လိုလုပ်မလဲ အိမ့်သက်ပိုင်၊ အဲဒီမိန်းမ သက်သက်ကျောတာ သူနဲ့ဘာဆိုင်လို့လဲ၊ နင် ဆရာမတွေနဲ့





သွားတိုင်လို့ မရဘူးနော်၊ ဒီထဲမှာ ကော်ဖီငှဲ့တဲ့ကိစ္စပါနေတယ်၊ ဘာလို့ ကော်ဖီငှဲ့ပေးရတာလဲလို့မေးရင် ပြဿနာပိုရှုပ်ကုန်မယ်"

"အဲဒါတွေ အားလုံးဟာ အဲဒီသေနာကောင် သူရိယကြောင့်ပဲ"

ကျွန်မ နာနာကြည်းကြည်း ပြောလိုက်သည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူ့ကိုကော်ဖီငှဲ့ပေးရသည့် နောက်ဆုံးနေ့ဖြစ်ပါသည်။ ကော်ဖီငှဲ့နေရာမှ စာငုံ့ဖတ်နေသည့် သူ့မျက်နှာချောမွေ့မွေ့ကို ကျွန်မ သတိလက်လွတ် ငေးမိပါသည်။ ကျွန်မ သူ့ကို တစ်ခါမှ စေ့စေ့မကြည့်ဘူးခဲ့ပါ။ သူ့ရဲ့ထူတန်းမည်းနက်နေတဲ့ မျက်ခုံးတွေ၊ စင်းနေတဲ့နှာတံလေးနဲ့ ပုံကျပန်းကျနိုင်လှတဲ့ သန္တာရောင်သမ်းနေတဲ့ နှုတ်ခမ်းတွေဟာ သူ့ရဲ့ဝင်းနေတဲ့ မျက်နှာပေါ်





မှာ စွဲမက်ဖွယ် ရှိနေကြတယ်လေ။ စာအုပ်ကိုင်ထားတဲ့ သူ့ရဲ့ ယောကျ်ားတန်မဲ့ ရှည်လျားဖြူသွယ်တဲ့ လက်ကလေး။ ချေးညှော်ကင်းတဲ့ ပန်းရောင်လက်သည်းခွံလေးတွေ၊ အစိမ်းရောင်သမ်းတဲ့ မွေးညှင်းနုနုလေးတွေဟာ အကြည့်တစ်ချက်မှာပဲ ရင်ကိုစွဲငြိစေတယ်လေ။

"ဟာ ... ကော်ဖီတွေ လျှံကုန်ပြီ၊ ဘယ်လိုလုပ်တာလဲ"

သူ့ရဲ့အော်သံစူးစူးကြောင့် ကျွန်မ ဓာတ်ဘူးကို ခပ်မြန်မြန်လေး ဘေးကိုချလိုက်သည်။ သူ့ရဲ့ရှပ်အင်္ကျီအဖြူ ညာဘက်လက်မှာ ကော်ဖီတွေ စွန်းထင်းကုန်ပြီလေ။

"အိမ့်သက်ပိုင် ... ဒါ မင်းတမင်လုပ်တာ မဟုတ်လား၊ အင်္ကျီတွေ ပေကုန်ပြီ၊ ဘာပြန်လုပ်ပေးမှာလဲ ပြော"

ဒေါသသံနဲ့ပြောတဲ့ "သူ့"ကို ကျွန်မ စိတ်ပျက်သွားမိသည်။ ရင်ခုန်ချင်ချင်ဖြစ်နေသော စိတ်တို့က ဘယ်ဆီဘယ်အပါး လွင့်မြောသွားသည်မသိပါ။ ဤ"ခွဲသူရိယထက်"ဆိုသော လူငယ်လေးသည် အပေးအယူကိစ္စကို တော်တော်နစ်သက်ပုံရ၏။

"ဘာလုပ်ပေးရမှာလဲ၊ ပြန်ဝယ်ပေးရမှာလား"

ကျွန်မ ခပ်ဆောင့်ဆောင့်လေး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဝယ်ပေးမယ် ဟုတ်လား၊ ဒီအင်္ကျီက "harzard" တံဆိပ်လေ၊ သောင်းကျော်တန်တယ်၊ မင်း ဝယ်ပေးနိုင်လို့လား"

သူ့ရဲ့လှောင်ရယ်သံပါသော စကားက ကျွန်မတို့ကို ကြည့်နေကြတဲ့ မျက်လုံးပေါင်းများစွာရဲ့ အလယ်မှာ ကျွန်မကို အရှက်ရစေခဲ့ပါတယ်။

သူက ပျက်ယွင်းနေတဲ့ ကျွန်မရဲ့မျက်နှာကို မြိန်ရည်ရှက်ရည်ကြည့်ကာ တစ်လုံးချင်းပြောလိုက်သည်။

"ပြန်ဝယ်ပေးစရာ မလိုပါဘူး၊ မနက်ဖြန် ဒီအင်္ကျီကို ပြန်ယူလာခဲ့မယ်၊ ပြောင်အောင်ပဲ လျှော်ပေးလိုက်ပါ"

ပြောပြီး သူကထိုင်ခုံမှာ နေရာတကျ ပြန်ထိုင်ကာ ဘာမှမဖြစ်သလိုနှင့် လေလေးတောင် ချွန်နေသည်။

ကျွန်မ သူ့ကိုမုန်းသည်။ သူဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့၊ မညှာတာတတ်တဲ့သူပဲ။ သူက ကျွန်မရဲ့ မာနတွေ၊ သိက္ခာတွေကို ရစရာမရှိအောင် ရိုက်ချိုးခဲ့တာပဲ။ သူ့ကို ကျွန်မတစ်သက် မကျေပါ။

♥○♥





ရန်ကုန်မှာ ပိုးထည်ချည်ထည်ဆိုင်ဖွင့်ဖို့ စိတ်ကူးပေါ်လာသော မေမေသည် ချက်ချင်းဆိုသလို စိတ်ကူးကို အကောင်အထည်ဖော်ကာ သူ့ကိုလည်း အန်တီသန္တာ့ကျောင်းမှာပဲထားဖို့ မြန်မြန်ဆန်ဆန်ကြီး ဆုံးဖြတ်လိုက်သည်။

မွေးကတည်းကနေလာသော မွေးရပ်မြေမှ ကျွန်တော် လုံးဝမစွန့်ခွာလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ရန်ကုန်သို့ ပြောင်းလိုသည်ကလည်း အကြောင်းများစွာ ရှိပါသည်။ ဖေဖေ့အစ်မ ကျွန်တော့်ကြီးကြီးတွေနှင့် မေမေက လုံးဝမတည့်ပါ။ ဖေဖေ သင်္ဘောလိုက်နေသည့် ကာလများတွင် မေမေနှင့် ကြီးကြီးတို့ အဆင်မပြေကြပါ။ မေမေက ရန်ကုန်သူဖြစ်သည်။ မန္တလေးသား ကျွန်တော့်ဖေဖေနှင့် အကြောင်းပါပြီး မန္တလေးတွင် ခြေချခဲ့ခြင်းဖြစ်သည်။

အခုလည်း ဖေဖေ့ဆီက ခွင့်ပြုချက်ရပြီဖြစ်လို့ ရန်ကုန်သို့ ချက်ချင်းပြောင်းလာခြင်းဖြစ်သည်။ ကျွန်တော်ကတော့ သူငယ်ချင်းတွေနဲ့ ခွဲရတာကို စိတ်မကောင်း ဖြစ်မိပါသည်။ အထူးသဖြင့် "မြသွေးနီ" နဲ့ပေါ့။

"မြသွေးနီ"ဆိုတာ နတ်ပြည်ပေါ်မှ ကျလာသည့် နတ်သမီးလေးတစ်ပါးပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် ဆိုချင်ပါသည်။ ဝင်းစက်နေတဲ့ အသားလေး၊ နဂိုဖြောင့်စင်းမည်းနက်နေတဲ့ ဆံပင်ထူထူလေးနဲ့ ရယ်လိုက်တိုင်းပေါ်လာတဲ့ သွားတက်လေးတွေ၊ ဘယ်ဘက်ပါးပြင်ပေါ်က ပါးချိုင့်လေးတွေဟာ ရင်ခုန်တတ်စ ကျွန်တော့်နှလုံးသားကို ထိန်းမနိုင် သိမ်းမရစွာ လှုပ်ရှားစေခဲ့ပါတယ်။





"မြသွေးနီ"နဲ့ ကျွန်တော် (၉)တန်းနှစ်ကတည်းက ခင်မင်ခဲ့ကြပါသည်။ သူက ကျွန်တော့်ကို စိတ်ဝင်စားတာ ကျွန်တော် သိသလို ကျွန်တော်က သူ့ကိုစိတ်ဝင်စားတာလည်း သူသိပါတယ်။ သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်တွေနဲ့ ရစ်ပတ်ဖွဲ့နှောင်ထားကြပြီး တစ်နေ့နေ့မှာ ချစ်သူတွေဖြစ်ကြဖို့လည်း နှစ်ဦးလုံးရဲ့ ရင်တွင်းမှာ ဆန္ဒကိုယ်စီ ရှိခဲ့ကြပါသည်။

မမျှော်လင့်ဘဲ ကျွန်တော် ပြောင်းတော့မယ်ဆိုတော့ "မြသွေးနီ"ငိုသည်။ ကျွန်တော့်လည်း စိတ်မကောင်းဖြစ်ရသည်။ လက်ဆောင်ပစ္စည်းလေးတွေ အပြန်အလှန်လဲရင်း သူ့ကို ကျွန်တော် ဖွင့်ပြောဖို့ ကြိုးစားခဲ့ပါသေးသည်။ သို့သော် ကျွန်တော့်ပါးစပ်မှ ထွက်အန်ကျမလာခဲ့ပါ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်သည့်နေ့တွင် ကျွန်တော့်ကိုလိုလားသည့်၊ နှစ်လိုသည့် မျက်ဝန်းပေါင်းများစွာကို ကျွန်တော်ရင်ဆိုင်ခဲ့ရပါသည်။ တစ်ယောက်ပဲ ဂျစ်တစ်တစ်၊ မှုန်တေတေရုပ်လေးနဲ့ ဘောဆံပင်သားတွေကို မျက်လုံးပေါ်မအုပ်အောင် သိုးမွေးကွင်းလေးနှင့် ခပ်တောင်တောင် ချည်ထားသော အစွန်ဆုံးခြမ်းတတိယတန်းတွင် ထိုင်နေသော ပြတင်းပေါက်ဘက်ကို အမိပ္ပာယ်





မရှိ ငေးကြည့်နေသော ကောင်မလေးတစ်ယောက်သာ သူ့ကိုနှစ်လိုပုံမပြပေ။

"အိမ့်သက်ပိုင်"ဟု ခေါ်သော အလွန်စာတော်ပြီး မာနကြီးသော ကောင်မလေးသည် ကျွန်တော်၏ ကျောင်းတက်ရက်များကို မငြိမ်းချမ်းစေခဲ့ပါ။ စာဆိုလျှင် သူများထက်အသံကျယ်သော၊ သချာတွက်နိုင်းလျှင် သူများထက်ဦးအောင် ချော်လဲမတတ်အပြေးလေး အရင်ပြတတ်သော၊ ဆရာ ဆရာမများက သူမတော်ကြောင်း ချီးမွမ်းလျှင် ခပ်မော့မော့လေး ပြုံးတတ်သော သူမကို ကျွန်တော် နည်းနည်းတော့ ကြည့်လို့မရပါ။

ထူးဆန်းစွာပင် သူမ၏အပြုအမူတိုင်းက ကျွန်တော့်ကို သတိထားမိစေခဲ့သည်။ သူမ၏အရောင်တလက်လက်ဖြင့် တောက်ပနေသော မျက်လုံးလေးတွေက ဆွဲဆောင်မှုရှိသည်။ သူမ၏ယောကျ်ားဆန်ဆန် မျက်ခုံးလေးတွေက သူမရဲ့မျက်နှာနှင့်လိုက်ဖက်ပြီး စူပြီးချွန်နေသော နှုတ်ခမ်းတွေက ကျွန်တော့်ကိုတွေ့ရင် ပိုထော်သွားတတ်တာ ရယ်စရာတော့ အကောင်းသားပင်။

မမျော်လင့်ဘဲ ဒုတိယလပတ်စာမေးပွဲတွင် ကျွန်တော် သူ့ကို အနိုင်ရလိုက်ပါသည်။ သူ့ကိုအနိုင်ရမည့်အကွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်မှတ်မထားဘဲ ရရှိလိုက်သည်။ ကလေးဆန်စွာ ကျွန်တော့်မကောင်းကြောင်း ပြောနေတဲ့ သူမစကားတွေကို ကျွန်တော် ကြားရာက သူမကို စိတ်အနှောင့်အယှက်ဖြစ်အောင် ကလိလိုစိတ်တွေက ကျွန်တော့်မှာ တဖွားဖွား ပေါ်လာပါတော့သည်။

သူမ ကော်ဖီငှဲ့ပေးတဲ့ ဆယ်ရက်တာအတွင်း ကျွန်တော့်စိတ်ထဲ သူမနှင့် အလွန်ရင်းနှီးသည်ဟု ခံစားရပါသည်။ သူမရဲ့နှုတ်ခမ်းထော်ထော်လေးတွေ၊ မကော့ဘဲ ရှည်ရှည်စင်းစင်း မျက်တောင်လေးတွေနဲ့ နှုတ်ခမ်းမွှေးရေးရေးလေးတွေဟာ ကျွန်တော့် အိမ်မက်ထဲအထိ ပါဝင်လာခဲ့သည်။

ကျွန်တော် သူမကို စိတ်ဝင်စားနေပြီလား၊ ဒါဆို "မြသွေးနီ"ကရော။ ကျွန်တော့်အတွေးတွေ ချာချာလည်နေခဲ့ပါသည်။ "မြသွေးနီ"နဲ့ ဖုန်းအပြောမပျက်သလို "အိမ့်သက်ပိုင်"ရဲ့ အမူအရာလေးတွေကိုလည်း ကျွန်တော် မျက်ခြည်မပြတ်ခဲ့ပါ။ သူမကို မခံချင်အောင် တစ်မျိုးပြီးတစ်မျိုး စ,နေရတာကို ကျွန်တော် ခုံမင်နှစ်ခြိုက်မိသည်။

♥○♥





စုံညီပွဲတော် တဖြည်းဖြည်း နီးလာတာမို့ ကျောင်းသား ကျောင်းသူ အားလုံး ဂနာမငြိမ်ကြ၊ ဆရာမတွေ ကြီးမှူးပြီး မုန့်စားကတ်တွေရောင်းဖို့ ဝယ်ဖို့တွေ၊ ကျောင်းကပွဲမှာ ပါဖို့ မပါဖို့တွေနဲ့ ပဇ္ဇည်းလဲမည့်ကိစ္စတွေကို ဆရာမတွေလစ်ရင် လစ်သလို တီးတိုးပြောဆိုနေကြသည်။

အကြံသမား ကျွန်တော်၏ အတွေးထဲတွင် အရောင်တစ်ချက် လက်သွားသည်။ ဟုတ်သည်။ အိမ့်သက်ပိုင်နှင့် ပဇ္ဇည်း



www.burmeseclassic.com

www.burmeseclassic.com



လဲရမည်။ မဲနှိုက်ရမည်ဆိုသော်လည်း အားလုံးက ကျွန်တော့်လူတွေပင် လုပ်စား၍ရသည်။ အင်း ... ဘာပစ္စည်းပေးရင် ကောင်းမလဲ။

ထိုအခိုက် ခပ်ညစ်ညစ် အတွေးတစ်ခု ခေါင်းထဲဝင်လာသည်။ အိမ့်သက်ပိုင်က ဖားကြောက်တတ်သည်။ ဤအချက်ကို ကျွန်တော် တစ်နေ့ ကျောင်းအပြန်မှာ ကျွန်တော့်အရှေ့မှ အိမ့်သက်ပိုင်နှင့် သူ့သူငယ်ချင်းတွေ ပြောသွားသော စကားများထဲမှ သိလိုက်ရခြင်းဖြစ်သည်။

"ငါက ဘယ်သူ့မှ ကြောက်တာ မဟုတ်ဘူး၊ မြွေတောင် ငါ မကြောက်ဘူး၊ ငါကြောက်တာက 'ဖား'ပဲ"

"ဟာ ... နင်ကလည်း၊ ဖားက ဘာကြောက်စရာကောင်းလို့လဲ"

"ဖားက ရွံစရာကြီး၊ အရေခွံကြီးကလည်း ဘယ်လိုကြီးလဲမသိဘူး။ မျက်လုံးကလည်း ပြူးနေတာပဲ၊ ပြောရင်းနဲ့ အော်ဂလီတောင် ဆန်လာပြီ"

ဟုတ်ပြီ၊ ဖားတစ်ကောင် အသည်းအသန်ရှာပြီး ကျနစွာ ထုပ်ပိုးထားရမည်။ လက်ဆောင်ပစ္စည်းတစ်ခု ထုပ်ထား





တဲ့ ပါကင်ကတစ်ခု၊ အိမ့်သက်ပိုင်အတွက် ပါကင်ကတစ်ခု၊ နှစ်ခုပေါ့၊ ရိုးရိုးလက်ဆောင်ပစ္စည်းကိုတော့ အခြားသူများတွေရဲ့လက်ဆောင်ပစ္စည်းတွေလို အမှတ်စဉ်အတပ်ခံမည်။ ဒီတစ်ခုကိုတော့ ဘာမှ အမှတ်စဉ်တပ်မထား။ အိမ့်သက်ပိုင် မဲနှိုက်၍ ကျသည့် ဂဏန်းကို မော်နီတာအား ထိုပါကင်ပေါ်မှာ soft pen နှင့်ကောက်ရေးခိုင်းလိုက်မည်။ ပြီးမှ ဂဏန်းရေးတာ ထပ်သွားတယ်ပေါ့၊ ကောင်းလိုက်တဲ့အကြံ။

အခန်းထဲမှ မော်နီတာ ကျော်ဇောလင်းကို ယခုရက်ပိုင်းအတွင်း အပီအပြင်ကို ပေါင်းထားလိုက်သည်။ နောက်ဆုံးတော့လည်း ကူညီပါမည်ဟု ပြောလာခဲ့သည်။ "ဖားတစ်ကောင်" ဖြစ်သည်ဆိုသော အချက်ကိုတော့ ကျွန်တော် လုံးဝပါးစပ်မဟခဲ့ပါ။

ဤသို့ဖြင့် စုံညီပွဲတော်ရောက်ဖို့ ရက်အနည်းငယ်သာ လိုတော့သလို ကျွန်တော့်မျက်နှာသည်လည်း အိမ့်သက်ပိုင်ကို လုပ်ကြံနိုင်တော့မည်ဟူသော အတွေးစဖြင့် ပြုံးနေပါသည်။ အိမ့်သက်ပိုင်ကတော့ သိမည်မထင်ပါ။ ကျွန်တော့်လက်က လွတ်သွားပြီဟု ထင်ကောင်းထင်နေပါလိမ့်မည်။ ကျွန်တော့်လက်မှ သူမ မလွတ်နိုင်ပါ။ ပွဲက အခုမှ စတင်ခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ကျောင်းသားကျောင်းသူ (၅၇)ယောက်ရှိသည်၊ ပစ္စည်းကတော့ (၅၈)ခုပေါ့။ အတန်းပိုင်ဆရာမက မော်နီတာကျော်ဇောလင်းကို ဘေးနားခေါ်ထားပြီး ရိုးနံပါတ်အလိုက်တစ်ယောက်ချင်းစီ မဲနှိုက်စေသည်။

Roll နံပါတ်တစ်ကတော့ ကျွန်တော့်ရဲ့အချစ်တော်ကြီး အိမ့်သက်ပိုင်ပေါ့။ ခေါင်ကိုမော့၍ ဆတ်တောက် ဆတ်တောက်လျှောက်ကာ မဲနှိုက်ရန်သွားနေသော သူမကို ကျွန်တော် ရယ်ချင်မိသည်။

သူမက ဆရာမကိုင်ထားသော ဖလားထဲမှ မဲလိပ်တစ်လိပ်ကို ယူလိုက်သည်။ ကျွန်တော်က ကျော်ဇောလင်းကို မျက်စပစ်ပြလိုက်သည်။ ကျော်ဇောလင်း လက်ထဲတွင် ဆော့ပင်က အဆင်သင့်။

"နံပါတ်(၁၂)တဲ့"

ဆရာမအသံ ကြားကြားချင်း ကျော်ဇောလင်းက အပေါ်တွင်တင်ထားသော ပါကင်ပေါ်ကို "၁၂"ဟု ရေးကာ အလျင်အမြန် အိမ့်သက်ပိုင်လက်ထဲ ထည့်ပေးလိုက်သည်။





အိမ့်သက်ပိုင်က ပါကင်ကိုယူပြီး နေရာတွင် သွားပြန်ထိုင်သည်။

ကျွန်တော့်စိတ်ထဲတွင်မတော့ အိမ့်သက်ပိုင်ကို အထုပ်မြန်မြန်ဖွင့်ကြည့်စေချင်သည်။ အင်း ... အိမ်ရောက်မှဖွင့်လည်းကောင်းတာပဲ၊ တိုင်ချင်တယ်ဆိုရင်တောင် ဘယ်သူ့ကိုသွားတိုင်ရမှာလဲ။ အိမ့်သက်ပိုင်ဘက်သို့ မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။ ပါကင်ကို သူမစားပွဲပေါ် တင်ထားသည်။ လုံးဝမဖွင့်သေးပါ။

နံပါတ်စဉ်အားလုံး ခေါ်သွားပြီးတဲ့အခါ ပါကင်နံပါတ်(၁၂)ဟာ ထီးထီးကြီး ကျန်ခဲ့ပါတော့တယ်။

"ဟဲ့ ... ဒီနံပါတ်(၁၂)က ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူမလာဘူးလဲ၊ (၅၇)ယောက်စလုံး လာတယ်မဟုတ်လား"

ဆရာမရဲ့အံ့သြဟန်ပြောသော စကားကြောင့် ကျွန်တော် နည်းနည်းတွန့်သွားသည်။

"ခုနက နံပါတ်(၁၂)နှိုက်တာ ဘယ်သူလဲ"

ဆရာမမေးသံအဆုံးတွင် အိမ့်သက်ပိုင်က ထိုင်နေရာက ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးပါ ဆရာမ"

"ဒါ ဘယ်လိုဖြစ်တာလဲ"

ဆရာမက မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

"ဩော် ... ဆရာမ၊ တစ်ယောက်ယောက်က ပစ္စည်းနှစ်ခု ပေးတာဖြစ်မယ်"

ကျော်ဇောလင်းက ဝင်ရောက်၍ သူ့ဘက်မြားဦး မလှည့်အောင် ပြောလိုက်သည်။

"အေး ... ဒါဆိုလည်း အိမ့်သက်ပိုင် ဒီပါကင်ပါ ယူထားလိုက်"

မမျှော်လင့်ထားဘဲ အိမ့်သက်ပိုင်က နေရာမှထကာ ပထမပါကင်ကိုပါယူကာ ဆရာမဆီသို့ သွားလေသည်။ ကျွန်တော် အသက်ရှူရန်ပင် မေ့နေတော့သည်။ သူမ ဘာလုပ်ဦးမည်လဲ။

"တီချယ် ... သမီး ဒီပါကင်တွေကို မသက်ဘူး၊ ဒီလိုဖြစ်စရာ အကြောင်းကိုမရှိဘူး။ ဘယ်သူမှလဲ ပစ္စည်းနှစ်ခုပေးချင်တယ်ဆိုရင်တောင် နှစ်ခုခွဲပြီးထုပ်မှာ မဟုတ်ဘူး"

"ဩော် ... အေး၊ ဒါလည်း ဟုတ်သားပဲ"





"သမီးကို ကြည့်မရတဲ့ လူတစ်ယောက်က လုပ်ကြံတာပဲ ဖြစ်မယ်။ ဖွင့်ကြည့်မယ်။ တီချယ့်ရှေ့မှာပဲ ဖွင့်ကြည့်ရအောင်"

ဆရာမအဖြေကို မစောင့်ဘဲ အိမ့်သက်ပိုင်က ဖားထည့်ထားတဲ့ ပါကင်ကို ဖွင့်လိုက်လျှင်ပဲ အပိတ်အဆို့ခံထားရရှာတဲ့ ဖားပျံကလေးက လွတ်မြောက်ပြီအသိနဲ့ ခုန်လိုက်ရာ အတန်းပိုင်ဆရာမရဲ့ရင်ဘတ်ပေါ် ရောက်သွားတဲ့အခါ ဆရာမနဲ့ အိမ့်သက်ပိုင်တို့အော်သံတွေက တစ်ခန်းလုံး ဆူညံသွားပါသည်။

ဆတ်ခနဲ အိမ့်သက်ပိုင်ရဲ့ဒေါသဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံဟာ ကျွန်တော့်အပေါ် ကျရောက်လာပါတော့တယ်။ ဆရာမကလည်း တရှူးရှူး တရှဲရှဲ ဒေါသတွေထွက်နေပါသည်။ တခြားကျောင်းသား၊ ကျောင်းသူတွေကတော့ ပြုံးစိစိနဲ့ ဘာဆက်ဖြစ်မလဲဆိုတာ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

"နင်ပဲမဟုတ်လား ဖွဲ့သူရိယထက်၊ နင် ဘာလို့ ဒီလိုလုပ်တာလဲ"

အာခေါင်ခြစ်၍ အော်လိုက်သော သူမအသံပြကြောင့် အားလုံးက ကျွန်တော့်ကိုပြုံးပြီး ကြည့်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... သူရိယ၊ ထစမ်း၊ ဒါ ဘယ်လိုဖြစ်တာလဲ၊ ပျော်ပွဲ ရွှင်ပွဲ လုပ်တဲ့အချိန်မှာ ဘာဖြစ်လို့ ဒီလိုမျိုး လုပ်ရတာလဲ"

ကျွန်တော် လေးကန်စွာနဲ့ မတ်တတ်ထရပ်လိုက်သည်။ ဒီတစ်ခါတော့ သူမက အသာစီးရရှိသွားပြီပေါ့။

"ငါမေးနေတယ်လေ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ"

"ကျွန်တော် သူ ဖားကြောက်တတ်မှန်းသိလို့ စ,ချင်လို့ပါ"

သူ့စကားကြောင့် အားလုံးက ပြုံးစိစိဖြစ်သွားကြသည်။

"တောင်းပန်လိုက်စမ်း၊ စ,တယ်ဆိုတာ အတိုင်းအတာတစ်ခုလောက်ပဲ ကောင်းတယ်၊ အခု တောင်းပန်လိုက်"

"တောင်းပန်ပါတယ် အိမ့်သက်ပိုင်"

"ဒီအတိုင်း ကျေရောလား၊ အပေးအယူတစ်ခုတော့ လုပ်ရမှာပေါ့၊ ဆရာမကြီးနဲ့မတိုင်စေချင်ရင်လေ"

ကျွန်တော့်လေယူလေသိမ်းအတိုင်း သူမက ပြောလေသည်။





ကျွန်မ‌ အလျင်အမြန်ကို စဉ်းစားလိုက်ပါသည်။ သူ့ကို ဘာတောင်းဆိုရမလဲ ? ။ ရုတ်တရက် သူ့ရဲ့ဘယ်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ပလက်တီနမ် လက်စွပ်လေးကိုတွေ့လိုက်ရသည်။ ဤလက်စွပ်ကို သူ တော်တော်မြတ်နိုးပုံပေါ်၏။ အားနေရင် ထိုလက်စွပ်လေး ဝတ်ထားသောလက်ကိုထောင်ကြည့်လိုက်၊ စားပွဲခုံပေါ်တွင် လက်ကိုဖြန့်တင်ထားပြီးကြည့်လိုက်နှင့် ထိုလက်စွပ်ကို ဝတ်ထားရတာကို တော်တော်ပီတိဖြစ်နေပုံရသည်။

"နင့်လက်သူကြွယ်မှာ ဝတ်ထားတဲ့ လက်စွပ်ကို ငါ့ကိုပေးပါ"

မမျှော်လင့်တဲ့ ကျွန်မရဲ့တောင်းဆိုမှုကြောင့် သူတော်တော်အခံရခက်သွားပုံရ၏။

"လက်စွပ်လိုချင်ရင် ဝယ်ပေးမယ်လေ၊ ဒီလက်စွပ်တော့ မရဘူး"

"တီချယ်"

ဆရာမကို စစ်ကူခေါ်သော မျက်နှာပေးနှင့် သူမက ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင်တို့နှစ်ယောက် အဆင်ပြေအောင်ညှိကြ၊ ငါ့မှာ လုပ်စရာတွေက အများကြီးပဲ၊ သူရိယ ... မမသန္တာတူဆိုပြီးတော့ ညာမှာမဟုတ်ဘူးနော်၊ သူ့ စိတ်ကျေနပ်အောင် လုပ်ပေးလိုက်"

ပြောပြီး ဆရာမက ရုံးခန်းဘက် ကိစ္စရှိ၍ ထွက်သွားပါသည်။

သူလက်စွပ်ကို မချွတ်ချင် ချွတ်ချင်ဖြင့် ချွတ်ကာ ကျွန်မကို လှမ်းပေးလိုက်သည်။

"အခု ဒီလက်စွပ်က ငါ့လက်စွပ် ဖြစ်သွားပြီပေါ့နော်၊ ငါ့အပိုင်ဆို ငါဘာလုပ်လုပ်ပေါ့နော်"

ပြောပြီးတာနဲ့ အိမ့်သက်ပိုင်သည် လက်စွပ်ကို ပြတင်းပေါက်မှ အောက်သို့ပစ်ချလိုက်ပါသည်။

"ဟာ ... နင် ဒါဘာလုပ်တာလဲ၊ ရင့်လှချည်လား၊ ဒီလက်စွပ်က ငါ့အတွက် အရမ်းတန်ဖိုးကြီးတယ်၊ မင်းမိန်းကလေးမို့နော်၊ ယောကျ်ားလေးဆို ငါ ဆွဲထိုးမိလောက်ပြီ"

"နေ ... နေ ... သူရိယ၊ ငါတို့ သွားကောက်ပေးမယ်"





မင်းစစ်နောင်နှင့် ဗညားသူတို့က အောက်ထပ်သို့ ဝရန်းသုန်းကား ပြေးဆင်းသွားကြသည်။ အိမ့်သက်ပိုင်နှင့် သူရိယတို့ကတော့ အကြည့်ချင်း ပြိုင်နေဆဲ။

"နင်က သိပ်မုန်းစရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ၊ အဲဒီလက်စွပ်က ငါ့ချစ်သူက မွေးနေ့လက်ဆောင်ပေးထားတာ၊ ပြန်မတွေ့ရင် မင်း နာပြီသာမှတ်"

"နင့်အပြစ်နဲ့ နင်ပဲလေ၊ နင် ငါ့နဲ့ကင်းကင်းရှင်းရှင်းနေပါလား၊ ဒီပြဿနာက နင် အရင်ရှာတာ၊ လက်စွပ်ပြန်မတွေ့ရင် နင် ငါ့ကိုဘာလုပ်မှာလဲ၊ သေတောင်မကြောက်ဘူး"

ကက်ကက်လန်အောင် ပြန်ရန်တွေ့သော အိမ့်သက်ပိုင်ကို ကျွန်တော် ပထမအကြိမ်စ၍ မုန်းမိပါသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

အမုန်းယောင်ဆောင်လာတဲ့
သံယောဇဉ်အမျှင်သေးသေးလေးက
သူတို့နှစ်ယောက်ကြားမှာ ရှင်သန်လာပြီး
တစ်ခါတလေ မြေသြဇာမမှန်လို့
သေမလို အကြိမ်ကြိမ် ဖြစ်ခဲ့ရပါတယ် ...။

♥○♥





စာမေးပွဲကြီးဖြေဆိုရမည့်ရက်တို့ တဖြည်းဖြည်းနီးကပ်လာသည်။ ဒီကြားထဲမှာ ကျောင်းတစ်လပိတ်ထားတော့ ကျွန်မနဲ့ သူရိယတို့ ထပ်မဆုံဖြစ်ပါ။ စာမေးပွဲအတွက် အကြိတ်အနယ် ကြိုးစားရချိန်တွင် သူ့အကြောင်း ခေါင်းထဲမရောက်မိပေမယ့် စာကျက်ရင်း မှေးခနဲ အိပ်ပျော်သွားလျှင်တော့ အိပ်မက်ထဲတွင် သူ ရောက်လာခဲ့သည်။ အိပ်မက်ထဲတွင်လည်း ကျွန်မတို့ ရန်ဖြစ်နေကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိပိုင်ရေ ... အိမ်ရှေ့မှာ ဘယ်သူရောက်နေလဲ ထွက်ကြည့်ပါဦး"

မေမေ့ရဲ့အိမ်ရှေ့မှ ခေါ်သံကြောင့် တွက်လက်စ Chemistry ပုစ္ဆာတွေကို အသာထားကာ အိပ်ခန်းထဲမှ အပြင်သို့ ထွက်လာခဲ့သည်။

"ဟယ် ... မမမြတ်နဲ့ ကိုကိုထက်"

ဝမ်းသာအားရနှင့် ကျွန်မ မမမြတ်ရဲ့လက်ကို လှမ်းဆွဲလိုက်သည်။ မမမြတ်တို့က ကျွန်မတို့အိမ်ရှေ့တွင် နေထိုင်ခဲ့ဖူးသော အလွန်ခင်မင်ရသော အိမ်နီးချင်းများ ဖြစ်ကြပါသည်။ ကျွန်မ ရှစ်တန်းနှစ်က မမမြတ်တို့ မြို့ထဲကို ပြောင်းသွားကြသည်။ မောင်နှမသားချင်းနည်းသောကျွန်မ မမမြတ်တို့ကို မောင်နှမအရင်းလိုခင်သော ကျွန်မ အရမ်းခံစားခဲ့ရပါသည်။

အဲဒီတုန်းက မောင်လေးဇော်သက်ပိုင်က (၄)တန်းသာ ရှိသေးသည်။ မမမြတ်က ကျွန်မထက် နှစ်နှစ်ကြီးပြီး ကိုကိုထက်က ကျွန်မထက် လေးနှစ်ကြီးသည်။

"မမမြတ်တို့များ သိပ်နေနိုင်တာပဲ၊ ဖုန်းလေးဘာလေး တောင် မဆက်ဘူး၊ မိပိုင့်တို့ကို မေ့သွားပြီ မဟုတ်လား"





နှုတ်ခမ်းစူပြီးပြောသော ကျွန်မကို မမမြတ်က ခေါင်းကို အသာပုတ်လိုက်ကာ ...

"သတိရလို့ လာလည်တာပေါ့၊ ပြောပါဦး၊ စာတွေရော ဘယ်လိုလဲ ရပြီလား"

"အဆင်ပြေပါတယ်"

"ကိုထက် ကြည့်စမ်း၊ မိပိုင်က ပိုတောင်လှလာတယ်နော်၊ ရည်းစားတွေ ဘာတွေ ရှိနေပြီလား ကောင်မလေး"

မမမြတ်က ကိုကိုထက်ကို လှမ်းပြောရင်း ကျွန်မကို မေးလိုက်သည်။

"အဲဒါတွေ စိတ်မဝင်စားပါဘူး၊ မမမြတ် သိရဲ့သားနဲ့များ လေကုန်ခံပြီး မေးနေသေးတယ်"

ကျွန်မအပြောကို မမမြတ်နဲ့ ကိုကိုထက် သဘောကျစွာ ရယ်နေကြသည်။ ဒီစွာတေးလန်မကို ဘယ်သူကများ စိတ်ရှည်လက်ရှည်လိုက်ပြီး ရည်းစားစကားပြောမှာလဲ။

"ဒါနဲ့ မြတ်မြတ်က အခု ဘယ်အတန်းရောက်နေပြီလဲ"

မေမေက လက်ဖက်သုပ်နှင့် ရေနွေးကြမ်းလာချပေးရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက G.T.C ဒုတိယနှစ် ရောက်ပြီလေ၊ ကိုထက်ကတော့ ကျောင်းပြီးသွားပြီ"

"ကိုထက်က ပိုတောင်ချောလာပါလား"

မေမေ့စကားကြောင့် ကျွန်မ ကိုထက်ကို လှမ်းကြည့်မိသည်။ အသားညိုညို၊ အရပ်ရှည်ရှည်နှင့် ခန့်ညားသော ကိုကိုထက်သည် အရင်ကထက် ပိုချောမွေ့နေသည်ကတော့ အမှန်ပင်။

"ကိုထက်က အခု ဖေဖေ့ကုမ္ပဏီမှာပဲ ဝင်လုပ်နေတယ်လေ"

"ဩော် ... ကောင်းတာပေါ့၊ ကိုယ့်အဖေလုပ်ငန်းထဲ ပြန်ဝင်လာတာ ကောင်းတာပေါ့၊ စားကြဦးလေ၊ မြတ်မြတ်တို့လည်း ကြီးကြီးလက်ရာ မစားရတာ ကြာပြီမဟုတ်လား"

"စားမယ်၊ စားမယ် ကြီးကြီးရေ၊ လက်ဖက်သုပ်ဆိုရင် ကြီးကြီးသုပ်တဲ့ လက်ဖက်သုပ်လောက် ဘယ်သူသုပ်တာမှ မကောင်းဘူး"

"ယဉ်ယဉ်ရော နေကောင်းတယ် မဟုတ်လား၊ ကြီးကြီးက သတိရတယ်လို့ ပြောပေးပါဦး"

"မေမေက ဒေါင်ဒေါင်ကိုမြည်လို့ ကြီးကြီးရေ၊ ဩော် ...





အခုမှ သတိရတယ်၊ မေမေက ကြီးကြီးကို ပေးခိုင်းလိုက်တာ"

မမြတ်ကထ၍ အိမ်ရှေ့မှာ ရပ်ထားသော insight အနက်ရောင်ကားလေးဆီသို့ ပြေးထွက်သွားသည်။

"မိပိုင် ... စာမေးပွဲဖြေပြီးရင် ဘာလုပ်မလဲ"

အခုမှ ကိုကိုထက် အသံကို စ,ကြားရသည်။

"ဘာမှမလုပ်ဘူး၊ ပင်ပန်းထားသမျှ ခဏအနားယူဦးမယ်"

"မဟုတ်ဘူးလေ၊ အနားယူတာတော့ ဟုတ်ပါပြီ၊ သင်တန်းလေး ဘာလေး တက်ပေါ့၊ ဥပမာ Speaking တို့ ကွန်ပျူတာတို့ပေါ့"

"သင်တန်းတွေက တအားဈေးကြီးတာ ကိုကိုထက်ရဲ့၊ ကျောင်းမဖွင့်သေးခင် ပိုက်ဆံရအောင် အလုပ်ပဲလုပ်မှထင်တယ်"

"ဟာ ... မဟုတ်တာပဲ၊ မိပိုင်က ငယ်ငယ်လေးပဲ ရှိသေးတာ"

ထိုအခိုက် မမြတ်က အိတ်ကလေးတစ်လုံးဆွဲ၍ ဝင်လာသည်။ ပြီးတော့ မေမေ့ကို လှမ်းပေးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဘာတွေပြောနေကြတာလဲ"

"ဒီမှာလေ ... မိပိုင်က စာမေးပွဲပြီးရင် အလုပ်လုပ်မလို့တဲ့"

"ဟာ ... ဘာလို့လုပ်ရမှာလဲ၊ သင်တန်းတွေပဲ တက်စမ်းပါ၊ ကြီးကြီး ... မိပိုင် စာမေးပွဲပြီးရင် မိပိုင်ကို သမီးတို့အိမ် ပို့ထားပါ ကြီးကြီးရယ်၊ သမီး ညီမလေးနဲ့ ခွဲနေရတာကြာလို့ လွမ်းလို့ပါ"

"မမမြတ်တို့က ပိုပြီ"

"ဟုတ်တယ် ကြီးကြီး၊ ကျွန်တော်တို့ သူ့ကိုသင်တန်းတွေတက်ခိုင်းထားမယ်၊ ကျောင်းတက်ရတော့မှ ဒီကိုပြန်ချင်ပြန်ပေါ့"

မေမေကတော့ တပြုံးပြုံးနှင့် ခေါင်းညိတ်သည်။ ကျွန်မကတော့ သိပ်လက်မခံချင်ပါ။ ဘယ်လောက်ခင်တယ်ပြောပြော သင်တန်းထားပေးတာကို လက်သင့်တော့ မခံသင့်ဘူးလို့ ကျွန်မ ထင်သည်။

"ဘာတွေစဉ်းစားနေတာလဲ မာနခဲ၊ သင်တန်းကြေးတွေကို အလုပ်ရရင် ပြန်ဆပ်လေ"





ကျွန်မနဲ့ ငယ်ငယ်လေးတည်းက ပေါင်းလာခဲ့သဖြင့် ကျွန်မ မာနကြီးကြောင်းကို မမမြတ် ကောင်းကောင်းသိပါသည်။ ထိုအခါမှ ကျွန်မ မျက်နှာပြုံးသွားပြီး ခေါင်းညိတ်လိုက်သည်။

မမမြတ်တို့ ပြန်သွားတော့ မေမေက အန်တီယဉ်ယဉ်ပေးသော အိတ်ကိုလေးကို ဖွင့်ကြည့်သည်။ အထဲမှာ အင်္ကျီပိတ်စတွေ၊ ထဘီစတွေ လေးစုံစာလောက် ရှိမည်ထင်သည်။ မေမေက ပစ္စည်းတွေကိုကြည့်ပြီး မျက်ရည်ဝဲသည်။အန်တီယဉ်ယဉ်ကို သတိရသွားသည် ထင်သည်။

"ဘာပဲပြောပြော သူတို့ပြောင်းသွားတုန်းက မေမေ တော်တော် ခံစားလိုက်ရတယ်။ ယဉ်ယဉ်က မေမေ့အပေါ်မှာ ညီအစ်မတွေထက်တောင် ကောင်းသေးတယ်"

ကျွန်မက မေမေ့စကားကို သဘောတူဟန် ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ သမီး ဂုဏ်ထူးတွေ အများကြီးပါရင် ကျောင်းထားပေးမယ်လို့ ယဉ်ယဉ် ပြောဖူးတယ်"

"အဲဒါ ဘာလုပ်ရမှာလဲ၊ သမီးတော့ သူများပေးစာကမ်းစာနဲ့ ကျောင်းမတက်ဘူးနော် မေမေ၊ အခုကတည်းက ကြိုပြောထားမယ်၊ သမီး နိုင်ငံခြားဘာသာတက္ကသိုလ်ပဲတက်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သမီးကြောင့် သူတစ်ပါးကို ဝန်မကြီးစေချင်ပါဘူး၊ ဆေးတက္ကသိုလ်တက်တာ အရမ်းပိုက်ဆံကုန်တာ”

မေမေက ကျွန်မစကားကို ဘာမှ ချေပမပြောပါ။ အစိုးရဝန်ထမ်းဖြစ်သော ဖေဖေ့လစာတစ်ခုတည်းနှင့် ကျွန်မတို့ မိသားစု မလောက်ငပါ။ ထို့ကြောင့် အိမ်ရှေ့တွင် အိမ်ဆိုင်လေး တစ်ခု မေမေ ဖွင့်ရပါသည်။ ကျွန်မတို့ မောင်နှမနည်း၍သာ တော်တော့သည်။

ကျွန်မကို ဆရာဝန်ဖြစ်စေချင်သော မေမေ့ဆန္ဒကို အကောင်အထည်ဖော်ခွင့် မပေးနိုင်သည့် အတွက်တော့ စိတ်မကောင်းပါ။ သူတစ်ပါးကို မှီခိုပြီးမှ လုပ်ရသည့်အလုပ်က ဘယ်လောက်အထိများ နိုင်မြဲမှာမို့လို့လဲ၊ ဒါကြောင့်လည်း တက္ကသိုလ်မတက်ခင်စပ်ကြား ကျွန်မ အလုပ်လုပ်ချင်စိတ် ပေါ်လာခြင်းဖြစ်သည်။ ကျွန်မ စာတော်မှန်း၊ ဂုဏ်ထူးတွေ ထွက်မယ်မှန်းသိ၍ အနီးပတ်ဝန်းကျင်မှ ကျွန်မကိုအောင်စာရင်းထွက်ပြီးတာနဲ့ ဂိုက်လုပ်ပေးဖို့ အခုကတည်းက ကမ်းလှမ်းလာကြသည်။ ဂိုက်ပြန်လုပ်လျှင်တော့ ကျွန်မ ကျောင်းစရိတ်ကာမိမည် ထင်ပါသည်။

♥○♥





စာမေးပွဲဖြေဆိုသည့် (၆)ရက်စလုံး ကျွန်မ အားရစွာ ဖြေဆိုနိုင်ခဲ့ပါသည်။ စာမေးပွဲနောက်ဆုံးနေ့တွင်တော့ မေမေ့ကို ခွင့်တောင်းကာ ကျွန်မသူငယ်ချင်းတွေနဲ့အတူ အပြင်ထွက်ခဲ့ကြပါသည်။

“ပထမဆုံး ဘုရားသွားမယ်၊ ပြီးရင် Happy world သွားမယ်၊ ရုပ်ရှင်တော့ နောက်မှကြည့်မယ်ဟာ၊ နောက်ကျသွားလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပြောလည်းပြော ခရေပင်ရိပ်မွန် အထူးကားကြီးပေါ်သို့ သူငယ်ချင်းတွေရှေ့မှ အရင်ဆုံးတက်လိုက်သည်။

ဖြစ်ချင်တော့ ကျွန်မ ရန်သူတော်ကြီး ဖွဲ့သူရိယထက်ကို သူ့သူငယ်ချင်းတွေနဲ့အတူ နောက်ဆုံးခုံတန်းမှာ ထိုင်နေတာတွေ့လိုက်ရသည်။ ကျွန်မက ချက်ချင်းပြန်ဆင်းမည် အပြုတွင်ကားက စတင်ထွက်ခွာပါတော့သည်။ လွတ်နေသော သုံးယောက်တွဲခုံတွင် ကျွန်မတို့ သူငယ်ချင်းသုံးယောက် ဝင်ထိုင်လိုက်ကြသည်။

"စိတ်ပျက်စရာဟာ၊ ဟိုကျက်သရေတုံးကောင် ကားပေါ်မှာ ပါလာတယ်၊ သူ့မှာ ကားရှိတာပဲ၊ သူ့ကားနဲ့သူ သွားပါလား"

ကျွန်မက မကျေမနပ်ဖြင့် ပွစိစိပြောလိုက်သည်။

"နင်ကလည်းဟာ၊ သူလည်း စီးချင်စီးမှာပေါ့၊ နင်နဲ့ဘာဆိုင်လို့လဲ၊ စာမေးပွဲလည်းပြီးပြီ၊ နင်တို့ ရန်ဖြစ်ချင်လို့တောင် ဖြစ်ရတော့မှာ မဟုတ်ဘူး။ ဒီနေ့ နောက်ဆုံးတွေ့တယ် မှတ်ပါ"

"အေးပေါ့ ... ဒီလိုပဲ မှတ်ရတော့မှာပေါ့"





"ဌါ မေးဦးမယ်၊ သူရိယက ဒီလောက်ချောတာ၊ နင်ဘာလို့ သူနဲ့ရန်ဖြစ်ပြီး သူ့ကို မုန်းရတာလဲ"

(စီ)ခန်းက ကျွန်မသူငယ်ချင်း စုစုသွယ်က နားမလည်ဟန်ဖြင့် မေးသည်။

"ပြောရရင် တစ်ထောင့်တစ်ည ပုံပြင်ထက်တောင် ရှည်ဦးမယ်၊ တော်ပြီဟာ သူ့အကြောင်း မပြောနဲ့တော့၊ အချိန်တွေက အရမ်းတန်ဖိုးရှိတယ်"

ကျွန်မတို့သုံးယောက် စကားတွေ တစ်ယောက်တစ်ပေါက်၊ တောင်စဉ်ရေမရပြောကာ တဝါးဝါးနှင့် ရယ်လာကြသည်။ ကျွန်မတို့လိုပင် စာမေးပွဲပြီး လျှောက်သွားမည့်သူများ ကားပေါ်တွင် ပါလာကြသည်။ ကိုယ့်အဖွဲ့နဲ့ကိုယ် ရယ်ရယ်မောမောနှင့် စီးနင်းလိုက်ပါလာကြသည်။

ကျွန်မက လွတ်လွတ်လပ်လပ် စပို့ရှပ်လက်စကလေးနှင့် ဂျင်းစကတ်အတိုလေးကို ဝတ်ဆင်ထားသည်။ အမြဲတမ်းဘေးဆံပင်ကို ထောင်ထောင်လေး စီးထားတာကို ဒီနေ့မစီးဘဲ သူ့ဆံပင်သားအတိုင်း ချထားခဲ့သည်။ သူငယ်ချင်းတွေကတော့ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သိပ်လှနေသည်တဲ့လေ။ ယုံစရာလား စာတွေကြည့်ပြီး အနားမယူရသေးလို့ မျက်တွင်းတွေ ချိုင့်နေတာ ကိုယ့်ကိုယ်ကိုယ် သိနေတာပဲ။

"ဟဲ့ ... ဟိုကောင်တွေ အခုထက်ထိ မဆင်းသေးပါလား"

"အေး ... ဟုတ်တယ်၊ မဆင်းသေးဘူး၊ သူတို့ဘယ်သွားမှာလဲ မသိဘူး"

"ရွှေ့မှတ်တိုင် ဗဟန်း(၃)လမ်းမှာ ငါတို့ ဆင်းကြမှာလေ။ ကြို့ပြီးထွက်သွားတော့"

ကျွန်မ ဆော်ဩသံကြောင့် သူတို့နှစ်ယောက် လှုပ်လှုပ်ရွရွ ဖြစ်သွားကာ ကားတံခါးပေါက်နားသို့ သွက်သွက်လေး သွားရပ်ကြသည်။ ဘုရားမှာဆင်းမယ့်သူတွေက အများကြီးပင်။

ရုတ်တရက် ကားကဘရိတ်ဆောင့်အအုပ်တွင် ကျွန်မက နောက်သို့လန်သွားကာ တစ်စုံတစ်ယောက်က ပခုံးကို လှမ်းထိန်းလိုက်ခြင်းကို ခံလိုက်ရသည်။ နောက်သို့လှည့်အကြည့်တွင် ကမ္ဘာရန်ဖြစ်သော သူ့ကိုတွေ့လိုက်ရသည်။ ကျေးဇူးစကားမဆိုဘဲ မျက်စောင်းတစ်ချက်ထိုး၍ ပြန်လှည့်လိုက်သည်။





ကားမှတ်တိုင်အရပ်တွင် ကျွန်မတို့သွက်သွက်လေး ဆင်းလာခဲ့သည်။ ကားမှတ်တိုင်မှ ဘုရားအရှေ့ဘက်မုခ်သို့သွားရာ လမ်းတစ်လျှောက် သူတို့သုံးယောက်က အနောက်က ပါလာသည်။ ဘာတွေကို သဘောကျသည်မသိ။ တဟီးဟီး၊ တဟားဟားနှင့်ပင် အမြင်ကတ်စရာ တော်တော်ကောင်းသည်။ သူရိယဆိုသည့် အကောင်စုတ်သာမက ဟိုကပ်ဖားနှစ်ကောင်ကိုပါ လုံးဝကြည့်မရပါ။

ဘုရားစောင်းတန်းတစ်လျှောက် တက်လာစဉ်တွင် သူတို့ထဲမှ မင်းစစ်နောင်၏အသံကို ဦးစွာကြားလိုက်ရသည်။

"ပိုက်ဆံပေးစရာမလိုဘဲ guide နဲ့သွားနေရသလိုမျိုးပဲ"

"မင်းစစ် ပြောတာ မှန်တယ်၊ ငါတို့က ရန်ကုန်မှာနေတယ်ဆိုပေမယ့် ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းကလွဲပြီး သူများတွေလို ဟိုဟိုဒီဒီ သွားဖူးတာ မဟုတ်ဘူး။ အခုတော့ အတော်ပဲ၊ အနောက်ကနေ လိုက်ရုံပဲ"

ဗညားရဲ့ထပ်ဆင့်စကားကြောင့် နီလာဆွေနဲ့ ကျွန်မ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ သူတို့တွေ ကျွန်မတို့ကို စောင်းပြောမှန်းလည်း သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကြီးထဲမှာ မိန်းမတွေက ဦးဆောင်ပြီး ယောကျ်ား တွေက နောက်လိုက်ဖြစ်နေကြရတာ တကယ်တော့မဆန်း ပါဘူး။ တကယ်တော့ ယောကျ်ားတွေက မိန်းမတွေလောက် မှ ဗဟုသုတ၊ ဉာဏ်စွမ်းဉာဏ်စ အရည်အချင်းမှ မရှိကြ တာ"

ကျွန်မက အသံကျယ်ကျယ်နှင့် သူငယ်ချင်းနှစ် ယောက်ကို ပြောနေသလိုမျိုး ပြောလိုက်သည်။ ထိုအခိုက်တွင် သူရိယအသံကို ကျွန်မ ကြားလိုက်ရသည်။

"မင်းတို့ကြားဖူးလား၊ လမ်းမသိရင် ဘာနောက်လိုက်ဆို တာ လူတွေက အဲဒီသတ္တဝါထက် ဉာဏ်ရည်ပိုမြင့်လို့ သူ့ကို ရှေ့ကနေခိုင်းတာ၊ အန္တရာယ်တွေ့ရင် သူအရင်ခံ ရအောင်လေ၊ သူကတော့ စိတ်ကြီးတွေဝင်လို့ ရယ်စရာပဲ"

သူ့စကားက ကျွန်မကို ဘယ်လိုမှ ဆက်ဟန်မ ဆောင်နိုင်လောက်အောင်ပင် ဒေါသဖြစ်စေသည်။ ကျွန်မ သူတို့ ဘက်သို့ မျက်နှာချင်းဆိုင်လိုက်ကာ ...

"နင် ဘာစကားပြောတာလဲ၊ ရိုင်းလှချည်လား၊ တောက တက်လာတဲ့ ကောင်ကများ"





"ဟ ... ဘလိုင်းကြီးပါလား၊ ဒီမှာ ဒါကျောင်းမဟုတ်ဘူး နော်၊ ကြောက်စရာလူလည်း မရှိဘူး၊ ဝိုင်းရအောင် ဆရာမ တွေလည်း မရှိဘူး၊ အေးအေးဆေးဆေး နေစမ်းပါ၊ ပြဿနာ မရှာနဲ့"

သူက ခပ်တည်တည် မျက်နှာပေးနှင့် ကျွန်မကို ပြန်ပြောလိုက်သည်။

"ငါက ပြဿနာရှာတာ မဟုတ်ဘူး၊ နင်တို့က ယောကျ်ား တန်မဲ့နဲ့ မထိတထိ ပြောလို့ဖြစ်တာ"

"လာပါ အိမ့်သက်ပိုင်ရယ်၊ နင်တို့နှစ်ယောက်ကလည်း မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ခွေးနဲ့ကြောင်လိုပဲ"

နီလာဆွေက ကျွန်မကို ချော့မော့၍ ရန်မဖြစ်ရန် ပြောတော့ သူက ...

"ငါက ကြောင်နော်"

ဟု ပြောပြီး သူတို့သုံးယောက်သား ကျွန်မတို့ကို ကျော်၍ အရှေ့သို့ဆက်တက်သွားသည်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒေါသဖြင့် တောက်ခတ်လိုက်သည်။ ဘုရားပေါ်ရောက်နှင့်ပြီးသော သူတို့သုံးယောက်သည် တနလ်ာထောင့်က တန်စောင်းနားမှာ ကျွန်မတို့ကိုကြည့်ကာ ဘာတွေပြောပြီးရယ်နေကြသည်မသိ။

နောက်မှသိလိုက်ရသည်က ဘုရားရဲမေတစ်ယောက်က ကျွန်မတို့သုံးယောက်ကို ဘုရားပေါ်အတက်မခံ၊ စကတ်တွေကတိုလွန်း၍တဲ့လေ။ ကျွန်မ ဒါကို လုံးဝသတိမထားမိခဲ့ပါ။ သူမထုတ်ပေးသော ယောဂီထဘီများကို ကျွန်မတို့သုံးယောက်ဝတ်ကာတက်လာချိန်တွင်မတော့ သူတို့ မထိတထိ နောက်မှလိုက်၍စကြတော့သည်။

"ဩော် ... လိမ္မာယဉ်ကျေးလိုက်ကြတာ၊ ဘုရားလာတာယောဂီထဘီလေးတွေ ကိုယ်စီနဲ့၊ ကြည့်စမ်း ... မြန်မာမိန်းကလေးတွေ ဘယ်လောက်ယဉ်ကျေးသိမ်မွေ့လိုက်လဲ"

"ဖွဲသူရိယထက်"

ကျွန်မ သည်းမခံနိုင်စွာဖြင့် သူ့ကိုလှည့်အော်လိုက်သည်။





"ဘာလဲ ... ငါ့နာမည်ကို နင် တော်တော်ကြိုက်နေလား၊ ခဏ ခဏ မခေါ်နဲ့၊ တစ်ခါခေါ်ရင် ထောင့်ငါးရာပေးရမယ်"

"သေနာကောင်"

ကျွန်မက ဒေါသမထိန်းနိုင်ဘဲ သူ့ကိုအပြောတွင် ကျွန်မတို့ဘေးနားက ဖြတ်သွားသော အဘကြီးတစ်ယောက်က ...

"ဟဲ့ ... ကလေးမ၊ ဘုရားပေါ်မှာ ဘာလို့ဆဲနေတာလဲ"

ဟု ပြောသွားသည်။

"အဲဒါပဲ အဘရေ၊ နည်းနည်းလောက် ဆုံးမပါဦး၊ ရိုင်းလွန်းလို့ ယဉ်ကျေးအောင် ဘုရားပေါ်တက်ခိုင်းတာ ဘုရားပေါ်ရောက်လည်း ရိုင်းတုန်းပဲ"

သူရိယက ထပ်၍ ဆရာကြီးလေသံဖြင့် ဝင်ပါပြန်သည်။

ကျွန်မသည် ဘယ်လိုမှ သည်းမခံနိုင်စွာဖြင့် သူ့ကိုထုရိုက်ဖို့ ကြိုးစားလိုက်သည်။ သူက ကျွန်မလက်တွေကို လှလှပပ ရှောင်လိုက်ကာ ရယ်မောရင်း တောင်ဘက်မုခ်သို့ သူ့သူငယ်ချင်းနှစ်ယောက်နဲ့အတူ ထွက်ပြေးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဟာ ပြန်မယ်၊ ဒီနေ့ ကံမကောင်းဘူး"

"နင်ကလည်းဟာ၊ ရောက်တုန်းရောက်ခိုက် Happy World တော့ သွားလိုက်ပါ"

"သွားတာက ဟုတ်တယ်၊ ဟိုသုံးကောင်နဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"ဘာလဲ ... နင်ကြောက်သွားပြီလား"

နီလာဆွေက ကျွန်မကို မခံချင်အောင်ပြော၏။

"ဘာလို့ကြောက်ရမှာလဲ ထုံးစံမရှိဘူး၊ အေးဟာ ... သွားမယ်၊ ဘုရားပေါ်မှာမို့လို့ ငါစိတ်လျှော့ထားတာ၊ ဟိုရောက်လို့ ငါ့ကို မဟုတ်တရုတ် ပြောလို့ကတော့ သေပြီသာမှတ်"

"ပျော်ပျော်ပါးပါးလာတာဟာ၊ နင်တို့နှစ်ယောက်က စိတ်ပျက်ဖို့ကောင်းလိုက်တာ"

စုစုသွယ်က ခပ်ညည်းညည်းလေးပြောတော့ ကျွန်မ ပါးစပ်ပိတ်လိုက်သည်။ ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်မတို့နှစ်ယောက်က တော်တော့်ကို လွန်ပါသည်။

Happy World တွင်လည်း ကျွန်မတို့ပြိုင်ကားစီးလျှင် သူတို့လိုက်စီးကြသည်။ ကျွန်မတို့စီးသော ပြိုင်ကားကိုလည်း





ခဏ ခဏ ဝင်တိုက်သည်။ သူ့ကိုရှောင်နေရတာနှင့်ပင် ကောင်းကောင်းပင် မမောင်းလိုက်ရ။ ပြိုင်ကားကွင်းထဲမှ ထွက်လာတော့ ကျွန်မ သူ့ကို မျက်နှာချင်းဆိုင်လိုက်ကာ ...

"ဒီမှာ ဖွဲသူရိယထက်၊ နင်ဘာလို့ ငါ့ကို လာလာတိုက်ခိုက်နေရတာလဲ"

"ဘာတိုက်ခိုက်လို့လဲ၊ ပြောစမ်းပါဦး"

"နင် ငါတို့ ဘုရားသွားတော့လည်း ဘုရားကိုလိုက်တယ်၊ Happy world လာတော့လည်း လိုက်လာတာပဲ၊ ပြိုင်ကားစီးတော့လည်း ကားကိုဝင်ဝင်တိုက်တယ်"

"ဟော့ကောင်တွေ လာပါဦး၊ ဒီမှာ ဘလိုင်းကြီး စွပ်စွဲနေတယ်ကွာ၊ မင်းတို့အမြင်ပဲ ကားပေါ်ကို ဘယ်သူအရင်ရောက်တာလဲ"

"ငါတို့အရင် ကားပေါ်မှာ ထိုင်နေတာလေ"

"အေး ... ဘုရားပေါ်ကိုလည်း ဘယ်သူအရင်ရောက်တာလဲ၊ ဒီ Happy World ထဲကိုရော ဘယ်သူအရင်ရောက်တာလဲ"

"ငါတို့ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းနှစ်ယောက် အတိုင်အဖောက်ညီညီနဲ့ ပြောလိုက်ကြသည်။

"ကဲ ... ပြော အိမ့်သက်ပိုင်၊ ဘာလို့ ငါ့နောက်ကနေ တကောက်ကောက် လျှောက်လိုက်နေတာလဲ"

"ဘာပြောတယ်"

ကျွန်မက သူမရဲ့ မချိုမချဉ်မျက်နှာကို ကြည်မရစွာ လက်ဖြင့် သူ့ပါးကို ရွယ်လိုက်သည်။ ဒီတစ်ခါတော့ သူ မရှောင်ပါ။ ကျွန်မလက်ကို သူ့လက်ဖြင့် လှမ်းဆုပ်ကိုင်ထားလိုက်သည်။ ကျွန်မ ရုန်းသည်။ သို့သော် ရုန်း၍မရ၊ သူက ကျွန်မ လက်ကို ပြန်မလွှတ်ပေးပါ။

"ဒီမှာ အိမ့်သက်ပိုင်၊ မင်း အရင်က ထုခဲ့ ရိုက်ခဲ့တဲ့ ကောင်တွေလို ခပ်တုံးတုံး၊ ခပ်အအကောင် ငါ မဟုတ်ဘူး။ သိပ်ပြီးစွာမနေနဲ့၊ မင်း ဒီ့ထက်ပိုပြီး အရှက်ရမယ်"

သူကပြောပြီး ကျွန်မလက်ကို လွှတ်ပေးလိုက်သည်။ သူ့အားကြီးနှင့် အချိန်တော်တော်ကြာအောင် အဆုပ်ကိုင်ခံရသော ကျွန်မလက်ကောက်ဝတ်သည် နီမြန်းလို့နေပါသည်။ အလွန်လည်း နာကျင်သွားပါသည်။





ကျွန်မတို့ကို စူးစမ်းကြည့်၊ ကြည့်နေကြသော သူစိမ်းတွေရဲ့အလယ်တွင် ကျွန်မ နာခြင်း၊ ရှက်ခြင်းများစွာဖြင့် မျက်ရည်ကျကာ သူ့အပါးမှ ပြေးထွက်လာခဲ့မိပါသည်။ နောက်နားမှ ကျွန်မသူငယ်ချင်းတွေရဲ့ အော်ခေါ်သံကို ကြားရသည်။ ကျွန်မ ပြန်မလှည့်ပါ။ ကားမှတ်တိုင်ရှိရာသို့သာ မျက်ရည်သွင်သွင်ကျလျက် အပြေးလေး လျှောက်လှမ်းသွားမိသည်။

ယောကျ်ားတန်မဲ့ အငြိုးကြီးသော၊ မိန်းကလေးတစ်ယောက်နှင့်အပြိုင် ရန်လိုက်စွာနိုင်သော သူ့ကို အကြောက်ကြီးကြောက်မိပါသည်။ နောက်တစ်ကြိမ် သူနှင့် ပြန်မဆုံချင်တော့ပါ။ ဒီနေ့ ဒီအချိန် သူနဲ့တွေ့ရခြင်း နောက်ဆုံးဖြစ်ပါစေလို့ အကြိမ်ကြိမ် အခါခါ ဆုတောင်းနေမိပါသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

တစ်ယောက်နဲ့တစ်ယောက်
အားပြိုင်ကြတဲ့ပွဲမှာ
အချစ်ရဲ့အစလို့ သမုတ်လို့ရတဲ့
သဝန်တိုမှုတွေ ပါနေတာကိုတော့
သူတို့ငြင်းမရခဲ့ကြပါဘူး။

♥ ○ ♥





စာမေးပွဲဖြေပြီး နှစ်ရက်အကြာတွင် ကိုကိုထက်က ကျွန်မကို လာခေါ်ပါသည်။ အန်တီယဉ်ယဉ်လည်း ပါလာကာ မေမေ့ကို စိတ်ချလက်ချ ထည့်လိုက်ဖို့ ပြောနေသည်။ ကျွန်မကတော့ ခရီးဆောင်အိတ် အလတ်တစ်လုံးထဲသို့ ကောင်းနိုးရာရာ အဝတ်အစားများကို ကောက်ကာငင်ကာ ထည့်လိုက်ပါသည်။

ကားလေးက ပြည်လမ်းမကြီးပေါ်မှ မောင်းနှင်လျက်ရှိပြီး ခဏကြာတော့ လမ်းချိုးတစ်ခုထဲ ချိုးဝင်သွားသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံးက သူ့ခြံနဲ့သူ သပ်ရပ်သားနားစွာ ရှိနေကြသည်။ ခြံတစ်ခြံရှေ့ရောက်တော့ ကိုကိုထက်က ကားကိုစက်သတ်လိုက်၏။

"အိုး ... သိပ်ခမ်းနားတဲ့ အိမ်ကြီးပဲ"

ကျွန်မ ကားထဲမှ မထွက်နိုင်သေးဘဲ ကိုကိုထက်တို့အိမ်ကို ကားပြတင်းပေါက်မှကြည့်ကာ ရင်သပ်ရှုမော ဖြစ်နေမိသည်။ နှစ်ထပ်တိုက်လှလှလေးက ကြီးမားကျယ်ပြန့်သော ခြံထဲတွင် ခံ့နားစွာ တည်ရှိနေ၏။ ရပ်ရှင်များထဲမှာသာ မြင်ဖူးသော ရေကူးကန်လေးတစ်ခုကို အိမ်၏ဘယ်ဘက်ခြမ်းတွင် လှမ်းမြင်ရသည်။ ခြံထဲမှာလည်း မြက်ခင်းစိမ်းစိမ်းလေးနှင့် လှပသောပန်းမျိုးစုံကို ပန်းအိုးတွေနှင့် စိုက်ပျိုးထားသည်။ သစ်ခွပန်းရုံတစ်ခုလည်း ရှိနေသေးသည်။

"ဒါဆို သား ကုမ္ပဏီဆက်သွားလိုက်ဦးမယ် မေမေ"

ကိုကိုထက်က အန်တီယဉ်ယဉ်ကို ပြောလိုက်၏။ ခြံရှေ့လူခေါ်ခေါင်းလောင်းသံကြောင့် ခြံစောင့်ဖြစ်ဟန်တူသော လူတစ်ယောက်က တံခါးလာဖွင့်ပေး၏။ ကိုကိုထက်က ကျွန်မတို့ကို နှုတ်ဆက်ရင်း ပြန်ထွက်သွားသည်။





"လာ... မိပိုင်၊ ဒီအိမ်ကို ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားနော်၊ ညည်း မမမြတ်ကတော့ နေ့ခင်းလောက် ပြန်ရောက်မယ်၊ ဒီနေ့ မိပိုင် လာမယ်သိလို့ အရမ်းပျော်နေလေရဲ့"

"ဟုတ်ကဲ့ အန်တီယဉ်ယဉ်"

ကျွန်မက ခြံထဲမှ လှပသောပန်းများ၊ အပြင်အဆင်များ၊ မြက်ခင်းစိမ်းစိမ်းပေါ်က ဒန်းလေးတစ်ခုနှင့် ရေကူးကန်ဘေးက အမိုးပြာပြာလေးနှင့် ထိုင်ခုံဖြူဖြူလေးများကို မျက်လုံးပင် မလွှဲမိဘဲကြည့်ရင်း အန်တီယဉ်ယဉ့်နောက် လိုက်နေပါသည်။

ကျွန်မတို့ ရပ်ကွက်ထဲမှာနေကတည်းက အန်တီယဉ်ယဉ်တို့အိမ်က နှစ်ထပ်တိုက်အကြီးကြီးဖြစ်သည်။ အထဲက အပြင်အဆင်တွေကလည်း တကယ့်ခေတ်မီပြီး နိုင်ငံခြားအသုံးအဆောင်တွေနှင့် ခမ်းနားလှသည်။

ငယ်ငယ်က ကျွန်မအကြိုက်ဆုံးကတော့ မမမြတ်၏ အခန်းပင်။ အခန်းလေးက မွှေးပျံ့နေသည်။ ရှိုးကေ့စ်ထဲတွင် ကစားစရာတွေကအပြည့်။ အိပ်ရာလည်း ကြည့်ပါဦး၊ ကနုတ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ ဖော်ထားတဲ့ လှပတဲ့ခုတင်လေးပေါ်မှာ သုံးလေးလက်မ ခန့်ထူမည်ထင်ရသော မွေ့ရာနှင့် တစ်နေ့တစ်ကြိမ်လဲသော ချစ်စဖွယ်ခေါင်းအုပ်စွပ်လှလှလေးတွေနဲ့ ခေါင်းအုံးတွေ၊ ဖက်လုံးလှလှလေးတွေနှင့်။ ကျွန်မ မမမြတ်တို့အိမ် သွားလည်တိုင်း မမမြတ်ရဲ့ အခန်းထဲမှာသာနေတတ်ပြီး မမမြတ်နဲ့အတူ သီချင်းနားထောင်ကြ၊ စကားပြောကြနှင့် ပျော်စရာကောင်းလှသည်။

မမမြတ်တို့အိမ်မှာ ကွန်ပျူတာရှိတော့ မမမြတ်က ကျွန်မကို ကွန်ပျူတာသင်ပေးပါသည်။ ကိုကိုထက်ကလည်း ကွန်ပျူတာ သူသင်ပေးမည်ဟု ပြောသည်။ Speaking ကိုတော့ နီးနီးနားနား လှည်းတန်းမှာပဲ သွားတက်ဖြစ်သည်။

ကိုကိုထက်က မနက်တိုင်း ကားဖြင့်သင်တန်းကို လိုက်ပို့ပေးပါသည်။ သင်တန်းပထမဆုံးတက်သည့်ရက်က တွေ့လိုက်ရသည့်သူက "စိုးစိုးဆွေ"ဖြစ်၏။ ဆယ်တန်းကျောင်းသူပုံစံ ပျောက်သွားပြီး စာကယ့် ရုပ်ရှင်မင်းသမီးပမာ ပြင်ထား ဆင်ထား လိုက်တာ သင်တန်းလာတက်သည်နှင့် မတူချေ။ ကျွန်မကိုတွေ့တော့ မှတ်မိဟန်ပြုပြီး မသိချင်ယောင် ဆောင်သွား၏။





ဒီလိုသင်တန်းမျိုးမှာ စိုးစိုးဆွေနှင့် တွေ့လိမ့်မည်ဟု ကျွန်မ ထင်မထားခဲ့ပါ။ ကျွန်မ မနက်သင်တန်းလာတိုင်း၊ အစောကြီးကြို့ရောက်နေတတ်သော စိုးစိုးဆွေသည် ကျွန်မနှင့် ကိုကိုထက်ကို ရှုံးစမ်းသောမျက်လုံးများနှင့် ကြည့်တတ်၏။ သူမစိတ်ထဲကွင် ဘာတွေတွေးနေလဲတော့မသိ။ ကျွန်မကိုကြည့်တဲ့ သူ့အကြည့်တွေတဲမှာ မလိုတမာရိပ်က ထင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးဆွေ အိမ်ပြန်ရောက်ရောက်ချင်း အော်တိုစာအုပ်လေးကို အပြေးအလွှားရှာ၏။ တွေ့ပါပြီ စာအုပ်ပုံထောင့်စွန်းမှာ၊ စာအုပ်ကို အပြေးအလွှား လှန်ရှာတဲ့အခါ "ဖွဲ့သူရိယထက်"ရေးပေးသော အမှတ်တရစာစုလေးနှင့် ဖုန်းနံပါတ်လေးကို တွေ့လိုက်ပါသည်။ အိမ့်သက်ပိုင် ဟူသော ကောင်မလေးကို သူ လုံးဝကြည့်မရပါ။ စာတော်တာလေး၊ မာနကြီးတာလေးနှင့် စားနေပြီး သူ့လောက်မလှသော သူမက သူစိတ်ဝင်စားနေသော "ဖွဲ့သူရိယထက်"နှင့် ပတ်သက်ဆက်နွယ်နေသည်။





ဘာပဲပြောပြော "သူရိယ"စိတ်ဝင်စားအောင် သူမလုပ်နိုင်သည်ကတော့ အမှန်တရားပင်ဖြစ်သည်။ ချမ်းသာတဲ့သူမဟုတ်တာ လူတိုင်းသိကြသော်လည်း သင်တန်းလာတက်ရာတွင် သူမကို ကားမောင်းပို့ပေးနေသည်က ဘာများဖြစ်မည်နည်း။ ထိုကားကိုမောင်းသော ချောမောသော အစ်ကိုကြီးသည် အိမ့်သက်ပိုင်ကို အတော်လေး ဂရုစိုက်ပုံရ၏။ မောင်နှမသားချင်းတော့ ဖြစ်ဟန်မတူပါ။

သင်တန်းက အပေါ်ထပ်မှာမို့ အပေါ်ကနေ သူမတို့နှစ်ယောက်ကို သေသေချာချာ လှမ်းမြင်ရ၏။ အပေါ်ထပ်ကို အိမ့်သက်ပိုင် တက်လာသည့်တိုင် ထိုအစ်ကိုကြီးက သူမကိုကြည့်နေဆဲ။

"အိမ့်သက်ပိုင်"ကို ဘာလို့ ယောက်ျားတွေ စိတ်ဝင်စားကြတာလဲ။ ဝတ်ပုံစားပုံလည်း ကြည့်ပါဦး။ တကယ့် ဗီဘီကလေးတစ်ယောက်လို မျက်နှာကအပြောင်နှင့် နှုတ်ခမ်းနီ gloss လောက်သာ သူမမျက်နှာပေါ်မှာ ထင်ထင်ရှားရှားရှိ၏။ ဆံပင်ဘေးသားကို ခပ်ထောင်ထောင်ချည်ထားသော စတိုင်လ်ကလည်း အခုထက်ထိ မပျောက်သေး။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးဆွေ နှုတ်ခမ်းကို မသိမသာ မဲ့လိုက်သည်။ အခုကြည့်ရတာ တော်တော်စိတ်ချမ်းသာပုံရ၏။ ဒီတော့ ဒီသတင်းကို သူရိယကို ပေးလိုက်လျှင်တော့ သိပ်ကြည့်လို့ကောင်းမည့်ပွဲတစ်ပွဲဖြစ်မှာ အသေအချာပင်ဖြစ်သည်။ စိုးစိုးဆွေ ဘေးနှစ်အိမ်ကျော်မှ ဖုန်းဆိုင်သို့သွားကာ "သူရိယ"၏ဖုန်းနံပါတ်ကို နှိပ်လိုက်၏။

"ဟဲလို"

အမျိုးသမီးတစ်ဦး၏အသံကို ကြားလိုက်ရ၏။

"ဗွဲသူရိယထက်နဲ့ ပြောချင်လို့ပါ"

"ဘယ်သူလို့ ပြောပေးရမလဲ"

တစ်ဖက်က အမျိုးသမီး၏အမေးကြောင့် စိုးစိုးဆွေ စဉ်းစားလိုက်သည်။ "သူရိယ"က လာသမျှဖုန်းကို လက်သင့်မခံတတ်ပါ။ သူရိယကို ဖုန်းဆက်သည်မှာ ဒါပါနဲ့ဆို ဆယ်ခါလောက်ရှိမည်ထင်သည်။ တစ်ခါမှ ဖုန်းကိုင်တယ်ရယ်လို့မရှိ။ "မရှိဘူး" ဆိုတာနဲ့ပဲ လက်လျှော့လိုက်ရတာ အကြိမ်ကြိမ်ပင်။ ဒီတစ်ခါတော့ အလွတ်ခံလို့မဖြစ်။ အကြံတစ်ချက်ရကာ ထိုအမျိုးသမီးကို နာမည်တစ်ခု ပြောလိုက်၏။





စာမေးပွဲပြီးကတည်းက ဗွဲသူရိယထက် အပြင်မထွက်ဖြစ်၊ နောက်ဆုံးနေ့ အိမ့်သက်ပိုင် ငိုပြီးထွက်ပြေးသွားပုံလေးကို မျက်လုံးထဲက လုံးဝကိုဖျောက်ဖျက်မရနိုင်။ အိမ့်သက်ပိုင်လို အကြောမာသော မိန်းကလေးမျိုးကို မျက်ရည်ကျအောင် သူလုပ်ခဲ့တာ သူ တော်တော်လွန်လို့ပဲ ဖြစ်မည်ထင်သည်။

တကယ်တမ်း အိမ့်သက်ပိုင် မျက်ရည်ကျတော့ သူဝမ်းမသာပါ။ ကက်ကက်လန်အောင် ရန်တွေ့သွားကြသော သူမသူငယ်ချင်းများကိုလည်း ခွန်းတုံ့မပြန်မိ။ စိတ်မကောင်းလည်းတော်တော်ဖြစ်မိသည်။ ဗညားတို့၊ မင်းစစ်တို့ကို သူမအိမ်ကိုထောက်လှမ်းခိုင်းပြန်တော့လည်း သူမကိုမတွေ့ရဟုဆိုသည်။

အရင်က စာမေးပွဲပြီးရင် ဘာလုပ်မည်၊ ညာလုပ်မည်ဟူသော ရည်မှန်းချက်များသည် ပျောက်ချင်းမလှပျောက်ကာ အိမ်ထဲမှာပင် သူမအကြောင်းတွေ တွေးနေမိပြီး၊ အခွေကြည့်၊ ဂိမ်းနှိပ်နေတာနှင့်ပင် ပြီးနေတော့သည်။

မြသွေးနီကလည်း မန္တလေးကို ခဏလာလည်ဖို့ နားပူနားဆာ လုပ်နေသည်။ စာမေးပွဲပြီးလျှင် "မြသွေးနီ"ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောမည့် သူ့အကြံအစည်တွေသည်လည်း အိမ့်သက်ပိုင်ဟူသော ကြိုးတစ်ချောင်းကြောင့် ဘာမှအထမမြောက်ခဲ့။

"သားရေ ... ကောင်မလေးတစ်ယောက် ဖုန်းဆက်တယ်"

"ဘယ်သူလဲ ... မြသွေးနီလား"

အိမ်ဖော်အဒေါ်ကြီးကို ခုတင်ပေါ်မှာ စာအုပ်ဖတ်နေရာမှ သူ လှမ်းမေးလိုက်သည်။

"မဟုတ်ဘူး၊ အိမ့်သက်ပိုင်တဲ့"

"ဘာ"

သူ အိပ်ရာထဲမှ ချက်ချင်းခုန်ထကာ ဖုန်းရှိရာသို့ အပြေးလေးသွားမိသည်။ ရင်ထဲမှာတော့ သဲသဲယအပြည့်။ သူမ ဘာလို့ သူ့ဆီဖုန်းဆက်ရတာလဲ၊ တကယ်ဆို နောက်ဆုံးတွေ့တဲ့နေ့က သူမ ကျွန်တော့်ကို တကယ်မုန်းသွားခဲ့တာပဲ။

"ဟဲလို"

သူရိယ ထူးသံကြောင့် စိုးစိုးဆွေ မျက်နှာမဲ့သွားသည်။ သိတယ် ... သိတယ်၊ ဒါကြောင့် အိမ့်သက်ပိုင် နာမည်သုံးလိုက်ရတာ။





"အိမ့်သက်ပိုင် အကြောင်း သတင်းပေးချင်လို့၊ နားထောင်ချင်လား"

ကောင်မလေးတစ်ယောက်ရဲ့အသံ ခပ်စူးစူးလေး ထွက်လာသည်။ အိမ့်သက်ပိုင် မဟုတ်ဘူးပေါ့။ ဒါမှမဟုတ် အိမ့်သက်ပိုင်၏ သူငယ်ချင်းတစ်ယောက် ဖြစ်ချင်လည်းဖြစ်မည်။ တစ်ဖက်လှည့်နဲ့ပေါ့။

"ပြောပါ ... စိတ်ဝင်စားပါတယ်"

"အိမ့်သက်ပိုင် အခု လှည်းတန်းက (......)မှာ Speaking တက်နေတယ် သင်တန်းချိန်က မနက်(၉)နာရီကနေ (၁၀) နာရီခွဲ၊ သင်တန်းက အစ်ကိုချောချော တစ်ယောက်က မနက်တိုင်း ကားနဲ့လိုက်ပို့ပေးတယ်။ အစ်ကိုကြီးက အိမ့်သက်ပိုင်ကို ကြွေနေပုံပဲ"

"မဖြစ်နိုင်ဘူး"

သူ ငြင်းဆန်လိုက်သည်။ ဖုန်းထဲပြောတာတွေက ပုံပြင်တစ်ပုဒ်လို။

"ဖြစ်နိုင်လား၊ မဖြစ်နိုင်လား ဆိုတာ ကိုယ်တိုင်သွားကြည့်ရင် ကောင်းမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဟဲလို"

တစ်ဖက်က ဖုန်းချသွားသည်။ ကျွန်တော် တော်တော် စိတ်ညစ်သွားသည်။ သူပြောတာ အမှန်ဆို အိမ့်သက်ပိုင် ဘာတွေ လုပ်နေတာလဲ၊ သူ့အိမ်က ယောက်ျားများ ပေးစားလိုက်သလား။ မဟုတ်ပါ ... မဟုတ်ပါ။ ဒီလိုမျိုးတော့ လုံးဝဟုတ်မည် မထင်ပါ။

ချက်ချင်းဆိုသလို မင်းစစ်နဲ့ ဗညားကို ဖုန်းခေါ်လိုက်သည်။ မနက်ဖြန် လှည်းတန်းသွားဖို့လည်း ချိန်းဆိုလိုက်သည်။ ကစ်ညလုံးလည်း အိပ်၍မပျော်ပါ။ အိမ့်သက်ပိုင်နှင့်ထိုလူ ဘာမှ မဟုတ်ကြပါစေနဲ့ ဒါမှမဟုတ်လည်း ထိုလူဟာ အိမ့်သက်ပိုင်ရဲ့ အစ်ကိုဝမ်းကွဲဖြစ်ဖြစ်၊ အမျိုးတော်ပါစေ။

ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ဆန်းစစ်ကြည့် ချိန်မှာတော့ ကျွန်တော်ဟာ အိမ့်သက်ပိုင်ကို ဟိုးရင်ထဲအသည်း ထဲက ငြိတွယ်နေတယ် ဆိုတာကိုပဲ၊ ဒါအချစ်တော့ ဟုတ်မည် မထင်ပါ။ ဘာလို့လဲဆိုတော့ မြသွေးနီ အပေါ် ကျွန်တော်ခံစား ရဟာမျိုး အိမ့်သက်ပိုင် အပေါ်တွင် ရှိမနေခဲ့ပါ။

ဝေခွဲမရပါ။ အချစ်ဆိုတာ ဘာလဲ၊ ကျွန်တော် ကွဲကွဲပြားပြား မသိပါ။ ကျွန်တော် မြသွေးနီကို ချစ်တာလား။





အိမ့်သက်ပိုင်ကို ချစ်တာလား။ ကျွန်တော် ဘာမှမသိတော့ပါ။ မြသွေးနီကို အခုအချိန်ထိ ဘာမှဖွင့်မပြောမိတာ ဘာကြောင့်မှန်း ကျွန်တော့်ကိုယ်ကျွန်တော် ဝေဖန်သုံးသပ်မိပါသည်။ ကျွန်တော့် အတွေးတွေက ကယောက်ကယက်နှင့် အိပ်မက်တွေကလည်း ကပေါက်တိ ကပေါက်ချာ။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၄၄၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက် လှည်းတန်းက "အိမ်မက်စိမ်း"ဖိနပ်ဆိုင်ရှေ့တွင် ယောင်လည်လည် ရပ်နေကြသည်။ အချိန်က (၉)နာရီထိုးဖို့ (၁၀)မိနစ်အလို။

insight အနက်ရောင်ကားတစ်စီးကို ဟိုတစ်ဖက်ကားလမ်းမှာ လှစ်ခနဲမြင်လိုက်ရသည်။ ဆင်းလာတာက အိမ့်သက်ပိုင်မှ အိမ့်သက်ပိုင် အစစ်ပင်။ ကားထဲမှလူကိုတော့ သေချာမမြင်ရပါ။ မြို့ထဲဘက်သို့သွားသောကားကြော မီးပွိုင့်နီသွားသောကြောင့် ကျွန်တော့်မျက်စိရှေ့မှာ ပိတ်ဆို့သွားသောကြောင့် ဖြစ်ပါသည်။





ဒီဘက်ကားလမ်းကို ကူးလာသော အိမ့်သက်ပိုင်ကို ကျွန်တော် တွေ့လိုက်ရသည်။ ပန်းနုရောင်စပို့ရှပ်လက်ပြတ်လေးနှင့် ဒူးသာသာ ရှေ့ပင်အနက်လေး၊ ကျောပိုးအိတ်အပြာလေးနဲ့ သူမသိပ်ကို လှနေပါသည်။ ရုတ်တရက် သူမမျက်လုံးတွေက ကျွန်တော့်ကို မြင်လိုက်သောအခါ ပါးစပ်ဟသွားရလောက်အောင်ကိုပင် အံ့အားသင့်သွားပါသည်။

ကျွန်တော်သည် အခွင့်အရေးကို လုံးဝလက်လွှတ်မခံပါ။ သူမသွားမယ့်လမ်းကို ပိတ်ရပ်လိုက်ပါသည်။

"ခွဲသူရိယထက်၊ နင် ဘာလာလုပ်တာလဲ၊ ငါ နင့်ကိုကြောက်ပါတယ်၊ ငါ့ရှေ့က ဖယ်ပေးပါ"

"ခဏလေးပါ အိမ့်သက်ပိုင်၊ ငါ နင့်ကိုမေးစရာလေးရှိလို့"

"ကျွတ် ... အချိန်မရှိတော့ဘူး၊ သင်တန်းစတော့မယ်၊ ဖယ်ဟာ"

"ကောင်းပြီလေ ... နင် သင်တန်းပြီးတဲ့အထိ ငါစောင့်မယ်၊ ဒီမှာပဲ စောင့်နေမယ်"

အိမ့်သက်ပိုင်က ကျွန်တော့်ကို ဝင်တိုက်ပြီး အပေါ်ထပ်သို့ တက်သွားပါသည်။ ကျွန်တော်တို့သုံးယောက် ပြည်မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်ဘေးက လက်ဖက်ရည်ဆိုင်လေးတွင် သွားထိုင်လိုက်ကြသည်။

"သူရိယ ... စိတ်မဆိုးရင် တစ်ခုလောက် မေးလို့ရမလား"

ဗညားက လက်ဖက်ရည်တစ်ငုံ,ငုံပြီး ဘာကိုမှ မတို့ မထိတော့သော ကျွန်တော့်ကို မေးလိုက်သည်။

"စကားတွေ ပလ္လင်ခံမနေနဲ့ဟော့ကောင်၊ အားလုံးပွင့်ပွင့် လင်းလင်း ပြောလို့ရတယ်"

"မင်း အိမ့်သက်ပိုင်ကို ကြိုက်နေတာလား၊ ဒါမှမဟုတ် မင်း မန္တလေးက မြသွေးနီကိုလား"

"အဲဒါ ငါလည်းသိချင်တယ်"

မင်းစစ်က ဝင်ပြောလိုက်ပြန်သည်။

"ငါလည်း မင်းတို့လိုပဲ အတူတူပဲ"

ကျွန်တော် သက်ပြင်းချရင်း ပြောလိုက်သည်။

"မြသွေးနီဆီက ဖုန်းမလာရင် မျှော်တတ်တယ်။ မြသွေးနီနဲ့ စကားတွေပြောနေရရင် အရမ်းပျော်တယ်။ အချိန်တွေ ကုန်လို့ ကုန်သွားမှန်းတောင် မသိဘူး၊ အဲဒီလိုပဲ အိမ့်သက်ပိုင်နဲ့ ရန်မဖြစ်ရရင် မနေတတ်ဘူး၊ မမြင်ရရင် လွမ်းတယ်"





"ဟာ ... မင်းဟာက ဘာလဲ"

နှစ်ယောက်စလုံး ကျွန်တော့်စကားကို အလိုမကျဟန်ဖြင့် ပြောလေသည်။

"ငါ ငါ့ရင်ထဲက အရှိအတိုင်းပဲ၊ ဒါကြောင့် ငါလည်းဝေခွဲလို့မရဘူး"

သူတို့သုံးယောက် အသံတိတ်သွားကြသည်။ လက်ဖက်ရည်ဆိုင်ထဲက လွင့်မျှောလာသော စိုင်းစိုင်းရဲ့ ...

"ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်" တေးသွားကို မင်းစစ်တို့နှစ်ယောက် လိုက်ညည်းကာ ဆိုင်ရှေ့မှ ဖြတ်သွားကြသော ငယ်ငယ် ရွယ်ရွယ် ကြီးကြီး အလှကြီးလှနေကြသော အမျိုးသမီးတို့အား လိုက်ပြီးငေးမောနေကြပါတော့သည်။

"မိန်းကလေးတွေလည်း သနားစရာပဲနော်၊ ငါတို့ယောက်ျားလေးတွေ ငေးရအောင်၊ ဝတ်ရ၊ စားရ၊ ပြင်ရဆင်ရနဲ့ ပင်ပန်းလိုက်တာ"

ဗညားက သူ့အမြင်ကို ပြောလိုက်ပြန်သည်။

"အေးလေကွာ ... ငါတို့က အလိုက်သိစွာနဲ့ သူတို့အလှကို ငေးပြန်တော့လည်း နှာဘူးလို့ အပြောခံရသေးတယ်၊ သူတို့ပဲ ကြည့်ချင်အောင် လုပ်ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



မင်းစစ်က ထောက်ခံလိုက်ပြန်သည်။

“ငါ နားမလည်ဆုံး သတ္တဝါတွေထဲမှာ မိန်းမတွေက ထိပ်ဆုံးကပဲ”

ကျွန်တော်က ပြောလိုက်တော့ သူတို့နှစ်ယောက် လျှောင်ရယ် ရယ်သည်။

“မင်း အခု နားလည်အောင် ကြိုးစားမလို့ပေါ့ ဟုတ်လား။ မင်းကို အားနာလို့ လိုက်လာရတာနော်၊ တကယ်ဆို အိမ့်သက်ပိုင်နဲ့ မင်း ထပ်ဆက်စရာ ဇာတ်လမ်းမရှိတော့ဘူး။ ဒီတစ်ခါ မင်းစ,လို့ ပြဿနာဖြစ်ရင် မင်းအလွန် ဖြစ်သွားပြီနော်”

“မဟုတ်ပါဘူးကွာ မင်းတို့ကလည်း၊ ငါက မေးရုံတင်မေးမှာပါ၊ ဘာပြဿနာမှ မရှာပါဘူး။ ငါက ကိစ္စတစ်ခုကို သိချင်ရင် ဒီအတိုင်းနေလို့ မရလို့ပါ”

“ဘာလဲ ... ဟိုလူနဲ့ ဘာပတ်သက်တာလဲလို့ မင်းမေးမလို့ မဟုတ်လား၊ မင်းမေးတော့ အိမ့်သက်ပိုင်က အမှန်ပြောမှာမို့လို့လား”





“တော်ပြီကွာ၊ ဆယ်နာရီခွဲတော့မယ်၊ မင်းတို့လိုက်မှာလား ဒီမှာနေခဲ့မှာလား”

“ဒီမှာပဲ နေခဲ့မယ်ကွာ၊ မျက်နှာပူတယ်၊ အခြေအနေမကောင်းရင်တော့ ကိုယ့်ကိစ္စ ကိုယ်ရှင်းနော်”

“တော်တော်အားကိုးရတဲ့ သူငယ်ချင်းတွေ၊ အေး ... ငါ သွားပြီ၊ ဒီကိုပဲ ပြန်လာခဲ့မယ်၊ ခဏပဲ”

သူ သင်တန်းရှိရာသို့ ထွက်လာခဲ့သည်။

သင်တန်းအပေါ်ထပ်မှ ငိုက်စိုက် ငိုက်စက် ဆင်းလာသော အိမ့်သက်ပိုင် ဘေးနားသို့ ကျွန်တော် ကပ်လျှောက်လိုက်သည်။ အိမ့်သက်ပိုင်က ကျွန်တော့်ကို တစ်ချက်မော့ကြည့်ရင်း ...

“ဘာမေးမှာလဲ၊ မြန်မြန်မေး အချိန်မရှိဘူး”

“ဟာ ... ဒီအတိုင်းကြီး လမ်းမှာပြောသွားလို့ မကောင်းဘူး၊ ငါ နင့်ကို တောင်းပန်စရာတွေလည်းရှိတယ်၊ မေးစရာတွေလည်းရှိတယ်၊ ငါတို့ တစ်နေရာရာမှာ ထိုင်ကြရအောင်ဟာ”

“သွားစမ်းပါ ... ဘာတွေလာပြောနေတာလဲ၊ နှစ်ယောက်တည်းသွားရင် လူတွေက အတွဲလို့ ထင်ကြမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ထင်ကြတာပဲ၊ အတွဲ ရန်ဖြစ်နေကြတယ်လို့ တောင် ထင်ဦးမှာ"

"သူရိယ ... နင် ဖောက်လာပြန်ပြီနော်"

သူမက မျက်နှာသုန်သုန်မှုန်မှုန်နှင့် ပြောတော့ သူ့ပါးစပ်ကို ပိတ်လိုက်သည်။ မေးစရာ မမေးရသေးတဲ့ အထိတော့ သူမကို သည်းခံရပေမည်။ ဒီပုံအတိုင်းဆိုလျှင်တော့ သူမက ကျွန်တော့်နောက် လုံးဝမလိုက်မှာ သေချာသည်လေ။

"အေး ... ငါ မေးမယ်ဟာ၊ နင့်ကို ကားနဲ့လိုက်ပို့တာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကြောင့်လိုက်ပို့တာလဲ၊ အခု နင် ဘယ်မှာနေနေလဲ"

"ဟ ... များလှချည်လား၊ မေးခွန်းတွေကို ဒီအတိုင်းတော့ မဖြေနိုင်ဘူး၊ အပေးအယူတော့ လုပ်ရမယ်"

"လာပြန်ပြီ ဒီအပေးအယူ"

ချောမွေ့သော မျက်နှာလေးကို ရှုံ့မဲ့ပြသော သူ့ပုံစံက ရယ်ချင်စရာ။

"ဘာအခုမှ ကြောက်ပါပြီလဲ။ မလုပ်ဘူးလား၊ မလုပ်ရင် မဖြေဘူး"





"ဟာ ... ဟဲ့ ... ဟဲ့ နေပါဦး အိမ့်သက်ပိုင်ရာ၊ ကဲ ... ပြော၊ ဘာအပေးအယူ လုပ်မှာလဲ"

"နင် ဘယ်တော့မှ ငါ့အနားကို အခုအချိန်ကစပြီး မလာရဘူး၊ နင် လုပ်နိုင်မယ်ဆိုရင် ငါဖြေမယ်၊ မလုပ်နိုင်ရင် ငါ မဖြေဘူး"

"ဟာ ... ဟ၊ တော်တော် ရယ်ရတာပဲ၊ နင် ကိုယ့်ကိုယ်ကိုယ် တယ်ထင်နေပါလား အိမ့်သက်ပိုင်၊ ငါက နင့်နားကို သိပ်လာချင်လွန်းလို့များ ထင်နေလို့လား။ ဝေးသေးတယ်"

"ဟ ... ဒါဆိုလည်း ဝေးဝေးနေလေ"

"နင်တို့ရပ်ကွက်ထဲမှာ ပြောနေကြတယ်၊ နင် စာမေးပွဲဖြေပြီးကတည်းက ပျောက်သွားတာ၊ တစ်ခုခုတော့ တစ်ခုခုပဲပေါ့၊ အိမ်ပေါ်ကပဲ ဆင်းသွားတာလား၊ ယောကျ်ားနောက်ပဲ လိုက်ပြေးသွားတာလားပေါ့"

သံသယမျက်လုံးများနှင့် ကျွန်တော့်ကို သူမစိုက်ကြည့်ပြီး ရယ်မောလိုက်သည်။ အရှူး ... သူသိချင်တိုင်း မရမက လှည့်ပတ်မေးနေသည်။ ကျွန်မကို မမြတ်တို့ ခေါ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့အမြင်။ နည်းနည်းလောက်တော့ ပညာပြမှုဖြစ်တော့မည်။

"ဟုတ်တယ်လေ၊ နင် မသိဘူးလား။ အဲဒါ ကောလာဟလ မဟုတ်ဘူး၊ တကယ်။ အခု ငါ့ကို ကားနဲ့လိုက်ပို့တာ ငါ့ခင်ပွန်းလောင်းပေါ့၊ ငါ ကျောင်းပြီးရင် သူနဲ့လက်ထပ်မှာ၊ သူက ငါ့ကို အရမ်းချစ်ပြီး အလိုလိုက်တယ်"

"ငါ မယုံဘူး၊ နင် တမင်ပြောတာ မဟုတ်လား အိမ့်သက်ပိုင်"

သူက ဟန်မဆောင်နိုင်စွာနှင့် ကျွန်မကို စကားအဆက်မခံဘဲ ပြောလိုက်သည်။

"ဒါ နင့်အပိုင်းလေ၊ အခု ငါ သူတို့အိမ်မှာ ခဏနေတာ၊ မိဘတွေက သဘောတူထားကြတာဆိုတော့ ဒီလိုပဲ ငါတို့တွေ တစ်ယောက်အိမ်နဲ့ တစ်ယောက်အိမ် ဝင်ထွက်နေကျလေ"

"တကယ်ပေါ့၊ အင်း ... ဒါဆိုရင်တော့ ငါတို့နှစ်ယောက်က ဘဝတူတွေပဲ၊ ငါလည်း မကြာခင် ငါ့ကောင်မလေးနဲ့ စေ့စပ်တော့မှာ၊ ငါတို့နှစ်ယောက် ကျောင်းပြီးရင် လက်ထပ်





ကြဖို့ မိဘတွေက သဘောတူပြီးသား၊ နင် မှတ်မိတယ် မဟုတ်လား။ နင် လွှတ်ပစ်လိုက်တဲ့ လက်စွပ်လေ၊ ငါ မနည်းရအောင် ပြန်ကောက်ထားရတာလေ၊ အဲဒီ လက်စွပ်ပေးတဲ့ ကောင်မလေးပေါ့"

ပျက်ယွင်းသွားသော မျက်နှာကို ချက်ချင်းပြင်ကာ ကျွန်မကို သူက တန်ပြန်ထိုးနှက်လာသည်။

"စိတ်မဝင်စားဘူး"

ကျွန်မ သူ့ကိုအော်လိုက်သည်။ သူ စေ့စပ်မယ့်ကိစ္စကို တခမ်းတနား ဒီအထိလိုက်လာပြီး ပြောစရာ ဘာအကြောင်းရှိလို့လဲ။

"မဟုတ်ဘူး၊ နင့်စိတ်ထဲမှာ ငါက နင့်ကို စိတ်ဝင်စားနေတယ်လို့ ထင်မှာစိုးလို့ ပြောပြထားတာပါ၊ ဒါပဲ see you later "

လို့ ပြောပြီး သူက လာရာလမ်းအတိုင်း ပြန်လှည့်သွားသည်။

သူ့ကို ကျွန်မ နားမလည်နိုင်တော့ပါ။ သူက ကျွန်မကို အမြဲအနိုင်နဲ့ပိုင်းချင်နေတတ်သည်။ စေ့စပ်စပ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ထပ် မမြင်ရလေ ကောင်းလေဖြစ်သည်။ ကိုကိုထက်ကို မဟုတ်တရုတ် ပြောမိသည့်အတွက်တော့ စိတ်ထဲက အားနာနေပါသည်။ ဒီကိစ္စကို သူ လျှင်လျှင်မြန်မြန်ကြီး သိသွားတာ စိုးစိုးဆွေကြောင့် ဖြစ်မည်ထင်ပါသည်။ အခုတလော ဘယ်လိုလူတွေနှင့် လာတွေ့နေသည်မသိ။

♥○♥





ဒီနေ့ တနင်္ဂနွေနေ့ ကိုကိုထက် အားလပ်ရက်ဖြစ်သလို မမြတ်လည်း ကျူရှင်မရှိ၊ ကျွန်မလည်း သင်တန်းမရှိတော့ သုံးယောက်သား **Shopping** ထွက်ဖို့ စိုင်းပြင်းနေကြသည်။ တကယ်တော့ မမြတ်က ကျွန်မအတွက် လိုအပ်တာတွေဝယ်ပေးချင်၍ဖြစ်သည်။ သူ့ကိုယ်တိုင်လည်း ကျွန်မကို အကြောင်းပြ၍ ဖိနပ်တွေဝယ်ဦးမည်လေ။

"တို့တွေ ဘယ်သွားကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထက်ကမေးတော့ ကျွန်မနှင့် မမမြတ်က ပြိုင်တူပင် ...

"ဂမုန်းပွင့်"

သွားမယ်လို့ ပြောလိုက်သည်။

"နင်တို့တွေကလည်း နီးနီးနားနား Ocean ပဲသွားရောပေါ့"

"ဟင့်အင်း ... ဂမုန်းပွင့်ပဲသွားမယ်၊ ဟိုမှာ ဖိနပ်တွေက ပိုစုံတယ်၊ နော် ... မမမြတ်"

"အေးပါ ... အေးပါ ... အဲဒီကိုပဲ သွားကြတာပေါ့"

ဂမုန်းပွင့်ရောက်တော့ ဖိနပ်သရဲ မမမြတ်က ဖိနပ်တွေ တစ်ရန်ပြီးတစ်ရန် စီးကြည့်လိုက် ချွတ်လိုက်နှင့် အလုပ်ရှုပ်နေသည်။

"မိပိုင် ... ဟိုမှာ အိတ်တွေသွားကြည့်ရအောင်"

ကိုကိုထက်က ကျွန်မကို အိတ်တွေရှိရာသို့ ခေါ်ဆောင်သွားသည်။

"ဘေးလွယ်အိတ်လေးတွေက လှတာပဲ၊ ဘာဖြစ်လို့ ကျောပိုးအိတ်ပဲ လွယ်ရတာလဲ၊ ဒီတစ်ခု ကြည့်စမ်း၊ လွယ်ကြည့်လိုက်"





ကျွန်မက ကိုကိုထက် ကမ်းပေးသော ဘေးလွယ်အိတ်ကြီးတစ်လုံးကိုလွယ်၍ မှန်ထဲသို့ ကြည့်လိုက်သည်။

အိုး ... ကျွန်မကို ကြည့်နေသည့် ကိုကိုထက် မျက်ဝန်းတွေက နူးညံ့လိုက်တာ၊ ထိတ်ခနဲ ရင်ထဲတစ်မျိုးဖြစ်သွားပြီး မျက်လွှာအသာချလိုက်သည်။

ထိုစဉ်တွင် နားထဲ၌ ရင်းနှီးနေသော အသံတစ်သံကို ကျွန်မနောက်နားဆီမှ ကြားလိုက်ရသည်။

"မြသွေးနီ ... ဒီအိတ်လေးက မင်းနဲ့ပိုလှတယ်၊ ဒါပဲယူလိုက်လေ"

"ဟင့်အင်း ဖွဲ့ရယ်၊ တို့ ဒါလေးကိုပိုကြိုက်တယ်၊ ဒါလေးပဲယူမယ်"

ကောင်မလေးတစ်ယောက်၏ အသံကိုပါ ဆက်၍ကြားလိုက်ရတာမို့ ကြည့်ချင်သည့်စိတ်တွေက တားမနိုင်၊ ဆီးမရစွာ လှည့်အကြည့် သူကလည်း နောက်ကိုလှည့်အကြည့် ကျွန်မတို့ မျက်လုံးချင်း ဆုံကြပါသည်။

ထိုအချိန်တွင် ကျွန်မသည် မြသွေးနီ ဟူသော ကောင်မလေး၏ အလွန်တရာ ချောမွေ့မှုကို မျက်ဝါးထင်ထင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရပါသည်။ ကျွန်မဘဝတွင် ဤမျှလှပသော မိန်းကလေးမျိုးကို လုံးဝမမြင်ဘူးခဲ့ပါ။

ဖြူဝင်းသော အသားအရေလေးနှင့် လိုက်ဖက်စွာ အနက်ရောင်ဂါဝန်တိုတိုလေးကို သူမ ဝတ်ဆင်ထားသည်။ မည်း၍ခဲနေသော ဆံပင်ထူထူလေးနှင့် ဝိုင်းစက်ကြည်လင်၍ မျက်တောင်ကော့ကော့ရှည်ရှည်တို့ ဝန်းရံထားသော မျက်ဝန်းတို့သည် မြင်သူတကာကို ရင်ခုန်စေမည်ဖြစ်သည်။ အလွန်လှပ၍ နှင်းဆီပွင့်ဖတ်လေးပမာ နှုတ်ခမ်းနှစ်မွှာကလည်း မက်မောချင်စရာကောင်းလှပါသည်။

ကျွန်မသာမက ဈေးဝယ်တဲ့သူတွေရော ဈေးရောင်းတဲ့သူတွေကပါမကျန် ချောမောလှသော ဖွဲ့သူရိယထက်နှင့် ထိုမြသွေးနီ ဟူသော ကောင်မလေးတို့ကို မျက်တောင်မခတ် ကြည့်နေကြပါသည်။ သူပြောတာ အမှန်တရားတစ်ခုဟု ကျွန်မယုံကြည်လက်ခံလိုက်စဉ်တွင် ကျွန်မရင်ထဲ ကတုန်ကယင် ဖြစ်သွားမိသည်။

ကျွန်မ အလွန်မုန်းပါသည်ဟု အထပ်ထပ် အခါခါကြွေးကြော်ခဲ့သော သူရိယကို ထိုမိန်းကလေးနှင့် တွဲတွေ့ရသည့်အခါ ကျွန်မနှလုံးသားတို့က မခံနိုင်ကြပါ။ ထိုအခိုက် ဖွဲ့သူရိယ





ထက်၏ ကျွန်မနှင့် ကိုကိုထက်တို့ကို စူးစမ်းသောအကြည့်တို့ကို အတွေ့တွင် ကျွန်မ တိုက်စစ်ပြန်ဆင်ရန် အားယူလိုက်ပါသည်။

"ကိုကို ... မိပိုင် ဒါလေးယူလိုက်မယ်နော်၊ လိုက်တယ် မဟုတ်လား"

ကျွန်မရဲ့ချိုကြည်သော အသံလေးကြောင့် ကိုကိုထက်မျက်နှာ ပြုံးနေသည်။

"ယူလိုက်လေ ကိုကို ဝယ်ပေးမှာပေါ့၊ ညီမလေး ... ဒါလေးယူမယ်"

ဘေးနားက အရောင်းစာရေးမလေးကို ကိုကိုထက်က အိတ်လှမ်းပေးစဉ်တွင် ကျွန်မသည် စူပုပ်သွားသော သူရိယ၏မျက်နှာကို တွေ့ဖြစ်အောင် တွေ့လိုက်ပါသည်။

သူ အနောက်ကနေ ကြည့်နေမှန်းသိ၍ ကျွန်မသည် ကိုကိုထက် လက်မောင်းကို ကိုင်ဆွဲထားလိုက်သည်။ ရုတ်တရက်ဆိုတော့ ကိုကိုထက်က တအံ့တဩ မျက်လုံးတွေနှင့် ကျွန်မကို ကြည့်ပြီး၊ ပြီးမှ မသိချင်ဟန်ဆောင်ကာ ချိုမြသောအပြုံးတွေနှင့် နှစ်ယောက်အတူ ဆက်လျှောက်သွားတော့သည်။

"မမမြတ် ... ဖိနပ်ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကုန်းကွကွနှင့် ဖိနပ်စီးနေသော မမမြတ်က သူတို့နှစ်ယောက်ကိုကြည့်ပြီး မချိုမချဉ်လေး ပြုံးလိုက်သည်။

"မရသေးဘူး၊ မိပိုင် ... ဖိနပ်ကြည့်လေ၊ မမမြတ် တစ်ရန် ဝယ်ပေးမယ်"

"ဟာ ... မဝယ်တော့ဘူး၊ မိပိုင်မှာ ဖိနပ်ရှိတာပဲ"

"မရဘူး၊ တစ်ရန်ဝယ်ပေးမယ်လို့ ရည်စူးထားတာ"

ကျွန်မသည် အားနာစွာဖြင့် ဖိနပ်တစ်ရန်ကိုရွေး၍ ယူလိုက်သည်။ အန်တီယဉ်ယဉ်ပေးသော မုန့်ဖိုးကို အခုအချိန်အထိ မသုံးရသေး။ ကိုကိုထက်နှင့် မမမြတ်တို့က ကျွန်မကို သူ့ထက်ငါ အပြိုင်အဆိုင် တစ်ခုပြီးတစ်ခု ဝယ်ပေးနေတော့သည်။ မလိုချင်ဘူးဟုပြောရင်လည်း မရ။ အိမ်ပြန်တော့ ပစ္စည်းတွေက တစ်ပွေ့တစ်ပိုက်ပင်။ ပစ္စည်းတွေနှင့်အတူ ကျွန်မမျက်ဝန်းထဲတွင် သူရိယနှင့် မြသွေးနီတို့ရဲ့ ပုံရိပ်ကလည်း ထက်ကြပ်မကွာလိုက်ပါလာကြသည်။

♥○♥





ဒီနေ့ အောင်စာရင်းထွက်သည့်နေ့ဖြစ်သည်။ ကျွန်မကတော်တော် ကိုကိုထက်နှင့် မမမြတ်တို့က ကဲကဲဖြစ်သည်။ မနက်မိုးမလင်းခင်ကတည်းက ကိုကိုထက်က အောင်စာရင်းသွားကြည့်သည်။ အိမ်ပြန်အရောက်ကို မစောင့်နိုင်စွာနှင့် သူ့ဟန်းဖုန်းနှင့် လှမ်းဆက်ပြီးပြောသည်။

"အိမ့်သက်ပိုင် ငါးဘာသာထွက်သည်တဲ့"။ အန်တီယဉ်ယဉ်ရော ဦးဦးပါ တပြုံးပြုံး ဖြစ်နေကြသည်။ မမမြတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်း၍ မျက်ရည်တွေတောင်ကျနေသည်။ ကျွန်မကတော့ မနက်ဖြန် အိမ်ပြန်ဖို့ အဆင်သင့် ပြင်ဆင်နေသည်။

မေမေသိရင် အရမ်းဝမ်းသာမှာဖြစ်သည်။ ဖေဖေကတော့ ဆေးတက္ကသိုလ်ဆက်မထားနိုင်၍ ဝမ်းနည်းနေမည်လားမပြောတတ်။ ဖွဲ့သူရိယထက်ကို ကျွန်မ သတိရမိသည်။ သူရော ဘယ်နဘာသာ ပါမည်လဲ။

ကျွန်မ ပြန်မည်ဆိုတော့ ကိုကိုက မျက်နှာညိုသည်။ ဒီရက်ပိုင်းအတွင်း ကိုကိုရဲ့မရိုးသားမှုများကို ကျွန်မတွေ့မြင်နေရပါသည်။ ကိုကိုက ချောသည်။ ပညာတတ်သည်။ ချမ်းသာသည်။ ကျွန်မကိုလည်း အလိုလိုက်သည်။ ကိုကို့မှာ ဘာလိုအပ်ချက်မှ မရှိ။

သို့သော် သူရိယကိုခွဲ၍ ကိုကို့ကို စိတ်ဝင်စားမည်တော့ မဟုတ်ပါ။ တစ်နေ့နေ့မှာ ကျွန်မကို ဖွင့်ပြောမှာ သေချာသည့် ကိုကို့အတွက် တစ်ခုတည်းသော အဖြေမှာ "စိတ်မကောင်းပါဘူး"ပင် ဖြစ်ပါလိမ့်မည်။

အိမ်အပြန် ကားပေါ်မှာ ကိုကိုနဲ့ကျွန်မ နှစ်ယောက်တည်း။ ပြန်ခါနီး အန်တီယဉ်ယဉ်နဲ့ ဦးဦးတို့ကို ကန်တော့တော့





အန်တီယဉ်ယဉ်က မျက်ရည်ကျသည်။ ဖြစ်နိုင်လျှင် တက္ကသိုလ်ကိုတောင် သူတို့အိမ်က တက်စေချင်နေသည်။

ကျွန်မတက်မည့် နိုင်ငံခြားဘာသာတက္ကသိုလ်ကလည်း အန်တီယဉ်ယဉ်တို့နေထိုင်သည့် (၉)မိုင်နှင့်နီးတော့ အဆင်ပြေပါသည်။

မမမြတ်ကတော့ သူ့အိမ်ကနေ ကျောင်းမတက်လျှင် မခေါ်ဘူးဟု ပြောပါသည်။ မမမြတ်တို့ ကျွန်မပေါ်ကောင်းလေလေ၊ ကျွန်မပို၍ အနေကျုံ့လေလေဖြစ်သည်။ သူတို့ ကျွန်မပေါ်ထားသော မေတ္တာ၊ စေတနာများအတွက် ကျွန်မ မျက်ရည်ဝဲသည့်အထိ ကြည်နူးမိပါသည်။

"မိပိုင် ... ကိုကို စကားနည်းနည်း ပြောစရာရှိလို့ အင်းလျားဘက် အရင်မောင်းလိုက်မယ်နော်"

ကျွန်မ ခေါင်းညိတ်မိလိုက်သည်။ ကိုကိုထက်ပြောမည့်စကားကို ကြိုတင်သိနေ၍လည်း စိတ်မောရပါသည်။

"စိမ်းလန်းစိုပြေ"ပန်းခြံထဲသို့ ကျွန်မတို့ကားလေးဝင်စဉ်တွင် ကျွန်မစိတ်ထဲ ရှက်ရွံ့စိတ်များ ဖြစ်ပေါ်နေပါသည်။ ဒီလိုနေရာမျိုးသို့ ကျွန်မ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးပါ။ ကန်ရေပြင်ကို နောက်ခံထားပြီး ခင်ကျင်းထားသော ဆိုင်လေးထဲသို့ ကိုကိုက ကျွန်မ ခွင့်ပြုချက်မတောင်းဘဲ ကျွန်မ လက်ကိုဆွဲကိုင်၍ ဝင်လာခဲ့သည်။ ကျွန်မက လက်ကိုသိသိသာသာ ရုန်းမိသည်။ ထိုင်ခုံလေးပေါ်တွင် ကျွန်မထိုင်စဉ် ကိုကိုက ကျွန်မ နဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံတွင် နေရာယူလိုက်ပါသည်။

ကော်ဖီနှစ်ခွက်ကို မှာယူပြီး ကိုကိုက ကျွန်မ ကော်ဖီခွက်ကို ဇွန်းနှင့် သေချာမွှေပေးပါသည်။ ကျွန်မတို့ဘာ စကားမှ မဆိုဖြစ်ကြသေး။

"မိပိုင် ... ကိုကို စကားတွေ ပလ္လင်မခံချင်တော့ဘူး။ တိုတိုပဲပြောမယ်၊ မိပိုင်ကို ကိုကိုချစ်တယ်"

ကျွန်မမျက်နှာကို ချစ်ရည်လဲ့တဲ့ မျက်ဝန်းတွေနဲ့ စိုက်ကြည့်ရင်း ကိုကိုပြောတော့ ကျွန်မရှက်၍ မျက်နှာတွေရော နားရွက်တွေပါ ထူပူသွားသည်။

"အခွင့်အရေးယူတယ်လို့ မထင်စေချင်ပါဘူး။ ဒီစကားကို ပြောဖို့ ကိုကို တော်တော်စဉ်းစားခဲ့ရပါတယ်။ ဒီလိုပြော လိုက်လို့ မိပိုင် ကိုကိုတို့အိမ်ကနေ ကျောင်းမတက်ဖြစ် တာမျိုးလည်း ကိုကို မဖြစ်စေချင်ဘူး။ မိပိုင် ကိုကို့ကို





စဉ်းစားပေးပါ။ ကိုကို ဘယ်လောက်ကြာကြာ စောင့်ရ စောင့်ရ စောင့်ပါ့မယ်"

ကျွန်မ ဘာစကားမှ မဆိုမိသေးပါ။ ကိုကို့ကိုမချစ် ဘူးဆိုတဲ့စကားမျိုး ပြောမထွက်သလို၊ ချစ်ပါတယ်ဆိုတဲ့ စကား မျိုးလည်း ပြောထွက်မှာ မဟုတ်ပါဘူး။ အရာရာဟာ ပြောင်းလဲ တတ်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ကိုကို့ကို ချစ်လာနိုင် မှာပါ။

"ဟော့ ... ဘာတွေ စဉ်းစားနေတာလဲ၊ ဒါမှမဟုတ် စိတ် ဆိုးသွားတာလား၊ စိတ်ဆိုးလည်း မတတ်နိုင်ဘူး၊ ချစ်တယ် ဆိုတဲ့စကားကိုတော့ ဘယ်တော့မှ ပြန်ရုပ်သိမ်းပေးမှာ မဟုတ်ဘူး"

ကျွန်မက ကော်ဖီကိုသာ ငုံ့သောက်ဆဲ၊ ဘာမှပြန် လည်ချေမပမိ။

"မိပိုင် ... အဲဒီလိုကြီး မလုပ်ပါနဲ့ကွာ၊ ကိုယ်ပြောမိတာ စောတောင်စောသွားပြီလား မသိဘူး။ ကိုယ် နောက်ကျ သွားမှာစိုးလို့ ပြောမိတာပါ ကလေးရာ။ ~~နောက်ဆို~~ မိပိုင် က တက္ကသိုလ်ကျောင်းသူကြီး ဖြစ်တော့မှာ၊ အဲဒီအခါ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်တူချာတိတ်တွေက ဝိုင်းဝိုင်းလည်နေရင် ကိုယ်တော့ ကျန်ရစ်ခဲ့တော့မယ်ဆိုပြီး အမြန်ပြောမိတာပါ”

“ကိုကို ဘယ်တုန်းက ဒီလောက် စကားများသွားတာလဲ”

ကျွန်မက အံ့သြစွာဖြင့် မေးလိုက်တော့ ကိုကိုရှက်ရယ် ရယ်သည်။ ဟုတ်သည်။ ကိုကိုက အလွန်တည်ပါသည်။ အိမ်မှာလည်း သိပ်အပိုစကားပြောသည် မတွေ့ရ။ အခုမှ ဘာလို့ ပေါက်ပေါက်ဖောက်သလို ပြောသည်မသိ။

“ချွတ်ပြီကွာ၊ မိပိုင်တို့ ပြောလိုက်ရင် တစ်လုံးဆို တစ်လုံး ထိတယ်”

“ကိုကို့ကို အဖြေပြန်ပေးဖို့ ကြာဦးမယ်ထင်တယ် ကိုကို၊ ကိုကို စောင့်နိုင်ပါ့မလား၊ ကိုကိုက ဘယ်လောက်ကြာကြာ စောင့်ရ စောင့်ရလို့ ပြေတယ်နော်၊ ကိုကို အကြာကြီးစောင့်ပြီးမှ မိပိုင်အဖြေက ‘ကိုကို့ကို မချစ်ပါဘူး’ဆို ကိုကိုဘယ်လိုလုပ်မလဲ၊ အချိန်တွေကလည်းကုန်၊ အဓိပ္ပာယ်မရှိ၊ အကျိုးမရှိ ဖြစ်သွားမှာပေါ့”

ကိုကိုက ကျွန်မစကားကြောင့် ကျွန်မကို တွေတွေငေးငေး ကြည့်နေပါသည်။ ပြီးမှ တစ်လုံးချင်း ပြောလိုက်သည်။





“ကိုကို့အတွက် မျှော်လင့်ချက်မရှိဘူးလို့ မိပိုင် ပြောလိုက်တာလား”

“ဒီလိုလည်း မဟုတ်ပါဘူး။ အခုအချိန်မှာ မပိုင် ကိုကို့ကို ချစ်မနေတာတော့ သေချာတယ်။ ဒါပေမဲ့ တစ်နေ့နေ့တော့ ကိုကို့ကို ချစ်လာနိုင်တယ်လေ”

“ဒါပေမဲ့ အဲဒါလည်း မသေချာဘူးဆိုတဲ့ သဘောပေါ့”

ကိုကို့မျက်နှာကတော့ အနည်းငယ် ပျက်ယွင်းနေပါသည်။ မတတ်နိုင်ပါ။ အချစ်ဆိုတာ ဘာမှန်းညာမှန်းမသိဘဲနဲ့ အဖြေမပေးနိုင်ပါ။

ကျွန်မတို့ အိမ်ပြန်သည့် ခရီးတစ်လျှောက် ကိုကိုက ဘာစကားတစ်ခွန်းမှ မပြောတော့ပါ။ ကျွန်မလည်း အသက်ရှူချောင်ရပါသည်။ သူတို့အိမ်ကနေ ကျောင်းတက်ဖို့တော့ ကျွန်မ သေချာစဉ်းစားရပါဦးမည်။

အိမ်ရောက်တော့ ကိုကိုက ကျွန်မပစ္စည်းများကို ကားနောက်ခန်းထဲမှ ချပေးပြီး အိမ်ထဲအထိပါ သယ်ပေးပါသည်။ အားလုံးပြီး၍ ကျွန်မ နှုတ်ဆက်ချိန်တွင်မှတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မိပိုင် ... ကိုကို ဘယ်လောက်ကြာအောင် စောင့်ရ၊ စောင့်ရ စောင့်မှာပါ၊ ကိုကို မိပိုင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မိပိုင် နားလည်နိုင်လာတဲ့ တစ်နေ့ကို ကိုကို မျှော်လင့်နေမှာပါ"

ကိုကိုက ကားရှေ့ခန်းကနေ ကျွန်မကိုအနားသို့ခေါ်ကာ ခပ်တိုးတိုးလေး ပြောလိုက်တော့ ကျွန်မ အယောင်ယောင်အမှားမှားဖြင့် "ဟုတ်ကဲ့"ဟု ပြန်ပြောလိုက်သည်။ ကျွန်မမြင်ကွင်းက ကိုကိုကား ပျောက်သွားသည်အထိ ငေးကြည့်နေမိသည်။ ကိုကို့ဝေဒနာတို့ကို ပိုဆိုးစေသောနေ့သည် ဟိုကျက်သရေတုံးကောင်ဖွဲ့သူရိယထက်နှင့် ဂမုန်းပွင့်မှာဆုံသောနေ့က ဖြစ်မည်မှာ သေချာပါသည်။

ကိုကို့လက်မောင်းကို ကျွန်မ လှမ်းချိတ်လိုက်စဉ်တွင် မပြောသေးဘူးဟု ကိုကို ထိန်းသိမ်းထားသော အချစ်တို့သည် ပွင့်ထွက်လာဟန် ရှိပါသည်။ အခုတော့ ကျွန်မက ကိုယ့်ရှုံးကိုယ်ပတ်၊ ကိုယ့်ဒုက္ခကိုယ်ရှာ ဖြစ်နေလေပြီပေါ့။

♥○♥





## အခန်း(၄)

သဝန်တိုမှုတွေနဲ့ အထင်မှားမှုတွေဟာ
သူတို့ရဲ့ ပင်ကိုခံစားမှုနဲ့
ဝေးကွာတဲ့အရပ်ဆီ ရောက်အောင်
သူတို့နှစ်ယောက်ကို လွင့်ပါးစေခဲ့တယ် ...။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



အပါးသားပျော့ပျော့ နီနီရဲရဲလေးပေါ်တွင် စီးကွင့် အဖြူနှင့်အနီ စပ်ထားသော ပန်းပွင့်ပုံလေးတွေကို ရင်ဖုံးတစ်လျှောက် ထိုးထားသော မြန်မာအမျိုးသမီးဝတ်စုံ လှလှလေးနှင့် အနီနဲ့အဖြူ ပန်းခက်လေးတွေပါသော အင်ဒိုနီးရှားကော်တွန်ထဘီလေးကို ဆင်မြန်းထားသော ဖြူဝင်းသွယ်လျကာ ပခုံးကျော်ကျော် ရှည်လျားသော ဆံပင်ထူထူနဲ့ ကောင်မလေးကို အခန်းထဲရှိ ကျောင်းသား





ကျောင်းသူများအားလုံး ငေးမောနေကြသည်။ သူမက ဒီမေဂျာက ကွင်းဖြစ်မှာတော့ ရာနှုန်းပြည့်ပင်ဖြစ်သည်။

ထိုအနီမလေးက ကျွန်မကို မသိသော်လည်း ကျွန်မကတော့ မြသွေးနီ ဆိုသော ထိုအနီမလေးကို ကောင်းကောင်းသိလေသည်။ ပြုံးလိုက်ရင် ပေါ်သွားတဲ့ သွားတက်လေးတွေနဲ့ ရှန်းစိုတောက်ပတဲ့ မျက်နက်ဝန်းတွေကလည်း မြင်သူတကာကို လည်ပြန်ငေးစေပါသည်။ မြသွေးနီရှိသည့် အရပ်တွင် ဇွဲသူရိယထက်လည်း ရှိနေမည်ပေါ့။ ဘယ်ဘဝကရေစက်ကြောင့် ဒီဇွဲသူရိယထက်နှင့် ယခုအချိန်ထိတိုင် မလွတ်ပါသနည်း။ ထိုကောင်မလေးက အခန်းထဲသို့ ဝေ့ဝဲကြည့်စဉ်တွင် ကျွန်မက မျက်နှာလွှဲထားမိသည်။

လွတ်နေသောထိုင်ခုံများတွင် သူမက ဝင်မထိုင်ဘဲ ကျွန်မထိုင်သည့် နောက်ဆုံးတန်းသို့ တည့်တည့်မတ်မတ်လာကာ ကျွန်မဘေးနားတွင် ထိုင်ချလိုက်သည်။

သွားပြီ၊ ထ,သွားလို့ကလည်းမကောင်း၊ နောက်နေ့မှပဲ နေရာပြန်ပြောင်းတော့မည်။

"ဟိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို သူမက လှမ်းနှုတ်ဆက်လိုက်သည်။ သူမ၏ ချစ်စရာကောင်းသော အပြုံးလေးကို ကျွန်မ အသိအမှတ် မပြု၍မရပါ။

"ဟဲလို"

မပွင့်တပွင့်နှင့် ကျွန်မ ပြန်နှုတ်ဆက်လိုက်သည်။

"တို့နာမည်က မြသွေးနီလို့ ခေါ်တယ်၊ မင်းနာမည်က ဘယ်သူလဲ"

"အိမ့်သက်ပိုင်"

"တို့က မန္တလေးက ပြောင်းလာတာ မကြာသေးဘူး၊ ရန်ကုန်မှာ သူငယ်ချင်းကလည်း များများစားစားမရှိဘူး လေ၊ အိမ့်သက်ပိုင်ကို မြင်မြင်ချင်း ခင်လို့ ဟို … 'သက်' လို့ ခေါ်မယ်နော်၊ တို့ကိုလည်း 'နီ'လို့ ခေါ်ပေါ့"

ယဉ်ကျေးမှုအရ ခေါင်းညိတ်လိုက်သော်လည်း ထို "မြသွေးနီ"ဆိုသော ကောင်မလေးကို ကျွန်မ အနည်းငယ်တော့ သံသယဝင်မိသည်။ ဒီလောက် အခန်းထဲမှာ လူတွေအများကြီး ရှိတာ ဘာလို့ ကျွန်မဆီကိုမှ တည့်တည့်လာရတာလဲ။ ကျွန်မ အကြောင်းများ သူရိယဆီက ကြားထားလို့လား။





"ဆယ်တန်းတုန်းက ဘယ်နှဘာသာပါလဲ"

"ငါးဘာသာလေ၊ မြန်မာစာကလွဲလို့ပေါ့"

"ဟုတ်လား၊ သက်က တော်လိုက်တာနော်၊ နီက လေး ဘာသာပဲပါတာ၊ ကံကောင်းလို့ အင်္ဂလိပ်စာအမှတ်မီတာ၊ ဒါနဲ့ ဘာလို့သက်က ဆေးတက္ကသိုလ် မတက်တာလဲ"

"ဝါသနာမပါလို့ပါ"

မြသွေးနီ ဆိုသော ကောင်မလေးသည် ဟိတ်ဟန် ကင်း၏။ ချစ်ဖို့ကောင်း၏။ မာနကြီးပုံလည်းမရ၊ ဖွဲ့သူရိယထက် နဲ့များကွာပါ့။ အမှတ်တမဲ့ မြသွေးနီကိုအကြည့် သူမကလည်း စာအုပ်ကိုထုတ်ကာ ခုံပေါ်အတင်တွင် သူမ၏ဘယ်ဘက်လက် သူကြွယ်တွင် ဝတ်ဆင်ထားသော ပလက်တီနန်လက်စွပ်လေးကို တွေ့လိုက်ရသည်။

"ဟော့ … ဘာကြည့်တာလဲ၊ ဒီလက်စွပ်လေး လှလို့ကြည့် တာလား"

ကျွန်မအကြည့်ကို သတိပြုမိလေဟန် သူမကဆို၏။

"အင်း … ဟုတ်တယ်၊ ဘေးပတ်လည်က ဟာဇလေးတွေက စိန်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် စိန်သေးသေးလေးတွေ မြုပ်ထားတာ၊ အဲဒီ လက်စွပ်က ပုံစံတူနှစ်ကွင်းရှိတာ၊ နီ့ဆီမှာတစ်ကွင်း၊ ဖွဲ့ ဆီမှာတစ်ကွင်း ရှိတယ်"

"ဖွဲ့ဆိုတာ ဘယ်သူလဲဟင်"

သိရဲ့သားနှင့် မြသွေးနီကို ကျွန်မက မေးလိုက်သည်။

"ဖွဲ့ဆိုတာ ဖွဲ့သူရိယထက် ဆိုတဲ့ သူငယ်ချင်းပေါ့၊ အင်း... ရယ်စရာ ပြောရဦးမယ် သိလား၊ သက်ကို မြင်မြင်ချင်း ခင်လို့ပြောပြတာ"

"အင်း ... ပြောပါဦး"

"အဲဒီလက်စွပ်ကို သူ့မွေးနေ့တုန်းက နီက မွေးနေ့လက်ဆောင်အဖြစ် ပေးတာလေ၊ စာမေးပွဲဖြေကာနီးတုန်းက သူ လက်စွပ်ပျောက်သွားသေးတယ်တဲ့"

"နောက်ပြန်တွေ့တယ်ပေါ့"

"ဟုတ်တယ်၊ ဖွဲ့က ပြောတယ်၊ သူ ရေချိုးတော့ လက်စွပ်ကို စာကြည့်စားပွဲပေါ် တင်ထားတာ၊ သူတို့အိမ်မှာမွေးထားတဲ့ 'ဂျက်မ'ဆိုတဲ့ ကြောင်မက ကိုက်ပြီးဆော့ထား





တာတဲ့၊ တော်သေးတယ် ပြန်ရှာတွေ့လို့၊ လက်စွပ်တန်ဖိုးက နည်းတာမှ မဟုတ်တာ"

"ဘာ ... ဘာပြောတယ်၊ ကြောင်မ 'ဂျက်မ' ဟုတ်လား"

ဒေါသတွေက အလိပ်လိုက် ထွက်လာသည်။ သူ တော်တော်အကျင့်မကောင်းတဲ့သူ၊ မြသွေးနီနဲ့ကျွန်မ ဆက်စကားမပြောမိပါ။ အတန်းထဲသို့ ဆရာမဝင်လာသောကြောင့် ဖြစ်သည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်စာရင်း ထွက်ပြီးကတည်းက ဆယ်တန်းကျောင်းသားတွေကို ဂိုက်ပြန်လုပ်တာမို့လို့ မမြတ်တို့အိမ်က ကျောင်းတက်ဖို့ကိစ္စက မဖြစ်မြောက်တော့ပါ။ ယခု ကျောင်းတွေတက်ရတော့ မနက်ကျောင်းတက်၊ ညနေ ဂိုက်ပြန်လုပ်နှင့် ကိုယ့်ဟာနဲ့ကိုယ်တော့ ဟုတ်နေပါသည်။

တစ်ခါတလေတော့ ကိုကိုထက်က ကျောင်းဆင်းချိန်တွင် လာကြိုတတ်ပြီး လှည်းတန်းမှာ တစ်ခုခုသွားစားနေကြ





ဖြစ်သည်။ ရေကြောင်းတက္ကသိုလ်တက်နေသော ဖွဲ့သူရိယထက်ကတော့ ကျောင်းဖွင့်ပြီး နှစ်လတိုင်တိုင် ပေါ်မလာသေး။

စနေ၊ တနင်္ဂနွေတွင်တော့ သူတို့နှစ်ယောက်တွေ့ကြသည်ဟု နီကဆိုသည်။ ကိုကိုထက်ကတော့ တွေ့တိုင်း အမြဲတောင်းမြဲ။ ကျောင်းက သူငယ်ချင်းတွေကလည်း ကျွန်မနှင့်ကိုကိုထက်ကို အတွဲလို့ ထင်ကြသည်။

ကျွန်မ ဘယ်သူ့ကိုမှ အထွေအထူး ရှင်းပြမနေတော့ပါ။ ကျွန်မကို စိတ်ဝင်စားသည့်လူများ နောက်ဆုတ်သွားသည်ကိုပင် ကျေနပ်မိပါသည်။

"ဖွဲ့က ဆယ်တန်းတုန်းက အထက(–)မှာတက်တာ၊ သက်မသိဘူးလားဟင်၊ သက်တို့ တစ်ကျောင်းတည်း မဟုတ်လား၊ ပြီးတော့ ဖွဲ့က ဆယ်တန်းမှာ(၆)ဘာသာပါတာလေ"

တစ်ခါတလေ ကျွန်မကို မယုံသင်္ကာဟန်ဖြင့် နီမေးသည့်အခါ ကျွန်မ အိုးတိုးအမ်းတမ်း ဖြစ်မိပါသည်။ နီကသူမရဲ့အလွန်ချောမောသော ဂုဏ်တော်သော နာမည်ကြီးသောကောင်လေးကို ကျွန်မ မသိသည်ကို သိပ်လက်ခံချင်ပုံမရ။

"နေပါဦး ... နီနဲ့ အဲဒီ ဖွဲ့ဆိုတာနဲ့က ဘာလဲ၊ ရည်းစားတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘယ်လိုပြောမလဲ၊ သက်နဲ့ ကိုကိုထက်လိုပေါ့၊ သက်တို့နှစ်ယောက်က ဘာလဲလို့ နီမေးတိုင်း သက်မဖြေဘဲ ပြုံးစိစိ လုပ်နေသလိုပေါ့"

"ဘာလဲ ... နီက ကလဲ့စားချေတာပေါ့လေ"

"အဲဒီလိုတော့ မဟုတ်ပေါင်၊ တစ်ရက်လောက် နီတို့လေးယောက် အပြင်မှာ တစ်ခုခုသွားစားကြရအောင်၊ ဖွဲ့နဲ့သက်ကို မိတ်ဆက်ပေးမယ်"

"နီ ကျောင်းကအကြောင်းတွေကို အဲဒီ ဖွဲ့ကို ပြောပြသေးလားဟင်"

"ဘယ်ကပြောဖြစ်ရမှာလဲ၊ ကိုယ့်အကြောင်း ပြောနေရတာတောင် အချိန်က သိပ်မလောက်ဘူး"

သူ့အကြောင်းပြောတော့ သူ့ကို သတိရမိသွားပါသည်။ သူနဲ့ ရန်မဖြစ်ရတာ ပျင်းစရာတော့ အကောင်းသားပင်။ ပြန်တွေ့ရမည်ဆိုတော့ ပျော်သလို၊ နီနဲ့တွဲတွေ့ရမည်ဆိုတော့ စိတ်ထဲက တစ်မျိုးဖြစ်ပြီး မတွေ့ချင်တော့ပြန်။ နီကချိန်းတိုင်း အကြောင်းပြချက်များစွာဖြင့် ကျွန်မ ရှောင်ရှားခဲ့ပါသည်။ သို့သော် ကံကြမ္မာက ကျွန်မတို့နှစ်ယောက်ကို ပြန်ဆုံတွေ့စေခဲ့သည်။

♥ ○ ♥





လမ်းထိပ်ကဖုန်းဆိုင်က ဖုန်းလာခေါ်သဖြင့် အပြေးလေး ကျွန်မသွားမိသည်။ အချိန်က ညရှစ်နာရီပင် ကျော်နေသည်။

"ဟဲလို"

"အေး ... မိပိုင်လား၊ မမမြတ်ပါ"

"ဩော် ... မမမြတ်၊ ပြော ... ဘာလဲ စိတ်ကောက်ပြေသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ နောက်ဆုံးတော့ ပိုချစ်တဲ့သူက အလျှော့ပေးရတာပေါ့"

"ဟာ ... မမမြတ်ကလည်း၊ အဲဒီလို မပြောပါနဲ့၊ မိပိုင်က ဒီမှာစာသင်နေရလို့ပါ၊ မမမြတ်ကိုလည်း မိပိုင်က အစ်မအရင်းတစ်ယောက်လို ချစ်တာပါ"

"ဒါပဲ ... ဒီစကားလေးတွေနဲ့ ချွဲနေတာပဲ၊ စကားကလည်း သိပ်တတ်တယ်"

"ဘာကိစ္စရှိလို့လဲ မမမြတ်၊ ဒီအချိန်ကြီး ထဆက်ရတာလဲ"

"ယောက်မလေး မနက်ဖြန် အားတယ်မဟုတ်လား၊ အားရင် ရုပ်ရှင်သွားကြည့်မလားလို့၊ ကိုကိုပါ လိုက်မှာနော်၊ ဘယ်လိုလဲ ... ငြင်းဖို့မကြိုးစားနဲ့"

"ဟာ ... မမမြတ်ကလည်း၊ မိပိုင် အားလား မနက်ဖြန် ရုပ်ရှင်သွားကြည့်ရအောင်ဆို ပြီးနေတဲ့ဟာ၊ စကားတွေက အနှောင့်မလွတ်၊ အသွားမလွတ်နဲ့"

"ကဲ ... ပြော၊ အားတယ် မဟုတ်လား၊ မမမြတ်တို့ လာခေါ်မယ်၊ ရှစ်နာရီလောက်လေ၊ မြို့ထဲမှာ လျှောက်ပတ်စားသောက်ပြီးမှ (၁၂:၃၀)ပွဲ သွားကြည့်မယ်လေ၊ သမ္မတမှာ"





"ဘာကားလဲ မမမြတ်"

"ဟတ်ထိတယ်လေ"

"ကောင်းတယ် ... မိပိုင်လည်း ကြည့်ချင်တာ၊ ဒါဆို ဒါပဲ မမမြတ်"

"အေး ... အေး"

မမမြတ်က အခုနောက်ပိုင်း သူ့အစ်ကိုနှင့် ကျွန်မတို့အခြေအနေကို ရိပ်မိပုံရ၏။ ကန့်ကွက်ဟန်လည်းမပြ။ အိမ်မှာလည်း ကိုကိုထက်ကို မြှောက်ပေးပုံရ၏။ အန်တီယဉ်ယဉ်နဲ့ ဦးဦးက စိတ်သဘောထားပြည့်ဝ၍ ကျွန်မကို သမီးအရင်းလိုချစ်သည်။ မမမြတ်က ညီမလေးအရင်းလို ကျွန်မကိုချစ်၍ ကိုကိုထက်က မျက်နှာညိုမခံဘဲ ကျွန်မကို အလိုလိုက်လွန်း၏။

ကဲ ... ဘာလိုသေးသလဲ၊ တစ်ခုပဲ လိုပါသည်။ ဒါကတော့ အချစ်ပင်။ ကျွန်မ မချစ်တတ်သေးပါ။ ရင်ခုန်သံသံစဉ်တွေကို ကျွန်မနလုံးသားမှာ ကိုကိုနဲ့ပတ်သက်ပြီး ရှာမတွေ့သေးပါ။ သို့သော် ကျွန်မအတွက် အသင့်တော်ဆုံးလူမှာ ကိုကိုထက်ဖြစ်သည် ဆိုသည်ကိုတော့ ကျွန်မ လုံးဝမငြင်းနိုင်ပါ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ဆိုတော့ ရုပ်ရှင်ရုံတွင် လူတွေကအပြည့်၊ လက်မှတ်မရသူက မရနိုင်။ တော်သေးသည် မမမြတ်တို့က လက်မှတ်သုံးစောင်ကို ကြိုတင် Booking လုပ်ထားလို့။

"ဟဲ့ ... ဟဲ့ ... သက်၊ ရုပ်ရှင်လာကြည့်တာလား"

နောက်နားမှ ကျွန်မလက်ကို လာဆွဲသော နီ့ကို တွေ့လိုက်ရပါသည်။ ပြီးတော့ သူ့နောက်နားတွင် ရပ်နေသော





ဇွဲသူရိယထက်ကိုလည်း တွေ့လိုက်ရပါသည်။ သူ အရင်ကထက်ပင် ပို၍ချောလာပါသည်။ ကျွန်မ သူ့ကိုတွေ့လိုက်သည်နှင့် ရင်ထဲက ဒိတ်ခနဲ ခုန်သွားသည်။ သူက ကျွန်မကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားသည်။

"သက် ဘယ်သူတွေနဲ့ လာကြည့်တာလဲ"

နီ့စကားမဆုံးခင် ရေခဲမုန့်ဝယ်လာသော ကိုကိုထက်က ကျွန်မလက်ထဲကို ရေခဲမုန့်ခွက်လေး လာထည့်ပေးသည်။ မမမြတ်ကတော့ ရုပ်ရှင်ပိုစတာတွေကို လျှောက်ကြည့်နေသည်။ ကျွန်မက ဇွဲသူရိယထက် ကြားလောက်သော အသံဖြင့် ...

"သက်က ကိုကိုနဲ့ ရုပ်ရှင်လာကြည့်တာလေ၊ နီရော ဘယ်သူနဲ့ လာကြည့်တာလဲ"

နီကလည်း အားကျမခံ ဇွဲသူရိယထက်၏လက်မောင်းကိုဆွဲ၍ ကျွန်မတို့ရှေ့သို့ ခေါ်လာ၏။ သူ့မျက်နှာက အလွန်ကိုတည်လွန်း၍ စူပုပ်သည့်ဘက်သို့ ရောက်နေပါသည်။

"ဒါလေ နီပြောပြောနေတဲ့ ဇွဲပေါ့၊ ဇွဲ ... ဒါလေ နီ့ရဲ့ အခင်ဆုံးသူငယ်ချင်း အိမ်သက်ပိုင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ယဉ်ကျေးမှုမရှိစွာနှင့်ပင် ကျွန်မကို ပြုံးမပြပါ။ သူ့မျက်ဝန်းတွေထဲမှာ ကိုကိုထက်ကို မလိုတမာအရိပ်တွေက လျှံထွက်နေသည်။ နီကတော့ ဖွဲ့အမူအရာကြောင့် မျက်နှာပျက်သွားသည်။ အခြေအနေကို ကျွန်မကပင် ဝင်ထိန်းလိုက်ရသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဖွဲ့သူရိယထက်၊ လူကိုမမြင်ဖူးပေမယ့် နီ့ဆီကတော့ သူရိယအကြောင်း အမြဲကြားနေရပါတယ်"

သူက ကျွန်မစကားကြောင့် အပြုံးတစ်ချက် ပြုံးလိုက်ပါသည်။ သို့သော် ထိုအပြုံးသည် မဲ့ပြုံးမျှသာဖြစ်၏။ ကိုကိုထက်က ကျွန်မလက်ကိုဆွဲ၍ ရုပ်ရှင်ရုံခန်းမထဲဝင်ရန် ပြောလေသည်။

ကိုကိုထက်ကလည်း သူ့ပုံစံကို ကြည်လို့ရပုံ မပေါ်ပေ။

"နေပါဦး အိမ့်သက်ပိုင်၊ ငါတို့ အရမ်းခင်ကြတယ်ဆိုတာ ဘာလို့ မြသွေးနီကို ပြောမပြထားတာလဲ"

သူ့ဆီက မမျှော်လင့်သောစကားကို ကြားလိုက်ရသောအခါ အလွန်အံ့အားသင့်စွာကြည့်သော နီ့အကြည့်နှင့် သံသယများစွာပါသော ကိုကို့အကြည့်တို့ကြားမှာ ကျွန်မ အလွန်ကိုအနေခက်ရပါ၏။





ဤဖွဲ့သူရိယထက်သည် ကျွန်မကို ဘယ်လိုလက်တုံ့ပြန်ရမှန်းသိ၍ ကျွန်မထက် တစ်ကွက်ပိုကျော့နေသူသာဖြစ်သည်။

ရုပ်ရှင်ရုံထဲဝင်ပြီး ရုပ်ရှင်စ,ကြည့်ချိန်အထိ ကိုကိုက ကျွန်မကို ဘာစကားမှ မပြောပါ။ မမြတ်ကသာ ကျွန်မတို့နှစ်ယောက်ကြားထဲမှာထိုင်ပြီး စကားတွေကို ပေါက်ဖောက်ဖောက်သလို ပြော၏။ ကျွန်မကတော့ အတွေးတွေနှင့် နစ်မျောနေ၏။ တနင်္လာနေ့ကျရင် နီ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။ ကိုကိုထက် မေးရင် ဘယ်လိုပြန်ဖြေရမယ်၊ ခေါင်းတွေရှုပ်နေရ၏။ ဖွဲ့သူရိယထက်ကိုလည်း စိတ်ထဲမှ အဆက်မပြတ် ကျိန်ဆဲမိ၏။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်နေ့လုံး နီက ကျွန်မကိုစကားမပြောပါ။ အလွန်သဘောကောင်းသော ကျွန်မကို ခင်တွယ်သော နီ့အမုန်းကိုခံရမှာ ကျွန်မ စိုးကြောက်မိပါသည်။ ကျွန်မဘေးတွင်ထိုင်၍ စကားတစ်လုံးတောင် မပြောသော နီ့ကို ကျွန်မ ဘယ်လိုရင်ဆိုင်ရမည်ကို စဉ်းစားနေမိသည်။

ထမင်းစားချိန်တိုင်း ကျွန်မတို့နှစ်ယောက် ကျောင်းဝန်းထဲရှိ တစ်ခုတည်းသော ကန်တင်းသို့ နေရာရအောင် အပြေး





ဖားယားပြေးနေကျ။ တစ်ခါတလေတော့ အခန်းထဲမှာပင် နားအေးပါးအေး စားတတ်ကြသည်။ အခု ဘဲလ်တီးပြီး ကျွန်မ သူမကို တည့်တည့်စိုက်ကြည့်ပြီး မေးလိုက်သည်။

"ကန်တင်း သွားမှာလား"

သူမက ကျွန်မအမေးကို ခေါင်းခါပြသည်။

"နီ ... သက်ကို တော်တော်မကျေမနပ် ဖြစ်နေတာလား"

နီက ကျွန်မ မျက်လုံးထဲသို့ သေချာစိုက်ကြည့်ကာ ...

"ဟုတ်တယ် သက်၊ သက်ကို သိပ်ရိုးတဲ့သူ၊ နီ့ကို နီခင်သလို သိပ်ခင်တဲ့သူလို့ နီ ယုံကြည်ထားခဲ့တာ၊ ဖွဲ့အကြောင်းတွေကို တစ်ချိန်လုံး အရူးကြီးတစ်ယောက်လို လျှောက်ပြောနေမိတယ်၊ တကယ်ဆို တစ်လုံးလောက်ဖြစ်ဖြစ် သိတယ်၊ ခင်တယ်ဆိုတဲ့အကြောင်း ပြောပါလား"

"နီ ... ငါ ဘယ်လိုပြောပြရမလဲ၊ တမင်တကာ ရည်ရွယ်ပြီး မပြောဘဲနေတာ မဟုတ်ပါဘူး၊ တကယ်တော့ သူရိယနဲ့ သက်နဲ့ဟာ နီပြောသလို မခင်ပါဘူး။ ကျောင်းမှာ ခဏ ခဏ ရန်ဖြစ်လွန်းတဲ့ ကျောင်းနေရန်ဘက်တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ ပြောပြသင့်တာပေါ့၊ ဖွဲလည်းအတူတူပဲ၊ သက်အကြောင်းတွေ လုံးဝ နီ့ကို မပြောပြခဲ့ဘူး"

"ဟုတ်တယ်လေ၊ သက်တို့က တစ်ယောက်နဲ့တစ်ယောက် ကြည့်လို့မှ မရကြတာ"

"အဲဒါဆို ရုပ်ရှင်ရုံမှာတုန်းက ဘာလို့ သိပ်ခင်ကြတာလို့ ဖွဲက ပြောခဲ့လဲ"

"အဲဒါ သက်ကို ဒေါက်ဖြုတ်ချင်လို့ပေါ့ နီရဲ့၊ ရှင်းနေတာပဲ"

"အဲဒီ အဓိပ္ပာယ်တစ်ခုတည်းတော့ ဟုတ်ပုံမရဘူး"

နီ့ရဲ့ထင်မြင်ချက်ကို ကျွန်မ မမေးစမ်းတော့ပါ။ သူမ၏ ကျွန်မတို့အပေါ် သံသယစိတ်တွေကိုလည်း မကြီးထွားစေချင်တော့ပါ။ သေချာတာကတော့ သူရိယသည် ကျွန်မကိုသာမက ကိုကိုထက်ကိုပါ အလွန်မနှစ်မြို့စွာ မုန်းတီးနေသည်ပင်ဖြစ်သည်။

ကျွန်မနှင့် နီတို့၏ဆက်ဆံရေးသည် ထိုနေ့မှစ၍ အေးစက်သွားခဲ့သည်။ သရုပ်ပျက်ရလောက်အောင်တော့ မဟုတ်ခဲ့ပါ။ နေရာပြောင်းထိုင်တာတွေ၊ ထမင်းအတူမစားတော့တာတွေ





တော့ မရှိခဲ့ပါ။ သို့သော် အရင်ကလို နွေးထွေးမှု ရှိမနေတာတော့ အမှန်ပင်ဖြစ်သည်။

သူရိယကို ကျွန်မ မကျေနပ်ပါ။ သူသည် ကျွန်မနဲ့ ကိုကိုထက်၊ နီနဲ့ ကျွန်မတို့ကြားထဲသို့ သံသယများစွာ ထားရစ်ခဲ့သည်။ ကျွန်မ ရှင်းပြသော်လည်း မည်သူကမျှ ယုံကြည်ဟန်မပြ၊ သူ ဘာဖြစ်ချင်တာလဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ၊ ကျွန်မသိပ်ကိုသိချင်ပါသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



အရင်ကထက် အများကြီး ပိုလှလာသော အိမ့်သက်ပိုင်ကို မမျှော်လင့်ဘဲ မြသွေးနီ ပြောပြောနေသည့် သက်ဆိုသော မြသွေးနီ၏သူငယ်ချင်းအဖြစ်ဖြင့် ပြန်တွေ့ချိန်တွင် ကျွန်တော်သည် သူမအပါးတွင်ရှိသော ကိုကိုဆိုသောသူနှင့် တွဲ၍တွေ့လိုက်ရသဖြင့် အတော်ကြီးကို မကျေမနပ် ဖြစ်ခဲ့ပါသည်။

ကျွန်တော်နှင့် အိမ့်သက်ပိုင် မည်သို့မျှ မသက်ဆိုင်သော်လည်း ထိုလူ့ကို အိမ့်သက်ပိုင် အနားတွင် လုံးဝမရှိစေချင်





ပါ။ ကျွန်တော့်ကို မသိချင်ယောင်ဆောင်ကာ အခုမှတွေ့ဖူးလေဟန် သူမ သရုပ်ဆောင်တော့ အသည်းယားမိသည်။

ရုတ်တရက် သူမကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဖို့ အကြံရကာ ရုပ်ရှင်ရုံထဲ ဝင်ကာနီး "နေပါဦး အိမ့်သက်ပိုင်၊ ငါတို့ အရမ်းခင်ကြတယ်ဆိုတာ ဘာလို့ မြသွေးနီကို ပြောမပြတာလဲ"ကို လှမ်းပြောလိုက်သည်။

မြသွေးနီရဲ့ သံသယမျက်လုံးနဲ့ ကိုကိုဆိုတဲ့လူရဲ့ သံသယမျက်လုံးတွေဟာ အိမ့်သက်ပိုင်နဲ့ ကျွန်တော်တို့အပေါ် တစ်လှည့်စီ ကျရောက်နေပါသည်။ မြသွေးနီကတော့ စူပုပ်တင်းမာနေသော မျက်နှာထားနှင့် ကျွန်တော့်ကို အိမ်ပြန်သည်အထိ စကားတစ်လုံးမှ မပြောပါ။

တကယ်တော့ သူမမေးလျှင် ကျွန်တော်က ကျောင်းတော်ကရန်စကို ပြန်ပြောပြပြီး ရယ်မောကြမည်ဟု တွေးထားခဲ့မိသည်။ သို့သော် သူမက ဘာတစ်လုံးမှမမေး၊ မာနကြီးစွာဖြင့် ကျွန်တော့်ကို ဖုန်းပင်မဆက်တော့။

အခုလောက်ဆိုလျှင် အိမ့်သက်ပိုင်သည်လည်း သူမ၏ ကိုကိုနှင့် ပြဿနာတက်လောက်ပြီ။ မြသွေးနီနှင့်လည်း မည်



www.burmeseclassic.com

www.burmeseclassic.com



သို့ရင်ဆိုင်နေရမည်မသိ။ တကယ်ဆို မသိချင်ယောင်ဆောင်လိုက်၍ရသည်။ သို့သော် ကျွန်တော့်ရှေ့တွင် ပိုင်စိုးပိုင်နင်း အိမ့်သက်ပိုင်၏လက်ကိုကိုင်၍ ရပ်ရှင်ခန်းမထဲဝင်ရန် ပြောသော ထိုလူ့ကို အလွန်အမြင်ကတ်သွား၍ဖြစ်သည်။

အလွန်ဗွာသော အိမ့်သက်ပိုင်ကရော ဘာလို့ထိုလူ့ကို ဒီလောက် အရေးပေးနေရတာလဲ။ သူတို့နှစ်ယောက် ချစ်သူတွေလို့ ကျွန်တော် အခုအချိန်အထိ လက်မခံချင်ပါ။ ကျွန်တော်နဲ့ နီနဲ့ကလည်း အခုအချိန်အထိ ပီပီပြင်ပြင် ချစ်သူတွေမဟုတ်ကြသေး။

မြသွေးနီကို propose လုပ်ဖို့ကိစ္စ ကျွန်တော် နှောင့်နှေးနေမိသည်။ ဒါကို မိန်းမသားဖြစ်သော သူမက သိပ်စိတ်ရှည်ပုံမပေါ်ပါ။

သူမမှာ သူမဖခင် အထူးကုဆရာဝန်ကြီး ရန်ကုန်ကို အလုပ်ပြောင်းရသဖြင့် အလွန်ပျော်ရွှင်ဗွာ ကျွန်တော်နဲ့နီးရပြီဟူသော အသိဖြင့် ရင်ခုန်လှုပ်ရှားနေသော်လည်း ကျွန်တော်က အလိုက်ကမ်းဆိုးမသိဗွာ သူမကို ချစ်ခွင့်ပန်ဖို့ ရွှေ့ဆိုင်းနေမိပါသည်။





တစ်ခါတလေ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ဆန်းစစ်ကြည့်မိသည်။ ကျွန်တော် မြသွေးနီကို တကယ်ချစ်တာမှ ဟုတ်ပါလေစ။ ဘယ်အရာက ကျွန်တော် မြသွေးနီကို ချစ်ခွင့်ပန်ရန် တားဆီးနေပါသနည်း။ ကျွန်တော် အဖြေရှာမရ။ မြသွေးနီဟူသော လှလွန်းသော နာမည်လေး ပျောက်ကွယ်သွားမှာစိုး၍ သူမကို နီလို့ပင် ကျွန်တော် မခေါ်တတ်ခဲ့။

စီးပွားရေးရော၊ ပညာရေးရော၊ လူနေမှုအဆင့်အတန်းပါ အထက်တန်းကျသောမိသားစုမှ ပေါက်ဖွားလာသော နီသည် ကျွန်တော့်အတွက် အလွန်သင့်တော်သော မိန်းကလေးသာဖြစ်၏။ မေမေကလည်း နီနဲ့ဆို ဘယ်သွားသွား ဘယ်လာလာ တပြုံးပြုံးနှင့် သဘောကျနေတတ်သည်။

တကယ်ဆို အိမ့်သက်ပိုင်ကို ကျွန်တော် မတွေ့ခဲ့လျှင် ကောင်းသား၊ လာမယ့် ဖေဖော်ဝါရီ valentine day မှာ ကျွန်တော် နီ့ကို ချစ်ခွင့်ပန်ဖို့ စီစဉ်ထားပါသည်။ သို့သော် အိမ့်သက်ပိုင်ကို တွေ့လိုက်သည့် ခဏမှာပင် ကျွန်တော့်စိတ်ကူးယဉ်အိမ်မက်တို့ ပျောက်ပျက်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်မှန်းသိသိနှင့် အိမ့်သက်ပိုင်ကို ကျွန်တော့်နှလုံးသား အနက်ရှိုင်းဆုံးနေရာက လိုလားတောင့်တ နေမိသည်။ သူမကို တွေ့လိုက်သည့်ခဏမှာပင် ကျွန်တော့်နှလုံးသား၊ ကျွန်တော့်မှတ်ဉာဏ်ထဲတွင် အိမ့်သက်ပိုင်နှင့် ပတ်သက်၍ စိုက်ပျိုးခဲ့သော အပင်သည် "အမုန်းပင်" မဟုတ်ဘဲ "အချစ်ပင်" ဖြစ်နေမှန်း ကောင်းကောင်းကြီး ရိပ်စားမိတော့သည်။

♥ ○ ♥





ဖုန်းမြည်သံကြောင့် ကျွန်တော် ဖုန်းကိုကောက်ကိုင်လိုက်သည်။ ဒီတနင်္ဂနွေ ကျွန်တော် အပြင်မထွက်ဖြစ်။ မြသွေးနီဆီမှ ဖုန်းဖြစ်မည်ထင်သည်။

"ဟဲလို"

"ဟဲလို ... သူရိယနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... အခုပြောနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူရိယ ... ငါပါ အိမ့်သက်ပိုင်"

ကျွန်တော့် ကိုယ့်နားပင် ကိုယ်မယုံနိုင် ဖြစ်ရသည်။ သူမ ဘာကြောင့် ဖုန်းဆက်သည်ကိုလည်း သိလိုစိတ် ပြင်းပြနေမိသည်။

"အိမ့်သက်ပိုင် ... ဘာကိစ္စရှိလဲ၊ ပြော"

"ငါ နင်နဲ့ စကားနည်းနည်းပြောချင်တယ် သူရိယ၊ ဖုန်းထဲကတော့ မဟုတ်ဘူး၊ နင်နဲ့ မျက်နှာချင်းဆိုင်ကို ပြောချင်တာ၊ ဆွေးနွေးချင်တာ"

"ငါ သဘောပေါက်ပြီ၊ ဘယ်ကိုလာခဲ့ရမလဲ"

"ဂမုန်းပွင့်အပေါ်ထပ်က J'donuts ကိုလာခဲ့၊ နောက်နာရီဝက်ဆို ငါ အဲဒီကိုရောက်ပြီ"

"Ok ... ငါ လာခဲ့မယ်၊ ကမ္ဘာအေးက ဂမုန်းပွင့်နော်"

"ဟုတ်တယ် ... ဒါပဲ"

သူမ ဖုန်းချသွားပါသည်။

သူမ ဘာရည်ရွယ်ချက်နဲ့ ကျွန်တော့်ကိုခေါ်မှန်း မသိပေမယ့် ကျွန်တော်ကတော့ သူမနဲ့တွေ့ဖို့ စကားပြောဖို့ လိုလားမိပါသည်။





ဂမုန်းပွင့်အပေါ်ထပ်က J'donuts ဆိုင်ထဲ လှမ်းဝင်လိုက်စဉ်တွင် ဆိုင်ထောင့်တစ်နေရာက စားပွဲပေါ်တွင် ထိုင်နေသော သူမကို တွေ့လိုက်ရပါသည်။ စပို့ရှပ်အနက် ကိုယ်ကျပ်လေးနှင့် ဂျင်းဘောင်းဘီ သရီးကွာတားလေး ဝတ်ဆင်ထားသော သူမသည် အလွန်ကို ချစ်စရာကောင်းနေပါသည်။

အဆီနည်းနည်းပြန်နေသော မျက်နှာလေးနှင့် လိမ္မော်ရောင်စိုလဲ့လဲ့လေး ဆိုးထားသော သူမနှုတ်ခမ်းတွေကလည်း ဆွဲဆောင်မှုအပြည့်ပင်။ ပခုံးကျော့်ကျော့် ဆံပင်စင်းစင်းလေးတွေကလည်း တစ်မျိုးတစ်ဘာသာ သူမအလှကို ဖြည့်စွက်ပေးထား၏။ ရှုးရှတောက်ပတဲ့ မျက်ဝန်းတွေထဲက အဓိပ္ပာယ်အချို့ကို ဘာသာပြန်ဖို့ရန်တော့ ကျွန်တော် မတတ်စွမ်းနိုင်ပါ။

ကျွန်တော်က ကောင်တာတွင် စတော်ဘယ်ရီတစ်ခွက်ကို မှာယူငွေချေပြီး သူမရှိရာသို့ လျှောက်လှမ်းသွားခဲ့သည်။

ခုံပေါ်တွင် ဖုန်းလေးကိုတင်ကာ သူမမျက်နှာချင်းဆိုင်မှ ထိုင်ခုံတွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ ပြီးတော့ စတော်ဘယ်ရီကို straw မှတစ်ဆင့် တစ်စုပ်၊ နှစ်စုပ် သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် သောက်လို့ပြီးပြီလား သူရိယ"

ကျွန်တော့်ကိုကြည့်ရင်း စိတ်မရှည်စွာနှင့် သူမပြောလေသည်။

"ပြောစရာရှိတာ ပြောလေ၊ သောက်ရင်းနဲ့ နားထောင်မှာပေါ့"

"ဒီမှာ ... သေချာနားထောင် ငါပြောမယ်၊ နင် ငါ့ကို ဘာဖြစ်စေချင်တာလဲ။ နင်အမြဲ ငါ့ကိုနှောင့်ယှက်တဲ့ ရည်ရွယ်ချက်က ဘာလဲ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

ကျွန်တော် မနိုးမခန့် ရယ်လိုက်သည်။

"ဘာရယ်တာလဲ၊ ငါမေးတာ ဖြေလေ"

"ငါ ဘယ်တုန်းကများ နင့်ကိုစ,ပြီး နှောင့်ယှက်ရန်စဖူးလို့လဲ"

"ထားတော့၊ အရင်ကဟာတွေကို ထားလိုက်ပါတော့၊ ပြီးခဲ့တဲ့တစ်ပတ်က ရုပ်ရှင်ရုံမှာ နင်ပြောတဲ့စကားကြောင့် ငါ အခု စိတ်ညစ်နေရတယ်ဟဲ့ ... သိလား"





"ဒါ ဘယ်သူမပြု မိမိမှုပဲလေ၊ နင် ငါ့ကို သိရဲ့သားနဲ့ မသိချင်ယောင် ဆောင်တာကိုး"

"ဩော် ... ဒါဆို အားလုံးက ငါ့အပြစ်ပေါ့၊ ဟုတ်လား သူရိယ"

"ကိုယ့်ဘာသာကိုယ် သိရင်လည်း ပြီးတာပဲလေ"

သူက မနိုးမခန့်လေသံဖြင့် ကျွန်မ မခံချင်အောင် ပြော၏။

"သူရိယ"

သူမ စိတ်ဆိုးပြီးအော်သံကြောင့် တခြားစားပွဲမှလူများ ကျွန်တော်တို့ကို စောင်းငဲ့ကြည့်ကြသည်။

"ဒီမှာ လူတွေအများကြီးပဲနော် အိမ့်သက်ပိုင်၊ တအားစွတ်အော်မနေနဲ့"

"သူရိယ ... နင် ငါ့ကို တော်တော်မုန်းနေတာလား၊ ဘာဖြစ်လို့လဲ၊ ငါ ဘာတွေများ နင့်ကို ထိခိုက်နစ်နာအောင် လုပ်မိလို့လဲ၊ ပြောပါ သူရိယ"

သူမမျက်ရည်ဝဲကာ အသံတိမ်တိမ်နှင့် ကျွန်တော့်ကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုဆို နီက ငါ့ကို သိပ်အခေါ်အပြော မလုပ်ချင်တော့ဘူး၊ ကိုကိုလည်း အဲဒီအတိုင်းပဲ၊ သူတို့ ငါတို့နှစ်ယောက်ကို တစ်ခုခု ပတ်သက်နေတယ်လို့ သံသယရှိနေကြတာ၊ အဲဒါ နင်သိလား"

"တခြားသူတွေအကြောင်း အသာထားလိုက် အိမ့်သက်ပိုင်၊ ငါ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ ငါသိချင်တာက နင့်ခံစားချက် အစစ်အမှန်ပဲ၊ နင်ရော ငါ့အပေါ်မှာ ဘယ်လိုသဘောထားလဲ၊ ငါ့ကို သိပ်မုန်းနေသလား"

"ဟုတ်တယ် ... သိပ်မုန်းတယ်၊ သိလား သူရိယ၊ နင့်ကြောင့် ငါ့မာနတွေလည်း ကျိုးပဲ့ခဲ့တယ်၊ အခုဆို ငါ့ကို ချစ်တဲ့သူ နှစ်ယောက်ကိုလည်း ဆုံးရှုံးရမလို ဖြစ်နေပြီ"

"အထူးသဖြင့် နင့်ကိုကိုကြောင့်ပေါ့ ဟုတ်လား အိမ့်သက်ပိုင်"

"ဟုတ်တယ်၊ ကိုကိုက ငါ့ကို အရမ်းချစ်တာ၊ ပြီးတော့ ..."

"တော်တော့ အိမ့်သက်ပိုင်၊ ဆက်မပြောနဲ့တော့၊ ငါသဘောပေါက်ပြီ၊ ငါဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ငါ နောက်ဆုံးအနေနဲ့ နင့်ကို ပြောလိုက်မယ်၊ ငါ တကယ်ချစ်





နေမိတာ နင့်ကိုပဲ အိမ့်သက်ပိုင်၊ ဒါပေမဲ့ ငါ နင့်ကိုဘယ်တော့မှ ချစ်ခွင့်တောင်းမှာ မဟုတ်ဘူး။ တကယ်တော့ မြသွေးနီနဲ့ငါ အခုထက်ထိ ဘာမှမဟုတ်ခဲ့ဘူး။ နင့်အပေါ် တိတ်တဆိတ် ငြိတွယ်ခဲ့တဲ့ ငါ့စိတ်ကြောင့် ငါ မြသွေးနီကို အခုထက်ထိ ချစ်ရေးမဆိုမိသေးဘူး"

သူ့စကားတွေက ကျွန်မနှလုံးသားကို အတုန်လှုပ်ကြီး တုန်လှုပ်စေခဲ့ပါတယ်။ သူ ဘာကြောင့် ဒီလောက်ပေါက်ကွဲသွားမှန်းလည်း ကျွန်မ တကယ်မသိရိုးအမှန်ပါ။

"ဒီတော့ ... အခု ငါဆုံးဖြတ်လိုက်ပြီ အိမ့်သက်ပိုင်၊ အခုလာမယ့် ဖေဖော်ဝါရီ(၁၄)မှာ ငါ မြသွေးနီကို ချစ်ခွင့်တောင်းမယ်၊ နင့်ကိုကိုအတွက်တော့ စိတ်မပူပါနဲ့၊ ငါနဲ့ မြသွေးနီတို့ ချစ်သူဖြစ်သွားကြရင် ဒီကိစ္စလည်း အလိုလိုရှင်းပြီးသား ဖြစ်မှာပါ။ ဆောရီးပဲဟာ ... အားလုံးအတွက် ဆောရီးပါ။ ဒီနေ့ကစပြီး ငါ နင့်ကိုနှောင့်ယှက်၊ ရန်စ၊ တိုက်ခိုက်တော့မှာ မဟုတ်ဘူးဆိုတာ နင် သိလိုက်ပါ အိမ့်သက်ပိုင်"

"မဟုတ်ဘူး သူရိယ၊ ငါနဲ့ ကိုကိုနဲ့က ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစကား မဆုံးသေးခင်မှာ သူက ကျွန်မစကားကို ဆက်နားမထောင်လိုဟန် လက်ကာပြီး နေရာမှထထွက်ကာ ကျွန်မကို ကျောခိုင်းသွားတော့သည်။

သူရိယလို့ ကျွန်မရင်ထဲက ကျယ်လောင်စွာ အော်ခေါ်နေမိသည်။ ကျွန်မ သတိမထားမိစဉ်မှာပင် မျက်ရည်တွေက ကျွန်မမျက်ဝန်းအိမ်မှ တလိမ့်လိမ့် ကျဆင်းနေသည်။ ရင်ထဲမှာ ဆို့နင့်နေပြီး နာကျင်နေသည်။

"နင့်ကို ငါအရမ်းချစ်ပါတယ်"လို့ ငါဘယ်တော့မှ ပြောခွင့်ရတော့မှာ မဟုတ်ဘူးပေါ့နော် သူရိယ၊ ဘာလို့လဲဆိုတော့ နင့်စကားအတိုင်း ငါ့ကို နင် ဘယ်တော့မှ ချစ်ခွင့်မပန်တော့ဘဲ နို့ရင်ခွင်ထဲကို နင် အပြီးအပိုင် ထွက်ခွာသွားတော့မှာပေါ့။ ငါ ... ငါလေ ငါ့ရင်ထဲကို နင့်ကိုမြင်ကြည့်စေချင်ပါတယ်ဟာ၊ တို့တွေ ဟိုးအရင်ကလိုပဲ ရန်ဖြစ်၊ စကားများပြီး ပြီးသွားမယ်လို့ ငါထင်ထားခဲ့ပေမယ့် နင်ကတော့ ငါ့ကို အငြိုးကြီးစွာနဲ့ ထားရစ်ခဲ့ပြီပေါ့၊ ငါ နင့်ကို အရမ်းချစ်နေမှန်း သိလိုက်ရချင်းမှာပဲ ငါ့အသည်းတွေလည်း ပြန်ဆက်စရာမရှိအောင်ကို ကွဲကြေခဲ့ပါပြီ သူရိယရယ် ...။

♥○♥





## အခန်း(၅)

နှောင်တ,တရားကို ရင်ဝယ်ပိုက်ထားတဲ့
ကောင်လေးတစ်ယောက်နဲ့ ..
နာကျင်ကြေကွဲမှုကို အဖော်လုပ်နေရတဲ့
ကောင်မလေးတစ်ယောက်ရဲ့ကြားမှာ ...
သောကတွေ ကြီးစိုးနေတဲ့
မြေဇာပင်မလေးတစ်ယောက်
ရှိနေခဲ့ပါတယ် ...။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝင်ဝင်ချင်း ကျွန်မကို အပြုံးနဲ့ဆီးကြို နေတဲ့ နီ့ကိုတွေ့လိုက်ရလျှင်ဘဲ သူတို့နှစ်ယောက် ပြေလည်သွားကြပြီဆိုတာ ကျွန်မ နားလည်လိုက်ရသည်။

ကျွန်မ မနေ့ကတစ်နေ့လုံး အိပ်လို့မပျော်ပါ။ စားလို့လည်းမရ။ တစ်စုံတစ်ခုက ကျွန်မလည်ချောင်းထဲတွင် ဆို့နေသည်။





အချစ်ဆိုသည့်အရာကို ချိုမြိန်သော သစ်သီးတစ်လုံးနှင့် ဘာကြောင့်များ နှိုင်းနှိုင်းကြသည်ကို ကျွန်မ တကယ်ကိုနားမလည်နိုင်တော့ပါ။ ကျွန်မ်အတွက်တော့ အချစ်သည် ပူလောင်ပြင်းပြနေသည်။ လူတွေအများကြီးကြားထဲမှာ နေလျက်နှင့်ပင် အထီးကျန်ဆန်နေရသည်။

အို ... မဟုတ်သေးပါ။ ဒါ အချစ်ရဲ့အဓိပ္ပာယ်မှ မဟုတ်တာ။ အသည်းကွဲခြင်းရဲ့ ပြယုဂ်တစ်ခုပဲ။

"သက် ... မနေ့က ဖွဲ့ကို သွားရန်တွေ့တယ်ဆို"

"အင်း ... သူရိယ ပြောပြတာလား"

"ဒါပေါ့၊ ဆောရီးပဲ သက်ရယ်၊ သက်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းကို သေချာမသိလို့ နီ အထင်မှားခဲ့တာ၊ အခု ဖွဲ့နဲ့ သက်တို့ နားလည်မှုရသွားပြီဆို"

"အင်း"

ကျွန်မ မချိုပြုံးလေး ပြုံးမိသည်။ နားလည်မှုရသွားတယ် ... ဟုတ်လား သူရိယရယ်။ နင်ထင်တာတွေ နင်စွတ်ပြောပြီး ငါ့ရင်ထဲကို မြင်အောင်မှ နင်မကြည့်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် နီ ဖွဲ့အစား ထပ်တောင်းပန်ပါတယ် သက်ရယ်။ သက်တို့နှစ်ယောက် ပြေလည်သွားကြတာ နီ သိပ်ဝမ်းသာတယ်။ သက်နဲ့ ဖွဲ့နဲ့က နီ့ရဲ့အချစ်ဆုံးနှစ်ယောက် မဟုတ်လား"

"အခုမှ ဖားမနေပါနဲ့၊ ပြီးခဲ့တဲ့ တစ်ပတ်လုံး စူပုပ်နေပြီးတော့များ"

"I aoplogize to you for my misunderstanding" (ငါ့ရဲ့နားလည်မှုလွဲမှားတဲ့အတွက် နင့်ကို ငါ တောင်းပန်ပါတယ်)

"Nevermind, but it must be the last time."(ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ဒါ နောက်ဆုံးအကြိမ် ဖြစ်ပါစေ"

"I promise not to do so." (ဒီလိုမဖြစ်ဖို့ ငါ ကတိပေးပါတယ်)

နီက ကျွန်မလက်တွေကို ဆုပ်ကိုင်ထားပါသည်။ နီရယ် ... ငါ့ရင်ထဲက အချစ်တွေကို ငါ ဘယ်တော့မှ ပြခွင့်မရတော့ဘူး၊ နီကတော့ ကံကောင်းပါတယ်၊ ဟုတ်ပါတယ်လေ။ အဆင့်အတန်းချင်းတူတဲ့ နီတို့နှစ်ယောက် လိုက်ဖက်ပါတယ်။





"ဖွဲ့က ပြောတယ် သိလား သက်၊ လာမယ့်တနင်္ဂနွေကိုတဲ့ နီတို့လေးယောက် တစ်နေရာရာမှာ တစ်ခုခုသွားစားကြရအောင်တဲ့၊ သက်ကိုကို သက်ကို အထင်မှားနေတာလည်း ရှင်းသွားစေချင်လို့ပါ"

"သူ့ရိယကို ကျေးဇူးတင်တယ်လို့ ပြောပေးပါ နီရယ်၊ ကိုကိုက သက်ကို အမြဲနားလည်ပေးပါတယ်လို့"

"ဩော် ... သက်တို့က ပြန်အဆင်ပြေသွားကြပြီလား၊ နီ့ကိုတောင် မပြောဘူး"

စကားတွေကို အဆက်မပြတ် ပြောနေတဲ့ ချစ်စရာကောင်းပြီးမှ လှပလွန်းတဲ့ နီ့ကို ငေးကြည့်ပြီး ကျွန်မ သက်ပြင်းချလိုက်မိတယ်။

သိပ်ချစ်ရတဲ့ ချစ်သူကို ဆုံးရှုံးလိုက်ရပေမယ့် ခင်စရာကောင်းတဲ့ သူငယ်ချင်းကို ပြန်ရလိုက်တာ ကျွန်မအတွက် ဖြေသိမ့်စရာတစ်ခုပေါ့နော်။

ကျေးဇူးပြုပြီး သူ့ရိယရယ်၊ ငါတို့ ထပ်ဆုံကြဖို့ မကြိုးစားပါနဲ့။ ငါလည်း နင်နဲ့မတွေ့ဖို့ ကြိုးစားမှာပါ။ နင်ထင်သလို ငါနဲ့ ကိုကိုနဲ့က ဘာမှမဟုတ်ခဲ့ပါဘူး။ နင့်ကို နာကြည်းလို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုကို့ကို ငါအဖြေပြန်ပေးမှာ မဟုတ်ပါဘူး။ ငါ့မျက်ရည်တွေ၊ အချစ်တွေ၊ အရှုံးတွေ အားလုံးကို ငါ့ရင်ထဲမှာပဲ ထာဝရ သိမ်းထားလိုက်မှာပါ။

"ဘာတွေတွေးနေတာလဲ သက်၊ ဒီနေ့ ဖွဲ လာကြိုမယ်ပြောတယ်၊ သူ ကျောင်းက လစ်လာမှာလေ၊ လှည်းတန်းမှာ တစ်ခုခု သွားစားရအောင်ဟာ"

အလိုက်ကန်းဆိုးမသိစွာနဲ့ပြောသော နီ့ကို ကျွန်မ စိတ်ကုန်မိသည်။

ကျွန်မ မျက်ဝန်းထဲက ကြေကွဲရိပ်တွေကို သူမ မမြင်တာလား၊ ကျွန်မ ကြေကွဲနေတယ်လို့ သူမ မထင်တာလား တစ်ခုခုပင်ဖြစ်မည်။

"နေပါစေဟာ၊ ငါ ဒီနေ့ ကျူရှင်သင်စရာရှိတယ်။ ဖယ်ရီနဲ့ပဲ ပြန်လိုက်တော့မယ်၊ တစ်နေ့နေ့တော့ စားမှာပါ"

"ဒါနဲ့ ကိုကိုထက်တောင် ကျောင်းမလာတာ ကြာပြီနော်"

"မလာတာပဲ ကောင်းတယ်၊ စိတ်ရှုပ်လွန်းလို့"

တိုတိုပြတ်ပြတ် ပြောလိုက်သော ကျွန်မအသံကြောင့် နီက ကျွန်မကို အံ့ဩဟန်ဖြင့် သေချာကြည့်နေပါသည်။





ကျွန်မ ပင်ပန်းနေပါသည်။ မပြောချင်ဘဲ စကားတွေ ပြောနေရသည်။ မလုပ်ချင်ဘဲ အလုပ်တွေ လုပ်နေရသည်။ သူ့ရိုယအကြောင်း မတွေးချင်ပေမယ့်လည်း အချိန်ပြည့် ခေါင်းထဲ ရောက်ရောက်လာသည်။ ကျွန်မ ရှုးနေပြီ ထင်ပါရဲ့ ...။

♥ ○ ♥

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိလား ဖွဲ၊ သက်ကလေ အရင်ကနဲ့ လုံးဝမတူတော့ ဘူး"

"ဟုတ်လား ... ဘာဖြစ်သွားလို့လဲ"

ကော်ဖီငုံ့သောက်နေရာမှ တွေးဆဆလေး ပြောလာသည့် မြသွေးနီကို ကျွန်တော် ကြည့်ရင်းမေးလိုက်သည်။

"ရည်းစားပူ မိနေသလိုပဲ၊ အရင်ကဆို သက်က ဖျတ်ဖျတ် လတ်လတ်၊ သွက်သွက်လက်လက်နဲ့ အခုတော့တစ်မျိုးပဲ၊



ဘယ်လိုပြောမလဲ တစ်ခုခုကို ခံစားနေရသလိုပဲ၊ သူ ဘယ်လိုကြိုးစားကြိုးစား သူ့မျက်လုံးထဲမှာ အရိပ်ထင်နေ တယ်"

"ဟုတ်ပါ့မလား မြသွေးနီရာ၊ အိမ့်သက်ပိုင် အကြောင်း ငါ အသိဆုံး၊ အရမ်းမာကျောတာ၊ တော်ရုံတန်ရုံလောက် ကို ခေါင်းထဲထည့်တာ မဟုတ်ဘူး။ မာနကလည်း မိုးအထိ မြင့်တယ်၊ ဒီကြားထဲ ကလဲ့စားကလည်း ချေတတ်သေး တယ်"

"ဖွဲ့နော် ... နို့သူငယ်ချင်းကို အဲဒီလိုမပြောပါနဲ့၊ သက်က စိတ်နလုံးကောင်းပြီး ရိုးသားပါတယ်"

"အင်း ... သူငယ်ချင်းကိုထိတော့ နာတတ်လိုက်တာ၊ မဟုတ်မှလွဲရော သူ့ကိုကိုနဲ့ အဆင်မပြေကြသေးဘူးနဲ့ တူတယ်"

"အဲဒီလိုလည်း ဟုတ်မယ်မထင်ဘူး ဖွဲ့ရဲ့၊ သူ့ကိုကိုက ကျောင်းကို လာနေတာပဲ၊ ဟိုတစ်နေ့ကတောင် နီ သူတို့ နဲ့ မုန့်လိုက်စားသေးတယ်၊ သူ့ကိုကိုကြောင့်တော့ ဟုတ် မယ်မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းရှုပ်ပါတယ် မြသွေးနီရယ်၊ ဘာတွေညာတွေ မစဉ်းစားစမ်းပါနဲ့၊ မနက်ဖြန် Valentine day နော်"

"အဲဒီတော့ ဘာဖြစ်လဲ၊ ခွဲကို တောင်းဆိုစရာရှိတယ်"

"ဘာ ... ကိုယ့်ကို propose လုပ်မလို့ ဟုတ်လား၊ ထုံးတမ်းစဉ်လာတွေကို ပြောင်းပြန်မလုပ်ပါနဲ့ မြသွေးနီရာ"

"တော်ပြီ ခွဲရာ၊ တို့ တကယ်ပြောနေတာ၊ တို့ကို နီလို့ပဲ ခေါ်ပါ ခွဲရာ၊ မြသွေးနီလို့ ခေါ်ရတာ မမောဘူးလား"

"ခေါ်မှာပဲ၊ Valentine Day ကစပြီးတော့ ရာသက်ပန်ကို ခေါ်မှာပါ"

"ခွဲနော်"

မြသွေးနီက ရှက်ပြုံးပြုံးနေပါသည်။

ထူးဆန်းစွာပင် မြသွေးနီရဲ့ ချစ်စဖွယ်အပြုံးကို ကျွန်တော်ခံစား၍ မရပြန်ပါ။ တစ်ခါက ရင်ခုန်လှုပ်ရှားစွာယိမ်းယိုင်ခဲ့ဖူးသော မိန်းကလေးတစ်ယောက်ဟာ အချိန်တိုလေးအတွင်းမှာ ကျွန်တော့်ကို ဒီလိုခံစားမှုမျိုး တစ်ဖန်ထပ်ပြီး မပေးစွမ်းနိုင်တော့တာ ဘာကြောင့်ပါလဲ ? ။





ဘာပဲဖြစ်ဖြစ် မြသွေးနီကို ကျွန်တော် အိမ့်သက်ပိုင်ရှေ့မှာပင် propose လုပ်ချင်မိသည်။ မနက်ဖြန် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော်နဲ့ မြသွေးနီအပြင် သူ့ကိုပါ ရှိစေချင်သည်။ သူနှင့် သူ့ကိုကို့ကို တွဲလျက်အနေအထားနှင့် ကြည့်ဖို့တော့ ကျွန်တော် အားမွေးရပါမည်။ ဘာဖြစ်သလဲ ကျွန်တော့်အနားမှာ နီရှိနေပြီပဲ။

အချိန်တွေ ... သူမကို တိတ်တခိုးမျှော်လင့် ဖွဲလမ်းနေရသည့် အချိန်တွေ အလွန်နှမြောမိသည်။ သူမကတော့ သူမကိုကိုနှင့် အလွန်ပျော်ရွှင်ကြည်နူးနေချိန်တွင် ကျွန်တော့်မှာတော့ အရူးပမာ ဘေးနားမှာရှိတဲ့ ပန်းလှလှရဲ့မွှေးရနံ့ကိုတောင် လျစ်လျူရှုနိုင်ခဲ့သည်။ သူမက ကျွန်တော့်ကို ပြောခဲ့ပါသည်။ သူမ ကျွန်တော့်ကို သိပ်မုန်းပါသည်တဲ့။

မရည်ရွယ်ဘဲ သူမရဲ့ကိုကိုနဲ့ အဆင်မပြေလို့ ကျွန်တော့်ကို ပြဿနာလာရှာတဲ့ သူမကို ကျွန်တော့်ရင်ထဲက စကားတစ်ခုကို ပွင့်အန်မိပါသည်။ သူမကတော့ ကျွန်တော့်ကျရှုံးမှုကို နောက်ကွယ်မှာ ရယ်မောနေလိမ့်မည်။ သို့သော် ကျွန်တော်သည် သူမကြောင့် ဘဝပျက်မတတ် ခံစားကြေကွဲနေတတ်သူ မဟုတ်မှန်း သူမသိအောင်တော့ ပြရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မြသွေးနီ … ဩော် မှားလို့၊ နီ မနက်ဖြန် ကျောင်းဆင်းချိန်မှာ အိမ့်သက်ပိုင်နဲ့ သူ့ကိုကိုတို့ကို ကိုယ်တို့နဲ့အတူတူ ဆိုင်တစ်ဆိုင်မှာ သွားစားဖို့ ဖိတ်ရမယ်"

"ဩော် … ဖိတ်ပါတယ် ဖွဲ့ရယ်၊ သက်က နေ့ရွှေ့ညရွှေ့နဲ့မို့ပေါ့၊ မနက်ဖြန် သူ့ကိုကိုလာမှာ သေချာတယ်၊ အဲဒီတော့မှ သူ့ကိုကို့ကို ပြောလိုက်မယ်"

ကျွန်တော်သည် Valentine Day လက်ဆောင်ဝယ်ဖို့ ဦးလေးတစ်ယောက်၏ gift shop ဆိုင်လေးထဲ ဝင်ကြည့်မိသည်။ ကျွန်တော် ဘာတွေလုပ်နေမှန်း ကျွန်တော့်ကိုယ်ကျွန်တော် သေချာမသိပါ။ မြသွေးနီကို အစုမဟုတ်တောင် တစ်နေ့နေ့တော့ ချစ်လာနိုင်ပါသည်။ သူမက ကျွန်တော့်ကို ရင်ခုန်လှုပ်ရှားစေခဲ့ဖူးသည် မဟုတ်လား။ တန်ဖိုးကြီးသည့် လက်ဆောင်တစ်ခုခု နီ့ကိုပေးရမည်။ ဒါမှ သူမအပေါ်မှာ ကျွန်တော် ဘယ်လောက်အလေးထားတယ်ဆိုတာ အိမ့်သက်ပိုင် မြင်တွေ့သွားမည်ဖြစ်သည်။

♥○♥





ဒီနေ့ကို ကျွန်မ မရောက်လိုပါ။ သူကြွေးကြော်ခဲ့ဖူးသော နီ့ကို သူ propose လုပ်မည့်နေ့လေ၊ ကျွန်မဆီမှ ကိုကို့ဖုန်းနံပါတ်ကိုတောင်းကာ ကိုကို့ဟန်းဖုန်းကို လှမ်းဆက်ပြီး နီက ကျွန်မတို့လေးယောက် တစ်နေရာရာတွင် တစ်ခုခုသွားစားဖို့ အကြောင်း ပြောနေသည်။ ဒါ သူရိုယအကြံအစည်ပင် ဖြစ်ရမည်။

ဒီနေ့ ကျွန်မ သူ့ဆန္ဒတွေ အကောင်အထည်ဖော်မည်ကို သူဖြစ်စေချင်သလို စောင့်ကြည့်ပေးပါမည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှေ့တွင်ပင် နီ့ကို ချစ်ရေးဆိုချင်ဟန်ရှိသည်။ ကျွန်မနှလုံးသားတွေက တဆတ်ဆတ် နာနေပါသည်။ ကြိုတင်ပြင်ဆင်နေသည့်အချိန်မှာပင် ကျွန်မရင်ထဲအောင့်ပြီး နာလာသည်။ မျက်ရည်တွေ… အမိက,က မျက်ရည်တွေ တားဆီးဖို့ပင်ဖြစ်သည်။ သူ့ကို ဘာမှမခံစားရသလို၊ ဘာမှမဖြစ်သလို ပုံစံမျိုးဖြင့် ကြည့်နေနိုင်ရမည်။

အိမ့်သက်ပိုင် … ကြိုးစားလိုက်ပါ။ နင်သိပ်ချစ်ရတဲ့ချစ်သူ ဆန္ဒပြည့်ဖို့ နင့်မာနအတွက်၊ သိက္ခာအတွက် နင်ကြိုးစားလိုက်ပါ အိမ့်သက်ပိုင်၊ လုံး၀ လုံး၀ ခံစားချက်တွေ နည်းနည်းလေးတောင် အပြင်မရောက်ပါစေနဲ့၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ်အားပေးနေမိပါသည်။

ကိုကိုက ကျောင်းဆင်းပြီး ဂိတ်တံခါးက ထွက်ထွက်ချင်း ကျွန်မနဲ့နီ့ကို အပြုံးနှင့်ဆီးကြိုသည်။ သိပ်မကြာခင်မှာပင် သူရိယ ရောက်လာပါသည်။

ကျွန်မတို့လေးယောက်သား မတိုင်ပင်ဘဲနှင့် လှည်းတန်းက စိန်ဂေဟာသို့ ရောက်သွားကြသည်။ စိန်ဂေဟာထဲမှာတော့ Valentine Day ဖြစ်တာမို့ အင်္ကျီဆင်တူ၊ ဘောင်းဘီဆင်တူ ၀တ်ထားသော အတွဲများနှင့် ပြင်ပွဲပျော်ပွဲတွေက အများကြီးပင်။





ကျွန်မတို့လေးယောက် စိန်ဂေဟာ အပေါ်ထပ်မှ ကော်ဖီဆိုင်လေးထဲ ၀င်မိကြသည်။ ကိုကိုက ကျွန်မစားချင်တာတွေ၊ နီနှင့် သူရိယ စားချင်တာတွေကိုမှာပြီး ပိုက်ဆံရှင်းမည့် အလုပ်တွင် သူရိယက ပိုက်ဆံအတင်းထုတ်ရှင်း၏။ နီကတော့ သူရိယနှင့် ကိုကို့ကိုကြည့်ပြီး သဘောကျစွာ ရယ်နေသည်။ မရယ်နိုင်သူက ကျွန်မတစ်ယောက်တည်းသာဖြစ်၏။

"အဟမ်း … ဒီနေ့ကတော့ တော်တော်မင်္ဂလာရှိတဲ့နေ့ပါပဲ၊ ဒီနေ့ အိမ့်သက်ပိုင်နဲ့ ကိုမျိုးထက်မောင်ကို ဖိတ်ကြားရတာကတော့ ကျွန်တော် ကောင်မလေးတစ်ယောက်ကို ချစ်ရေးဆိုရာမှာ အသိသက်သေလုပ်ပေးဖို့ပါပဲ"

"ဟ … စေ့စပ်တာ၊ လက်ထပ်တာပဲ အသိသက်သေလုပ်တယ် ကြားဖူးပါတယ်၊ မင်းတို့ကလေးတွေက မှဟုတ်ကဟုတ်က တော်တော်လုပ်တတ်တယ်"

ကိုကိုက ပြောသာပြောသည် ပျော်နေပုံရ၏။

သူရိယသည် သူ့ကျောပိုးအိတ်ထဲမှ ကတ္တီပါဘူးလေးတစ်ဘူးကိုထုတ်ကာ နီ့ကို ကမ်းပေးရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် နီ့ကိုသိပ်ချစ်တယ်၊ ဒီလက်ဆောင်လေးဟာ ကိုယ့် အချစ်သက်သေအဖြစ် နီ့နားမှာ ထာဝရရှိနေမှာပါ"

ကျွန်မရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။ ပီဇာကို လှီးနေသောဓားက ကျွန်မရဲ့တုန်ယင်နေသောလက်ကြောင့် အလွဲလွဲအချော်ချော် ဖြစ်နေသည်။ လူက ဟာလာဟင်းလင်းလို ခံစားနေရသည်။ နီ့ရယ်သံ၊ ကိုကိုရဲ့သြဘာပေးသံတို့က ဟိုးအဝေးကနေ လာသလိုပင်ဖြစ်သည်။

"gift shop ကပစ္စည်းတွေက သိပ်မလှလို့ ရွှေဆိုင်ပဲသွားပြီး မြလော့ကတ်သီးလေးပဲ လုပ်လိုက်တာ၊ ဒီထဲမှာဓာတ်ပုံ ထည့်လို့ရတယ်လေ"

သူကပြောပြီး ကျွန်မဘက်သို့ မသိမသာ မျက်စိစွေကြည့်ပါသည်။ ကျွန်မ သူ့ကို အားယူကာ ပြုံးပြလိုက်သည်။ ပီပြင်ဟန်တော့ မပေါ်ပါ။

"ကိုထက်တို့ရော ဘယ်လိုလဲ နီးပြီလား၊ ဘယ်တော့လောက် စားရမှာလဲ"

နီက ကိုကို့ကို မေးလိုက်သည်။





"ကိုယ်က နာမည်ကြီးထမင်းတော်ပါကွာ၊ မိပိုင်ဆီက ဒီနေ့အထိ လုံးဝအဖြေမရသေးပါဘူး။ ငယ်ငယ်ကတည်းက ခင်လာကြတာဆိုတော့ မိပိုင်က ကိုယ့်ကိုပြောင်းမချစ်နိုင်ဘူးနဲ့ တူပါတယ်ကွာ"

ကိုကို့စကားကြောင့် သူရိယသည် နီ့အတွက် ကော်ဖီကို ဇွန်းနဲ့မွှေပေးနေရာမှ ဇွန်းက ရုတ်တရက် လွတ်ကျသွား၏။

"ချလွမ်"

သူရိယက ဇွန်းကို ကပျာကရာ ကောက်လိုက်ပါသည်။

"ဖွဲတို့ကတော့လေ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"

နီက အလိုမကျဟန်ဖြင့် ပြောသည်။

မှားပြီဟူသော အသိက ကျွန်တော့်ကို နာကျင်စေခဲ့သည်။ ပျက်ယွင်းနေသောမျက်နှာဖြင့် စကားတစ်လုံးမှ မဆိုဘဲ ငြိမ်ငြိမ်လေးထိုင်ကာ ကျွန်တော်လုပ်သမျှကို လိုက်ကြည့်နေသည့် ကြေကွဲရိပ်သမ်းနေသော သူ့မျက်ဝန်းတွေရဲ့အဓိပ္ပာယ်ကို ကျွန်တော် သိစပြုလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ သက်ရယ်၊ ဘာကြောင့် သေချာမပြော ခဲ့တာလဲ၊ အခု ကိုယ် ဘာလုပ်ရမှာလဲ၊ နို့ကိုချစ်ခွင့်ပန်ပြီးမှ ကျွန်တော်ထင်သလို သူနဲ့ ကိုထက်တို့ ချစ်သူတွေ မဟုတ်ကြ တာ၊ ငယ်ငယ်ကတည်းက အိမ်နီးချင်းဖြစ်ပြီး အရမ်းခင်မင်ခဲ့ ကြတာကို သိလိုက်ရသည်။ ကျွန်တော် ဘယ်တတ်နိုင်မှာလဲ၊ ကျွန်တော် ရှုံးသွားမလွှာက် ခံစားနေရပါသည်။

ကျွန်တော့်ကို အားယူပြုံးပြနေတဲ့ သူမအပြုံးတွေထဲ မှာ တစ်စုံတစ်ခုတော့ ပျော်ဝင်နေသည်ဟု ကျွန်တော် ထင်ခဲ့မိ သား။ အပြန်လမ်းမှာ ကျွန်တော် နှုတ်ဆိတ်နေသည်။ နီက စကားတွေ တတွတ်တွတ် ပြောနေပေမယ့် ကျွန်တော့်စိတ်ကတော့ သက်ဆီမှာပင်။

အိပ်မက်ထဲမှာ လမ်းလျှောက်သလို ကိုထက်နောက် ကိုလိုက်၍ ကိုထက်ကားပေါ်တွင် ပါသွားသော သက်ကို ကျွန်တော် ကြေကွဲစွာ ကြည့်နေမိသည်။ သူမနဲ့ ကိုထက် ဘာမှမဟုတ်မှန်း သူမ ကျွန်တော့်ကို ရှင်းပြဖို့ ကြိုးစားခဲ့သည်ကို ကျွန်တော် ပြန် မြင်ယောင်မိသည်။





အားလုံးသည် ကျွန်တော်၏အမှားများသာလျှင်ဖြစ် သည်။ ဒီချစ်သူများနေ့တွင် ကျွန်တော်ချစ်တဲ့ သက် ရင်ထဲက အချစ်တွေကို ကျွန်တော် မြင်လိုက်ရသည်။ သို့သော် အရာရာ အားလုံး နောက်ကျသွားပြီဖြစ်သည်။ ဖြစ်နိုင်လျှင် ကျွန်တော် မိနစ်အနည်းငယ်ကို နောက်ပြန်ဆုတ်ကြည့်ချင်ပါသည်။

အိမ်ပြန်ရောက်တော့ အခန်းတံခါးပိတ်ပြီး အိပ်ရာ ပေါ် လှဲလိုက်သည်။ မျက်နှာကျက်မှာ နာကျင်မှုကို ကြိုးစားဖုံးဖိ နေသည့် သက်ရဲ့မျက်နှာကို မြင်နေရသည်။ အခုလောက်ဆို သက် ငိုနေမှာလား။ ဒီနေ့မှ ချစ်ခွင့်ပန်ထားသော နီ့ဆီမှ ဖုန်း လာမည်စိုး၍ ဟန်းဖုန်းကို ပိတ်ထားလိုက်သည်။

သက်ရယ် ... ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် ရူးနစ်စွာ ချစ်ခဲ့ကြပေမယ့် ဘာကြောင့်များ တစ်ယောက်နဲ့တစ် ယောက် မပွင့်လင်းခဲ့ကြတာလဲ။ ဘာကြောင့်များ သက်အပေါ် အငြိုးကြီးစွာနဲ့ လက်စားချေချင်ခဲ့ရတာလဲ။ အခုတော့ ကိုယ်မွေးခဲ့ တဲ့မီးဟာ ကိုယ့်တစ်ကိုယ်လုံးကို လောင်မြိုက်ခဲ့ပါတယ်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



နီ့ရဲ့ အတင်းအကျပ် တောင်းဆိုမှုကြောင့် ကျွန်မဟာ သူမတို့မိသားစုနဲ့အတူ ရွှေစက်တော်ဘုရားဖူးထွက်တာ လိုက်ပါခဲ့ရပါတယ်။ အိမ်အထိလိုက်လာပြီး မေမေ့ကို ခွင့်တောင်းပြီးခေါ်တာမို့လို့ ငြင်းလို့မရခဲ့ပါဘူး။

သူရိယကို မျက်နှာချင်းမဆိုင်ချင်ပေမယ့် ဒီခရီးမှာ ပါလာဦးမည့်သူ့ကို မဖြစ်မနေ ရင်ဆိုင်ရဦးမှာပဲ။ ကိုယ့်သူငယ်ချင်းရဲ့ချစ်သူ ဖြစ်သွားပြီဖြစ်သည့် ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူကို





ဘယ်လိုမျက်နှာမျိုးနဲ့ ဘယ်လိုခံစားမှုမျိုးနဲ့ ရင်ဆိုင်ရမှာလဲ။ သုံးရက်တာဒီခရီးဟာ ကျွန်မကို အရမ်းပင်ပန်းစေမှာပါ။

ကျွန်မတို့ နီ့ရဲ့ Hiace ကားလေးနဲ့ သွားခဲ့ကြတယ်လေ။ နီ့အဖေကတော့ ဂျူတီရှိ၍ မလိုက်နိုင်ခဲ့ပါ။ နီ့မေမေရယ် သူ့အဒေါ်တစ်ယောက်ရယ်၊ မောင်ဝမ်းကွဲတစ်ယောက်ရယ်၊ သူရိယနဲ့ ကျွန်မ စုစုပေါင်း နီပါဆို ခုနစ်ယောက်ပေါ့။

သောကြာနေ့ည ခုနစ်နာရီက စထွက်ပြီး ရွှေစက်တော်ကို နောက်တစ်နေ့မနက် ငါးနာရီ ဝေလီဝေလင်းမှာ ရောက်ရှိခဲ့ကြသည်။ ပွဲတော်ရက်ဖြစ်သည်မို့ ဘုရားဖူးတွေက အရမ်းပြည့်ကျပ်နေသည်။ ကံမကောင်းချင်တော့ အခန်းကောင်းကောင်းမရတော့။

နောက်ဆုံးတော့ ယာယီတည်းခိုဆောင်လေး နှစ်ခန်းသာရပြီး၊ တစ်ခန်းမှာ မိန်းမလေးယောက်တည်းပြီး၊ နောက်တစ်ခန်းမှာတော့ ဒရိုင်ဘာဦးလေးကြီးနဲ့ သူရိယနဲ့ နီ့မောင်ဝမ်းကွဲတို့ကို တည်းစေခဲ့သည်။

ခရီးလမ်းတလျှောက်လုံး ကျွန်မ မျက်လုံးမှိတ်လာခဲ့သည်။ အချိန်ကလည်း ညဥ့်အချိန်ဆိုတော့ အိပ်မောကျနေသလို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါပေမဲ့ ကျွန်မချစ်တဲ့လူ ကျွန်မ၏မလှမ်းမကမ်းမှာဆိုသော အသိက ကျွန်မနှလုံးသားကို ပူနွေးလှုပ်ရှားစေခဲ့သည်။

ဒီလိုခံစားမှုမျိုး မပေါ်ပေါက်သင့်ဟု ကျွန်မထင်သည်။ သို့သော် ပရမ်းပတာခုန်နေသာရင်ကို ဘယ်အရာနဲ့များ ထိန်းချုပ်လို့ ရမှာလဲ။ အို ... ဘာဖြစ်သေးလဲ၊ ကျွန်မ သူ့ကို ချစ်ခွင့်ရှိတာပဲ။ ကျွန်မရင်ထဲကနေ ချစ်နေခွင့်ရှိတာပဲ။ ချစ်သူမဟုတ်ရင်တောင် သူငယ်ချင်းအဖြစ် ကျွန်မတို့ နေလို့ရသေးတာပဲ။ သူ ကျွန်မကို "ချစ်ခဲ့တယ်"ဆိုတဲ့ အသိနဲ့တင် ကျွန်မ ဖြေသိမ့်ကျေနပ်လိုက်ပါပြီ။ ဘဝမှာ အလွန်ကြေကွဲစွာ နာကျင်ငိုကြွေးခဲ့ရတဲ့ နေ့တစ်နေ့ကို ကျွန်မ ပင်ပန်းခက်ခဲစွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီးပြီပဲ။ ဒီ့ထက်ပို ခံစားစရာ ရှိပါဦးမလား။

ရေစပ်နားက တည်းခိုဆောင်ရတာမို့လို့ ရေချိုး၊ ရေစိမ်ဖို့ အဆင်ပြေလှသည်။ သို့သော် ရေကြောက်တတ်သော ကျွန်မအဖို့ တံတားပေါ်မှထိုင်၍သာ ရေစိမ်၊ ရေကူးနေသော သူများကို ငေးကြည့်နေမိသည်။

"ဟဲ့ ... သက်၊ လာလေ... ရေကတိမ်တိမ်လေး၊ ခြေနှစ်ချောင်း ရေထဲချပြီးတော့ တစ်နေကုန် ထိုင်နေတော့မလို့လား"





နီက ကျွန်မကို အားမရစွာဆို၏။ မန်းချောင်းက ရေတိမ်ပေမယ့် ရေစီးက အင်မတန်သန်၏။ ကျွန်မ ရေစီးနှင့်အတူ ပါသွားမှာ အကြောက်ဆုံးပင်။

နို့အမေနှင့် အဒေါ်တို့ကလည်း ရေထဲ ဟိုဘက်ဒီဘက် ကူးနေကြပြီး ကျွန်မကို ရေထဲမှ လှမ်းအော်နေကြသည်။ မောကွင်းတွေငှားပြီးတော့လည်း တစ်ယောက်တစ်လှည့် တွန်းပေးနေကြသည်။ နို့အမေနှင့် အဒေါ်သည် ရိုးသားပွင့်လင်းသည်။ ဟိတ်ဟန်လုံးဝမရှိပေ။ ပါလာသမျှ အစားအသောက်တို့ကိုလည်း ချကျွေးကာ သဘောလည်း အလွန်ကောင်း၏။

"ဝုန်း"

ရုတ်တရက် ကျွန်မရေထဲ ပြုတ်ကျသွား၏။ တစ်စုံတစ်ယောက်က နောက်မှနေ၍ တွန်းလိုက်ပုံရ၏။ ရုတ်တရက်ဆိုတော့ ကျွန်မအရမ်းကြောက်သွားသည်။ တော်သေးသည်။ ရေက ကျွန်မခါးသာသာလောက်သာရှိလို့။

တံတားပေါ်သို့ ကျွန်မ ပြန်လှည့်ကြည့်ချိန်တွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော သူရိယကို ကောင်လေးသုံးယောက်နှင့် စကားများနေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရေထဲမှ တစ်လှမ်းချင်း တံတားဆီသို့ လျှောက်လာခဲ့သည်။ တစ်ချက် တစ်ချက် ရေစီးကြောင့် အနည်းငယ် ယိုင်သွားသည်။

"ဟဲ့ ... ဘယ်လိုဖြစ်တာလဲ သက်ရယ်"

ဟိုဘက်ကမ်းမှ နီက ကူးလာကာ ကျွန်မလက်ကို ကိုင်၍ ပြောလိုက်သည်။ သူရိယတို့ စကားသံကိုလည်း ကြားရ၏။

"ဟ ... ဘာဖြစ်လဲ၊ သေသွားတာမို့လို့လား၊ ဒီလောက် ရေကိုကြောက်စရာလား၊ အမြင်ကတ်လို့ တွန်းချတယ်ကွာ၊ အဲဒါဘာဖြစ်လဲ"

ကောင်လေးတစ်ယောက်၏ အသံစွာစွာကို ကြားလိုက်ရသည်။

"သူ့ဘာသာ ရေကြောက်ကြောက် မကြောက်ကြောက် ရေထဲဆင်းဆင်း မဆင်းဆင်း မင်းအပူပါလို့ တွန်းချတာလား ... တောက်"

သူရိယက မကျေမနပ်ပြောကာ တောက်ခေါက်လိုက်သည်။ နီက ရေထဲမှ ကမန်းကတန်းတက်ကာ သူရိယကို ဖျန်ဖြေရန်သွား၏။





"တော်ပါတော့ ဖွဲ့ရယ်၊ လူတွေ ဝိုင်းကြည့်နေကြတာ မရှက်ဘူးလား၊ သူတို့ကလည်း အပျော်သဘောနဲ့လုပ်ကြတာပါ"

ကောင်လေးသုံးကောင်က ပေစောင်းစောင်းနှင့် သူရိယကိုကြည့်၍ ထွက်သွားသည်။ သူရိယက ဒေါသပြေဟန် မပေါ်။

"အိမ့်သက်ပိုင် ... နီ့အနားမှာနေ၊ ဒါမှမဟုတ် အန်တီတို့ အနားမှာ အတူနေ၊ တစ်ယောက်တည်း တံတားပေါ်မှာ ထိုင်ထိုင်မနေနဲ့၊ နောက်တစ်ခါ ဒါမျိုးဖြစ်ရင် ငါဒေါသ ထိန်းနိုင်မှာ မဟုတ်ဘူး၊ အဲဒီလို အတူမနေနိုင်ဘူးဆိုရင် အဆောင်ထဲမှာပဲနေ၊ အပြင်မထွက်နဲ့"

သူက ကျွန်မကိုကြည့်၍ လှမ်းပြောလိုက်သည်။ ခုနက ရေထဲကျသွားတုန်းက ရေတွေက ကျွန်မမျက်စိထဲ၊ နားထဲ ဝင်သွားတာမို့ နားတွေကအူပြီး မျက်စိတွေက စပ်နေသည်။ သူက ကျွန်မကို တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားသည်။

ကျွန်မရင်ထဲမှာ သူ့စကားကြောင့် နွေးထွေးသွားသည်။ နီ့ဆီက အကြည့်တစ်မျိုးကို ကျွန်မ ရရှိလိုက်သည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်မှန်းတော့ ကျွန်မ သေချာမသိပါ။ ညဦးရောက်တော့ ကျွန်မဖျားပါတော့သည်။ ခေါင်းတွေက တအားကိုက်ပြီး ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်နေသည်။

ညဘက် အောက်စက်တော်ရာတွင် အန်တီတို့ ဘုရားသွားရှိခိုးနေစဉ်တွင် ကျွန်မက တဲထဲတွင် နီနှင့်အတူ လှဲနေခဲ့သည်။ နီကလည်း ကျွန်မနေမကောင်း၍ သူ့အမေ၊ အဒေါ်တွေနှင့်အတူ ဘုရားကို လိုက်မသွားပေ။

အပြင်ဘက်မှ တံခါးကိုပုတ်သံကြောင့် နီကတံခါးဖွင့်လိုက်သည်။ သူရိယမျက်နှာပေါ်လာသည်။ လက်ထဲမှာလည်း စားစရာတွေနှင့်။ ကျွန်မ မျက်လုံးကို မှိတ်ထားလိုက်သည်။

"အိမ့်သက်ပိုင် ဘာဖြစ်တာလဲ"

"သြော် … နေ့လယ်က ကြောက်သွားလို့နဲ့တူတယ်၊ ဖျားနေတာလေ"

"ဖျားတယ် … ဟုတ်လား၊ ဘာဆေးတိုက်ထားလဲ၊ တော်တော်ပူနေလား၊ ရှူဆေးတွေ ဘာတွေရောရှိလား"

သူ့ရဲ့ပျာပျာသလဲ စိုးရိမ်တကြီး မေးသံမဆုံးခင်မှာ နီက တဲတံခါးကို ဆောင့်ပိတ်လိုက်သည်။





ကျွန်မ သိလိုက်ပါပြီ။ နီ သဝန်တိုနေသည်။ နေ့လယ်ကတည်းက ကျွန်မကြောင့် ဒေါသထွက်ပြီး ရန်ဖြစ်သော သူရိယကို နီသိပ်ကြည်ပုံမပေါ်။ အခုလည်း နေမကောင်း၍စိုးရိမ်ပူပန်စွာ မေးသည်ကို ခံစားနိုင်ပုံမရ။ ကျွန်မကတော့ ဆက်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီခရီးကို လာခဲ့မိတာ၊ ဒီခရီးကို သက်ကိုလိုက်ခဲ့ဖို့ ခေါ်ခဲ့မိတာ မှားသွားပြီမှန်း နီသိလိုက်ပါပြီ။ သက်ကို သိပ်ခင်ပေမယ့် ကိုယ်ရည်းစားတစ်ယောက်လုံးကို ပေးလိုက်ဖို့တော့ နီ မသဒ္ဓါမိပါ။ ရည်းစားစ,ဖြစ်ကတည်းက ဖွဲ့ရဲ့အေးစက်စက်အပြုအမူ အပြောအဆိုကြောင့် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်ခဲ့ရသည်။ နီ့ရင်ထဲမှာ ဖွဲ့က နီ့ကို တကယ်ချစ်ခဲ့တာ မဟုတ်ဟုလည်း ခံစားရပါသည်။





အခုတော့ သိလိုက်ရပါပြီ။ ဖွဲ့ ရင်ထဲမှာရှိနေသော မိန်းကလေးသည် သက်ဖြစ်နေမှန်းကိုလေ။ ထူးပြီးတော့ အံ့ဩမနေတော့ပါ။ သက်ကိုကြည့်သည့် ဖွဲ့မျက်ဝန်းတွေက နွေးထွေးနေသည်လေ။ ရင်ထဲမှာ ပူလောင်လှပါသည်။ သူ ဘာလို့သက်ကို ချစ်လျက်နှင့် နီ့ကို ချစ်ခွင့်ပန်ခဲ့ပါသလဲ။

သက်ကရော ဖွဲ့ကိုချစ်နေသည်ပဲ။ ဖွဲ့ နီ့ကိုချစ်ခွင့်ပန်သည့်နေ့က သက် စိတ်နဲ့ကိုယ်နဲ့မကပ်တာ၊ ဟန်လုပ်ပြီးပြုံးနေတာ နီအသိဆုံးပင်။ ဖွဲ့နဲ့ နီ ချစ်သူတွေဖြစ်သွားကြရင် ဒါတွေအားလုံး ပြီးဆုံးသွားမယ်လို့ ဘာလို့များ နီ မိုက်မဲစွာ မျှော်လင့်ခဲ့ရတာလဲ။

မနက်ကပဲကြည့် အထက်စက်တော်ရာသွားတော့ လူငယ်တွေပီပီ လမ်းလျှောက်တက်မည်ဟု ပြောသည်ကို အရေးမလုပ်ဘဲ နေသိပ်မကောင်းသည့် သက်ကိုငဲ့ပြီး ကားနှင့်ပဲတက်မည်တဲ့လေ။ သက်နဲ့ မာမီနဲ့ အန်တီလေးတို့ ကားနှင့်တက်ပြီး ကျော်စွာနဲ့ နီရယ် ဖွဲ့ရယ် လမ်းလျှောက်တက်လို့လည်း ဖြစ်နေတာပဲဟာ။ နီ လုံးဝသည်းမခံနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နီနဲ့ လုံးဝအဆက်အသွယ်မပျက် တပူးတွဲတွဲ သွားလာနေရင်းနှင့် သက်ကိုချစ်သော ဖွဲ့ကို နီ လုံးဝနားမလည်နိုင်တော့ပါ။ သဝန်တိုမှု၊ မကျေနပ်မှု၊ နာကြည်းမှုတို့သည် အချိန်နှင့်အမျှ နီ့ရင်ထဲကို ထိုးနှက်နေပါတော့သည်။ ဒီအချိန်တွင် မကျေနပ်မှုတွေကို ဖွဲ့နှင့် စာရင်းရှင်းလျှင်တော့ ဖွဲ့အကြိုက်ဖြစ်သွားမည်။ "ဟုတ်တယ်၊ သက်ကိုချစ်တယ်"လို့ ပြောလိုက်မှာကို နီ မကြားနိုင်ပါ။

နီ့ကိုထားခဲ့လို့ မရဘူး ဖွဲ့ရယ်၊ နီ ဖွဲ့ကို လုံးဝအဆုံးရှုံးမခံနိုင်ဘူး၊ အထူးသဖြင့် ဖွဲ့နဲ့ သက်တို့ မာနတိုက်ပွဲမှာ မြေဇာပင်တစ်ပင်လို ဖြစ်သွားတဲ့ နီ့အဖြစ်ကို နီ ရင်နာမိပါတယ်။ အဲဒီအတွက် အဖိုးအခကတော့ ဖွဲ့ သက်ကို ဒီဘဝတော့ ဘယ်တော့မှ မရစေရဘူး။

နီနဲ့လမ်းခွဲခဲ့မယ် ဆိုရင်တောင် ဖွဲ့တို့နှစ်ယောက် ဘယ်တော့မှ မပေါင်းစေရဘူး။ အင်မတန်ဖြူစင်သန့်ရှင်းခဲ့တဲ့ နီ့ရဲ့စိတ်တွေကို ဖွဲ့တို့နှစ်ယောက်က အရောင်ဆိုးခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် နီ ဖွဲ့တို့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။





အပြန်လမ်းမှာတော့ တိတ်ဆိတ်လို့ နေကြပါသည်။ နီကတော့ မနေ့ညက ဖွဲ့ဆိုသည့် သီချင်းတွေကို အမှတ်တမဲ့ ဖော်မိသည်။ "အခါလွန်မိုး"သီချင်းလေ။ သူတို့တည်းသည့်အဆောင်ဘက်မှ ကောင်လေးတွေနှင့်ပေါင်းပြီး ဂီတာတီးသီချင်းဆိုကြတာလေ။

"အခုတော့ ဝေးရပြီလေ ... အခုတော့ ဝေးကြပြီလေ ...
အခုတော့ ဝေးရပြီ တို့နှစ်ဦးသား"

ဆိုတဲ့ နေရာမှာ သူ့ရဲ့အသံက တကယ်ကို ဆို့ဆို့နင့်နင့်၊ ဟုတ်ပါတယ် ... ရှင်တို့နှစ်ယောက် တကယ့်ကိုဝေးသွားရမှာပါ။

အရင်ကတော့ အရှက်သည်းစွာနှင့် ဖွဲ့နဲ့ ချစ်သူဖြစ်တာ ဘယ်သူ့ကိုမှ အသိမပေးခဲ့ပေမယ့် အခုတော့ အားလုံးကို အသိပေးရမည်။ အထူးသဖြင့် နီ့အပေါ်မှာ အလွန်လိုလားမှုရှိတဲ့ ဖွဲ့မေမေကို အပိုင်ပေါင်းရမယ်။

အိမ်ကလည်း ဖွဲ့နဲ့ နီ ချစ်သူတွေဆိုတာ သိနေကြပြီလေ။ ဖွဲ့ရဲ့အချစ်ကို ရရ,မရရ ဖွဲ့ကို နီ့အနားမှာပဲ အမြဲထားမည်။ သက်ဆီကို ဘယ်တော့မှ ဖွဲ့ ပြန်လို့ရမည်မဟုတ်။ နီက ခွင့်မပေးသလို အခြေအနေကလည်း ခွင့်ပေးမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူရိယရယ် ... ဘာလို့များ ပြီးခဲ့တဲ့ အချစ်တွေကို အစဖော်ချင်နေရတာလဲ။ တစ်ခါ တစ်ခါ သူရိယဆိုတဲ့ သီချင်းတွေကြောင့် ဝမ်းနည်းရသလို၊ ဘေးနားက နီ့ကိုလည်း အားနာရပါသည်။

နီ့ရဲ့တင်းမာတဲ့ မျက်နှာထားတွေ၊ တစ်ခါတလေ သံရော်သည့်အပြုံးနှင့် အကြည့်တွေက သက်ကို အနေရခက်စေပါသည်။ တကယ်ဆို နီ့ဘဝထဲကိုဝင်ဖို့ သူရိယဘာသာ ဆုံးဖြတ်ခဲ့တာပဲ။

ပြန်ပြင်လို့မရမယ့် ဘဝတွေကို သူရိယ နောင်တရနေတာလား။ ဒါမှမဟုတ် ကြေကွဲတမ်းတနေတာလား။ သူရိယကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့ လိုပြီထင်တယ်။

အချစ်ဆိုတာ ဘာမှန်းရေရေရာရာသိတဲ့ အချိန်မှာ ချစ်သူက ကိုယ့်အနီးမှာရှိနေပေမယ့် အရမ်းကို မြင့်မားလွန်းတဲ့ တံတိုင်းတစ်ခုက ခြားထားသလိုပါပဲ။ ဒါပေမဲ့ အဲဒီတံတိုင်းကို ကိုယ်ကိုယ်တိုင် တည်ဆောက်ခဲ့တာလေ။ မဖြစ်သင့်ဘူးဆိုတာ သိပေမယ့် နှလုံးသားရဲ့တောင်းဆိုမှုကို ငြင်းဖယ်ဖို့ လျစ်လျူရှုဖို့ ကိုယ့်မှာ အင်အားတွေ မရှိခဲ့ပါဘူး။





သူမုန်းရင် ရှုဆေးလေးပေးပြီး သူနေမကောင်းရင် ဆေးလေးတိုက်ချင်တယ်။ သူ့ကို စော်ကားရန်စတဲ့သူရှိရင် အဲဒီလူတွေကို ရင်ဆိုင်ချင်တတ်တဲ့၊ ကိုယ့်ချစ်သူကို အမြဲအရိပ်လို စောင့်ရှောက်ချင်တတ်တဲ့ ကိုယ့်အတွက် ဒီအခွင့်အရေးတွေကို ထပ်ရဖို့ဆိုတာ မသေချာတော့ဘူးပဲ။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ခရီးကပြန်လာပြီး သိပ်မကြာခင်မှာပဲ first term ဖြေရပါသည်။ နီနှင့် ကျွန်မတို့ ဟိုအကြောင်း ဒီအကြောင်း မပြောမိဘဲ အထူးသဖြင့် သူရိယနှင့် ပတ်သက်သည့်အကြောင်း မဆွေးနွေးကြဘဲ စာထဲကို အာရုံစိုက်ပြီး စိတ်နှစ်ဖြေတာမို့လို့ စာမေးပွဲကို နှစ်ယောက်စလုံး ကောင်းကောင်းဖြေဆိုနိုင်ကြပါသည်။

စာမေးပွဲနောက်ဆုံးနေ့က နီက ထူးထူးဆန်းဆန်း ကျွန်မနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ဆိုကာ အင်းလျား





ဘက်သွားရအောင် အဖော်စပ်၏။ သူရိယအကြောင်းနှင့်ပတ်သက်ပြီး ပြောမည်ဟုတော့ ကျွန်မ သဘောပေါက်မိပါသည်။

လူလွတ်သော ထိုင်ခုံလေးတစ်ခုံမှာ ကျွန်မတို့ဝင်ထိုင်လိုက်ကြသည်။ နေက အနည်းငယ်ရှိန်နေသေး၏။ နီ့ဆီမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရသည်။ ကျွန်မကတော့ သူမပြောမည့်စကားကို ငံ့လင့်နေသည်။

"သက် ... ရွှေစက်တော်သွားတုန်းက သက်ကို ရေထဲတွန်းချတဲ့ ကောင်လေးတွေနဲ့ ဖွဲ့ရန်ဖြစ်တယ်နော်၊ နီ့ကို အဲဒီအချိန်မှာပဲ ကောင်လေးအုပ်စု နီ့ရေကူးတဲ့နောက် တကောက်ကောက်လိုက်ပြီး စ,နေတာကို သက်သိလားဟင်"

"အို ... ဟုတ်လား နီ၊ ငါ သတိမထားမိဘူး"

နီက ကျွန်မစကားကြောင့် မချိပြုံး,ပြုံးသည်။

"ဒါတင် ဘယ်ကဦးမှာလဲ၊ အထက်စက်တော်ရာ ရင်ပြင်ကနေ နီရှုခင်းတွေ ကြည့်နေတုန်းကလည်း နီ့အနားမှာ ကောင်လေးတွေ မထိတထိ စ,ကြသေးတယ်"

"ဟုတ်လား ... သက် အဲဒီတုန်းက ဘာလုပ်နေလဲ၊ ပြီးတော့ အန်တီတို့ကရော ဘယ်ရောက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမိနဲ့ အန်တီက အထက်စက်တော်ရာမှာ ပုတီးစိပ်နေတယ်လေ"

"နီကလည်း ဘာထူးဆန်းလဲ၊ နီက သိပ်လှတာကို စ,ကြမှာပေါ့၊ လှတဲ့သူကို သတိထားမိကြတာ၊ စိတ်ဝင်စားကြတာ ဆန်းတာမှ မဟုတ်တာ"

"ဒါပေမဲ့ အဲဒီထဲမှာ ဖွဲ့မပါဘူးလေ၊ ဖွဲ့က အဲဒီအချိန်မှာ ခေါင်းမူးတယ်လို့ပြောတဲ့ သက်အတွက် ရှုဆေးဘူးကို အသည်းအသန် လိုက်ရှာနေတဲ့ အချိန်ပေါ့"

ကျွန်မ ဘယ်လိုစကားကို ရွေးချယ်ပြောရမလဲ။ ကျွန်မ တကယ်ကို မသိတော့ပါ။

နီ့ရဲ့ဖြူဝင်းနေသော မျက်နှာက အနည်းငယ် ရဲနေသည်။

"တကယ်ဆို သက်လည်း သိပါတယ်၊ နီ့ကို စိတ်ဝင်စားလို့ချဉ်း ကပ်ကြတဲ့ယောကျ်ားတွေ လက်ချိုးရေလို့တောင် မရဘူးဆိုတာ"

ကျွန်မ ခေါင်းအသာညိတ်ပြမိသည်။ ဘယ်နေရာသွားသွား နီက တကယ့်မင်းသမီးပင်။ အခုလည်း ကောင်လေး





တစ်သိုက် အတွဲမဟုတ်ဘဲ နှစ်ယောက်တည်းထိုင်နေကြသော ကျွန်မတို့ကို ကွက်ကြည့် ကွက်ကြည့်နှင့် ဒီခုံနားက ဖြတ်လျှောက်နေသည်မှာ နှစ်ကြိမ်မက ရှိနေပြီ။

"ဒါပေမဲ့ လူဆိုတာ အခက်သားပဲလေ၊ မရတာကိုမှလိုချင်တတ်ကြတာ၊ နီတို့သုံးယောက် ... မဟုတ်သေးဘူး ကိုကိုထက်ပါ အပါဆိုရင် နီတို့လေးယောက်လုံး မရတာကို လိုချင်နေကြတာပဲ"

"နီ ဘာကိုဆိုလိုတာလဲ၊ တို့ နားမရှင်းဘူး"

"အကြောင်းတစ်ခု ... သက်နဲ့ဖွဲ့တို့ကြားက အကြောင်းတစ်ခုကြောင့် ဖွဲ့က သက်ကိုရွဲ့ပြီး နီ့ကို ချစ်ခွင့်တောင်းတယ်။ တကယ်တမ်း သူ့နှလုံးသားက သက်ဆီမှာလေ။ ဒါပေမဲ့ သူ နီ့ကို လမ်းခွဲဖို့လည်း သတ္တိမရှိပါဘူး ...

သက်ကို ချစ်ပေမယ့်လည်း သက်ဆီ လာလို့မရဘူး၊ တို့ကလည်း တို့ကို မချစ်ဘူးဆိုတာ သိသိနဲ့ ဖွဲ့ရဲ့အချစ်ကို မျှော်မိပြန်တယ်။ သက်လည်း ဒီလိုပဲ သူငယ်ချင်းရဲ့ချစ်သူကို မချစ်သင့်ဘူးလို့ စဉ်းစားပေမယ့် ဖွဲ့ကို တိတ်တခိုးတမ်းတနေပြန်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထက်ကရော သူ့ကိုဘယ်တော့မှ သက် ပြန်ချစ်လာမှာ မဟုတ်မှန်း သိသိနဲ့ သက်ကိုမျှော်လင့်နေတယ်"

နီပြောတာတွေ မဟုတ်ဘူးလို့ ကျွန်မ မငြင်းရဲပါ။ သူမပြောတာတွေက တကယ့်ကို အမှန်တွေသာလျှင်ဖြစ်သည်။ ရွှေစက်တော်ကိစ္စက သူရိယရဲ့ ကျွန်မအပေါ်ထားတဲ့ သဘောထားကို ရှင်းရှင်းကြီးကို ဖော်ပြနေသည်။

"ရှက်စရာကောင်းတာက ကျော်စွာက နီ့ကိုမေးတယ်၊ ကိုဖွဲ့က မမနီ ရည်းစားလား၊ မမသက် ရည်းစားလားတဲ့၊ ကဲ ... ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ဒါတောင် ကျော်စွာက အခုမှ(၈)တန်းနော်၊ လူကြီးတွေဖြစ်တဲ့ မာမီနဲ့ အန်တီလေးတို့ဆို ဘယ်လောက် ရိပ်မိလိုက်ကြမလဲ"

သူမက စကားကို ခဏရပ်၍ ဝေ့ဝဲလာသော မျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း မကျအောင်ထိန်းနေ၏။

"မာမီက နီ့ကို ဘာပြောသလဲ သိလား၊ ဖွဲ့နဲ့ကိစ္စကို သမီးပြန်စဉ်းစားကြည့်ပါဦး၊ မာမီ ဒီလောက်ပဲပြောရင် သမီး





သဘောပေါက်ပါတယ်တဲ့" ကျွန်မ သက်ပြင်းရှည်ရှည်ကြီး ချမိသည်။ ဒီလို လုံးဝမဖြစ်သင့်ပါ။

"တို့ အရမ်းရှက်တယ် သက်၊ သက်အပြစ်မဟုတ်မှန်း တို့သိတယ်၊ ရင်ထဲမှာ နာကျင်လွန်းလို့ တစ်ယောက်တည်း ကျိတ်ခံစားရတာ သည်းမခံနိုင်လွန်းလို့ သက်ကို ရင်ဖွင့်မိတာပါ"

"ငါ ဘာလုပ်ပေးရမလဲ နီ၊ နင် ဘာဖြစ်ချင်တာလဲ"

"နီဖြစ်ချင်တာကို နီကိုယ်တိုင် ဖန်တီးယူမှာပါ၊ တစ်ခုပဲ သက်ကို သိစေချင်တယ်၊ ဒီဘဝမှာတော့ သက်နဲ့ဖွဲ့ လုံးဝ ပတ်သက်ခွင့် မရတော့မှာကိုပေါ့"

"ငါ သိပြီးသားပါ နီရယ်"

ကျွန်မ တိုးတိုးလေးဆို၏။ အပြစ်မရှိသော နီ့ကို သူရိယက ဘယ်တော့မှ ထားခဲ့မည် မဟုတ်ပါ။ ဒါကို ကျွန်မ သေချာသိပါသည်။ အခု သူရိယဖြစ်နေတာတွေက သူ ကျွန်မအပေါ်တွင် တစ်ဖက်သတ်အမြင်ဖြင့် ဆုံးဖြတ်ခဲ့သော မှားယွင်းသည့်ကိစ္စကြောင့် ကျွန်မကို ပြန်လည်ပေးဆပ်လိုခြင်းသာ ဖြစ်ပါလိမ့်မည်။ သို့သော် ဒါကို ကျွန်မ နီ့ကို ဘယ်လိုပြောရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



“အကောင်းဆုံး တစ်ခုကို အကြံပေးရရင် သက် ကိုကို ထက်ကို လက်ခံသင့်တယ်လို့ နီထင်တယ်”

ကျွန်မ ခေါင်းခါယမ်းခဲ့သည်။ အခုပဲ သူရိယနှင့် နီ့ကိုပဲကြည့် သူရိယ ဘယ်လောက်ခံစားနေရသလဲ။ နီရော ဘယ်လိုခံစားနေရသလဲ၊ မချစ်ဘဲနဲ့တော့ ကိုကို့ကို အဖြေမပေးနိုင်ပါ။ ဒီလိုခံစားမှုကြီးကိုလည်း ကိုကို့ကို မခံစားစေလိုပါ။

“သက် ကိုကို့ကို လုံးဝငြင်းလိုက်ဖို့ အခုပဲ ဆုံးဖြတ်လိုက်ပြီ”

“ဘာ”

နီက အသံထွက်အောင်ပင် အော်လိုက်ပါသည်။

“ဘာလဲ ... သက်က ဒီနည်းနဲ့ သူရိယကို နီ့ရင်ထဲက ဆွဲထုတ်မလို့ပေါ့လေ၊ အလကားပဲ ... သက် အလကားပဲ၊ သက်ကိုခင်ခဲ့မိတာ အလကားပဲ”

နီက ခေါင်းတခါခါနှင့်ဆို၏။ မျက်ရည်တွေက သူမမျက်ဝန်းအိမ်မှတစ်ဆင့် သူမပါးပြင်ပေါ်သို့ စီးကျနေသည်။

“နီရယ် မငိုပါနဲ့၊ သက် ဘယ်တော့မှ သူရိယကို နီ့ဆီက လုမယူပါဘူး၊ ကိုကို့ကို ငြင်းလိုက်ရတာက တို့ကိုယ်တိုင် သူ့ကို လုံးဝမချစ်နိုင်လို့ပါ”





မျက်ရည်ကျနေသော နီ့ကိုကြည့်ကာ ကျွန်မ တကယ် ကို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပါသည်။

“သက်တို့နှစ်ယောက်ပေါင်းပြီး နီ့ကို ခံစားရအောင်လုပ်တယ်။ အဲဒီအတွက် သက်တို့နှစ်ယောက်ကို လုံးဝမကျေဘူး။ သက်တို့နှစ်ယောက် ဘယ်တော့မှ မဆုံစည်းစေရဘူး၊ နီ ဒီအင်းလျားရေပြင်ကို တိုင်တည်ပြီးတော့ သစ္စာဆိုတယ်”

နီက ငိုသံဗလုံးထွေးဖြင့် အံတင်းတင်းကြိတ်ကာ အင်းလျားရေပြင်ကို ကြည့်ပြီးပြော၏။

“အို ... နီရယ်”

ကျွန်မ အလွန်ကို စိတ်မကောင်း ဖြစ်သွားရသည်။ သူမကို ပြန်ရန်တွေ့ချင်စိတ်၊ နာကြည်းစိတ်တို့တော့ လုံးဝမရှိပါ။ သို့သော် ကျွန်မ အလွန်ဝမ်းနည်းသွားပါသည်။ အလွန်ချစ်စရာ ကောင်းသော စိတ်သဘောထားပြည့်ဝသော နီသည် အခုတော့ ကျားနာတစ်ကောင်ကဲ့သို့ မာန်စောင်နေပါသည်။

သူမက ဘာမပြော ညာမပြော ထရပ်ပြီး ကျွန်မ ကို ဘာစကားတစ်ခွန်းမှ ထပ်မဆိုဘဲ ထွက်သွားပါသည်။ နေက လည်း ဝင်လုပြီ။ အိပ်တန်းတက်ရန် ပျံသန်းလာကြသော ငှက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ကျွန်မ အဓိပ္ပာယ်မရှိ ငေးမောမိသည်။ ရင်ထဲမှာလည်း တကယ်ကို နာကျင်နေရ၏။

အင်းလျားရေပြင်ကြီးရေ ... ဒီအဖြစ်အပျက်မှာ ဘယ်သူ့ ဘယ်သူမှ အပြစ်မရှိကြပါဘူး။ နှလုံးသားရှိတဲ့လူတိုင်း ချစ်တတ်ကြသလို၊ မုန်းလည်း မုန်းတတ်ကြပါတယ်။ ဒါကို အင်းလျားရေပြင်ကြီး အသိဆုံးဖြစ်မှာပါ။ နီက ခံစားချက်တွေကို ကျွန်မကို ရင်ဖွင့်သွားပေမယ့် အထီးကျန် ကျွန်မကတော့ ရင်ဖွင့်စရာ ရေပြင်ကြီးပဲ ရှိတော့ပါတယ်။

ကျွန်မ သူရိယကို သိပ်ချစ်တယ်။ ဒါပေမဲ့ နီ့လက်ထဲက လုယူဖို့ ဘယ်တော့မှ ကြိုးစားမှာမဟုတ်ဘူး။ ကျွန်မသူ့ကို ရင်ထဲက ချစ်နေရရုံသက်သက်ပါပဲ။ ဘယ်လောက်ထိလဲဆိုတော့ အင်းလျားရေပြင်ကြီး တည်ရှိနေသရွေ့ပေါ့။

ဒါပေမဲ့ ကံဆုံမယ်ဆိုရင်တော့ သူရိယနဲ့ ကျွန်မ ပြန်ဆုံချင်ပါသေးတယ်။ ကျွန်မ တိတ်တိတ်လေး အင်းလျားရေပြင်ကို တိုင်တည်မိပါသည်။

♥○♥





## အခန်း(၆)

နောက်ဆုံးတော့လည်း ...

မှော်ဖွမ်းအားတွေပြည့်နေတဲ့ အချစ်ရှေ့မှာ

သူတို့နှစ်ယောက် ဒူးထောက်အရှုံးပေးခဲ့ရတယ်

အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတဲ့

စာသာလေးကို သံပြိုင်ဆိုရင်းနဲ့ပေါ့ ...

♥○♥



www.burmeseclassic.com

www.burmeseclassic.com



First term ပြီးလို့ ကျောင်းက ခဏပိတ်ထားတာမို့ မေမေ့ဈေးဆိုင်ကိစ္စနှင့် အိမ်မှုကိစ္စတွေကို ကျွန်မ ပိုင်းကူလုပ်ပေးနေရသည်။ ဒူးအနည်းငယ်နာနေသော မေမေ့ကိုယ်စား ကျွန်မက ဈေးဆိုင်အတွက်ရော၊ အိမ်အတွက်ပါ အဝယ်တော်ဖြစ်နေရသည်။

"ဒေါ်ထားဆီမှာပဲ ကြက်သားဝယ်နော် မိပိုင်၊ တွေ့ကရာဆိုင်က ဝယ်မလာနဲ့၊ ချဉ်ပေါင်ရွက်နဲ့ မှျစ်က ဒေါ်ကုလားမဆီကဝယ်"





"ကြက်သားကတော့ ထားလိုက်ပါတော့ မေမေရာ၊ ချဉ်ပေါင်ရွက်နဲ့ မှျစ်က ဘယ်မှာဝယ်ဝယ်ပါ"

ကလေးတစ်ယောက်လို ဝယ်ရမည့် ဆိုင်တွေကို အတိအကျ ပြောနေသော မေမေ့ကို စိတ်မရှည်စွာနှင့် ကျွန်မပြောလိုက်သည်။

"မရှည်နဲ့၊ အဲဒီကပဲဝယ်၊ ပိုက်ဆံလည်း မပျောက်စေနဲ့"

"အင်းပါ"

ကျွန်မ ပြီးပြီးရော ခေါင်းညိတ်ကာ လက်ဆွဲခြင်းယူ၍ ဈေးသို့ထွက်ခဲ့သည်။ မြောက်ဥက္ကလာပ ရတနာသီရိဈေးကြီးက ကျွန်မတို့ရပ်ကွက်နှင့် အနီးလေးပင်။ မေမေက ဆိုက်ကားစီးဖို့ပြောသော်လည်း ဆိုက်ကားစီးရမည်ကို မနှစ်မြို့သော ကျွန်မသည့် ကိုယ့်ခြေထောက် ကိုယ်သုံးကာ ထွက်ခဲ့သည်။

"သက်"

လမ်းထိပ် လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်သွားစဉ်တွင် ဆိုင်ထဲမှ လူရိပ်တစ်ရိပ် ထွက်လာပြီး ကျွန်မနောက်နားဆီမှ ခေါ်သံထွက်ပေါ်လာပါသည်။ ထိုအသံကို ကြားကြားချင်းပင် ကျွန်မ လက်ဖျားခြေဖျားတွေ အေးစက်လာပြီး နှလုံးခုန်သံက မညီမညာဖြစ်ကာ လူပင်ကတုန်ကယင် ဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ့်သက်ပိုင်လို့ နှာမည်အပြည့်အစုံကိုသာ ခေါ်တတ်သော သူရိယ၏နှုတ်ဖျားက သက်ဆိုသော ခေါ်သံက ရင်တုန်နေသည့်ကြားက ကျွန်မရင်ထဲ နွေးထွေးသွားစေခဲ့သည်။

"သက် ဈေးသွားမလို့လားဟင်"

ကျွန်မ မရဲတရဲဖြင့် ကျွန်မဘေးမှ သူ့ကိုမော့်အကြည့်တွင် သူ့မျက်ဝန်းထဲက လွမ်းဆွတ်တမ်းတရိပ် သမ်းနေသော အကြည့်တို့ကို သတိပြုမိလိုက်သည်။

"သူရိယ ဘယ်ကဘယ်လို ဒီကိုရောက်နေတာလဲ"

"ဗညားတို့ မင်းစစ်တို့ဆီ လာလည်တာလေ၊ သက်ကို သတိရတာက အဓိကပေါ့"

"ဒီစကားတွေ မပြောသင့်ဘူးဆိုတာ သူရိယ သိပါတယ်"

"သိတယ်၊ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ၊ ဒီအတိုင်းကြီးပဲ ကိုယ်ရင်တွေ အကွဲခံပြီး သက်ကို ကြည့်နေရမှာလား"

"ဒါ သူရိယ ဆုံးဖြတ်ခဲ့တာပဲ"

"ဟုတ်ပါတယ်၊ ကိုယ် ဆုံးဖြတ်ခဲ့တာပါ။ မှားယွင်းစွာ ဆုံးဖြတ်ခဲ့တာပါ။ နီ သိပ်လှတာ၊ အဆင့်အတန်းရှိတာ၊ ချမ်းသာတာ၊ ပညာတတ်တာ၊ အဘက်ဘက်က ပြည့်စုံတာ





ကိုယ်ငြင်းမရပေမယ့် သက်ကိုချစ်တဲ့ အချစ်မျိုးနဲ့ ကိုယ်သူ့ကို မချစ်နိုင်တာ ကိုယ် ဘယ်လိုလုပ်ရမလဲ၊ ထားလိုက်တော့၊ ကိုယ့်အပြစ်ကြောင့် ကိုယ်ရင်တွေကွဲရတယ်ပဲထားပါ၊ ဒါပေမဲ့ နီက ကြားထဲက ကိုယ့်အချစ်ကိုမရဘဲ ချစ်သူအဖြစ် နေနေရတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ ...

ကိုယ် သူ့ကို တကယ်မချစ်ခဲ့ဘူးလို့ ဖွင့်ပြောတော့မယ် သက်၊ ဘာလို့လဲဆိုတော့ ဒီထက်ကြာသွားရင် စေ့စပ်ဖို့ကိစ္စတွေ၊ လက်ထပ်ဖို့ကိစ္စတွေ အဆင့်အထိ နှစ်ဖက်မိဘတွေက စီစဉ်လာနိုင်တယ်၊ ကိုယ်ပြတ်သားမှ ဖြစ်တော့မယ် သက်"

"အို ... အဲဒီလိုမလုပ်ပါနဲ့ သူရိယရယ်၊ နီ သူရိယကို ဘယ်လောက်ချစ်တယ်ဆိုတာ သူရိယသိရဲ့နဲ့ နီက သူရိယကို သက်ထက် အရင်တွေ့ခဲ့သူပါ။ ပြီးတော့ သူရိယ ဒီလိုလုပ်ရင် သက်ကို နီ မုန်းသွားလိမ့်မယ်"

"သက်ကရော ဘာလို့ ကိုမျိုးထက်မောင်ကို အဖြေမပေးခဲ့တာလဲ၊ သူလည်း အစစအရာရာ ပြည့်စုံနေတဲ့သူပဲ၊ သက်



www.burmeseclassic.com

www.burmeseclassic.com



မချစ်လို့ မဟုတ်လား၊ သက်မှာကျတော့ ဒီလိုအခွင့်အရေးရှိပြီး ကိုယ်ကျတော့ ဘာလို့မရရတာလဲ"

"ဒါက မတူဘူးလေ သူရိယ၊ ပြန်တော့ သူရိယရယ်။ သက်တို့သူငယ်ချင်းတွေလို ခင်လို့ရသေးတာပဲ၊ အတိတ်ကကိစ္စတွေကို အတိတ်မှာပဲ ထားလိုက်ပါ"

"သက်ကို ကိုယ်ပြောစရာတစ်ခုရှိတယ်၊ ကိုယ် သက်ကို အရမ်းချစ်တယ်၊ သက် စဉ်းစားပေးပါ။ ကိုယ်နို့ကို ကိုယ့်ခံစားမှုတွေ အကုန်လုံး ရင်ဖွင့်လိုက်တော့မယ်။ သက်လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ကိုယ် နို့ကိုတော့ အဖြစ်အပျက်တွေ အကုန်လုံးကို ဝန်ခံတော့မယ်၊ သူပေးတဲ့အပြစ်ကို ကိုယ်ခံယူမှာပါ၊ ကိုယ် သက်ကို propose လုပ်ထားတယ်နော်၊ သက် စဉ်းစားပေးပါ"

ကျွန်မ ဘာမှပြန်မပြောနိုင်ခင်မှာပဲ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ကျွန်မနားက ထွက်သွားပါတယ်။ ကျွန်မ ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား၊ ကျွန်မချစ်သူနဲ့ သူငယ်ချင်း တစ်ယောက်ယောက်ကိုတော့ စွန့်လွှတ်ရတော့မယ်ဆိုတဲ့အသိနဲ့ ကျွန်မစိတ်ထဲမှာ အတော်ကြီးကို ချောက်ချားမိပါတယ်။





ကျွန်မမျက်ဝန်းထဲမှာ ရှင်းသန့်ချောမောသော သူ့ရုပ်လွှာက တဝဲဝဲလည်ပြီးတော့ နို့ရဲ့တင်းမာတဲ့မျက်နှာနဲ့ နာကြည်းသွားမယ့် မျက်ဝန်းတွေ၊ အခံရခက်စေတဲ့ စကားတွေ၊ မဖြစ်သေးတဲ့ ဖြစ်လာတော့မယ့် ရင်ဆိုင်ရတော့မယ့် စိတ်ရှုပ်စရာအခြေအနေတွေကိုတွေးပြီး စိတ်မောရပါတယ်။

သူရိယရယ် ... နင် အခုလုပ်နေတာတွေက ကလေးကစားနေသလိုပဲ။ နို့ကို နင်ပြောသမျှ ခေါင်းညိတ်ပြီးနေမယ့် မိန်းကလေးလို့ နင်ထင်ရင် မှားသွားတော့မှာပေါ့၊ နို့ တစ်ခုခုတော့ လုပ်မှာသေချာတယ်။ အဲဒီတစ်ခုခုက ငါတို့နှစ်ယောက်ဝေးသွားစေမယ့် တစ်ခုခုပေါ့။ ငါ ဘယ်လို နင့်ကိုပြောပြရမလဲ။

သက်လို့ သူက တွင်တွင်ခေါ်ပြီး ကျွန်မကလည်း ငါကလို့ အမြဲပြောနေရာက သက်ဆိုတဲ့ နာမ်စားကို ဘာလို့များ လှိုင်လှိုင်သုံးခဲ့မိတာလဲ။ သူက သက်လို့ ခေါ်ရတာကို အနည်းငယ်မှ ရှက်ရွံ့ဟန်မပြသလို၊ ကျွန်မကလည်း ကိုယ့်ကိုယ်ကိုယ် သက်လို့ ပြောရတာကို အာတွေ့လှ၏။

ဘာလို့လဲဆိုတော့ ကျွန်မတို့နှစ်ယောက်၏ စိတ်ကူးပုံရိပ်ထဲတွင် ထိုကဲ့သို့ အကြိမ်ကြိမ်အခါခါ ခေါ်ပြောနေလို့သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ထင်သည်။ ကျွန်မ့ရင်တွေ မတန်မဆ ခုန်နေပါသည်။ ကျွန်မကို ချစ်တယ်လို့ သူ ဒုတိယအကြိမ်မြောက် ပြောခြင်းဖြစ်သလို ချစ်ခွင့်လည်း တောင်းသွားပါသည်။

ကျွန်မပျော်သင့်သလား၊ ကျွန်မသူငယ်ချင်းရဲ့ချစ်သူကို ကျွန်မ သာယာမိတာ၊ ချစ်မိတာ အပြစ်ရှိပါသလား။ ကျွန်မတို့ နို့နောက်မှာ ဒီလိုပြောဆိုကြတာတွေဟာ အပြစ်ကင်းပါရဲ့လား။ နို့အပေါ်မှာရော တရားပါရဲ့လား။ ကျွန်မကအတွေးတွေ ချာချာလည်နေပါသည်။ အချစ်သည် ရှုပ်ထွေးလှ၏။ ရင်မောရသည်။ တစ်ခါတလေ ရင်နင့်အောင်ခံစားရ၍ တစ်ခါတလေလည်း အလွန်ချိုမြိန်ပါသည်။ ့သို့သော် ထိုအကွေ့အကောက်များပြားလှသော အချစ်၏ မာယာကြော့ကွင်းတွေကို အောင်မြင်စွာဖြတ်ကျော်ဖို့ရန် အတွေ့အကြုံတော့ အများကြီး လိုပါဦးမည်။

♥○♥





တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖွဲ့ဆီက ဒီလိုစကားမျိုးတွေ ကြားရလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် ဒီလောက်ကြီး မြန်မြန်ဆန်ဆန် ဖြစ်လိမ့်မည်လို့တော့ စိတ်ကူးတောင် မယဉ်ခဲ့ဖူးပါဘူး။ မမျှော်လင့်တဲ့အချိန်မှာ မမျှော်လင့်တဲ့စကားတွေကို ပြတ်သားစွာနဲ့ပြောလာတဲ့ ဖွဲ့ကို နီ တူးတူးခါးခါး မုန်းမိပါတယ်။

ထွက်အန်ကျလာတော့မယ့်စဲစဲ မျက်ရည်တွေကို အလျှင်အမြန် မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး သိမ်းဆည်းလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငိုနေလို့ ဘယ်ဖြစ်ဦးမလဲ၊ သူတစ်ပါးရဲ့မေတ္တာကို ခုတုံးလုပ်ပြီး တခြားတစ်ယောက်ရဲ့ရင်ခွင်ကို ကူးပြောင်းတော့မယ့်လူရဲ့ရှေ့မှာ ဘာလို့ ပျော့ညံ့ပြရမှာလဲ။

“နီ ကြိုက်တဲ့အပြစ်ကို ပေးပါ၊ ကိုယ် ခံယူပါ့မယ်၊ အခုလိုပြောရတာကလည်း ကိုယ်တို့နှစ်ယောက်လုံး ကောင်းဖို့ပါ၊ ကိုယ်တကယ် နီ့ကိုမချစ်ဘဲနဲ့ ရှေ့ဆက်မသွားချင်ဘူး၊ နီ နစ်နာမှာကိုလည်း မလိုလားဘူး”

“နီ သိပါတယ် ဖွဲ့ရယ်၊ ဖွဲ့ ဘယ်တော့ဖွင့်ပြောမလဲလို့ နီ စောင့်နေတာ၊ နီ့ကို propose လုပ်တဲ့နေ့ကတည်းက ဖွဲ့ စိတ်က သက်ဆီမှာလေ။ ပုံမှန်ဆို ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို propose လုပ်တဲ့နေ့မှာ ဖုန်းတောင် ပိတ်မထားလောက်ပါဘူး။ အဲဒီကတည်းက ဖွဲ့ ရင်ထဲကို နီမြင်နေရတာပါ”

“ဟာ ... နီ တကယ်ပြောတာလား။ အစကတည်းက နီသိနေတာပေါ့၊ ဟုတ်လား”

“ဟုတ်တယ်၊ အပေါ်လွင်ဆုံးကတော့ ရွှေစက်တော်သွားတုန်းကပေါ့၊ နီတင်မကဘူး၊ မာမီရော အန်တီလေးရော





မောင်လေးပါ သိသွားကြတာ၊ နီ ဖွဲ့ကို နားလည်ပါတယ်၊ ဖွဲ့ သက်ဆီကိုသွားပါ၊ နီ ခွင့်လွှတ်ပါတယ်”

“တကယ်လား နီရယ်၊ ဝမ်းသာလိုက်တာ၊ အခုမှပဲ ရင်ထဲကအလုံးကြီး ကျသွားတော့တယ်၊ နီက တကယ်ကို စိတ်ထားမြင့်မြတ်ပါတယ်၊ စိတ်ချပါ၊ ကိုယ်တို့ထာဝရ သူငယ်ချင်းတွေအဖြစ် အမြဲရှိနေမှာပါ”

“ကျေးဇူးတင်ပါတယ် ဖွဲ့၊ သက်ကိုလည်း ပြောပြလိုက်ပါ၊ တို့ အားလုံးကို နားလည်ခွင့်လွှတ်ပါတယ်လို့၊ နီ သွားတော့မယ်”

“ကိုယ် လိုက်ပို့ပေးမယ်လေ”

သူက နေရာကထရပ်ပြီးပြောတော့ နီက ခေါင်းကို အသာယမ်းပြရင်း “နီတစ်ယောက်တည်း ခဏနေချင်လို့ပါ”ဟု ပြောကာ ကမ္ဘာအေးဘုရားတန်ဆောင်းထဲမှ ခပ်သွက်သွက်ပြေးထွက်လာခဲ့သည်။ ဖွဲ့ကလည်း အလိုက်သိစွာဖြင့် လိုက်မလာခဲ့ပါ။

မုန်းသည် ... ဖွဲ့ကိုရော သက်ကိုပါ သိပ်မုန်းပါသည်။ နှလုံးသားက တဆစ်ဆစ်နှင့် နာကျင်နေသည်။ မချစ်ဘဲနှင့် ချစ်ဟန်ဆောင်ခဲ့သော ဖွဲ့ကိုလည်း မုန်းသည်။ အရမ်းတွယ်ငြိစွာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသောအခါမှ နို့ရင်ထဲက ချစ်သူကို အသိမပေးဘဲ ခိုးယူခဲ့သော သက်ကိုလည်းမုန်းသည်။

နီ ဘာလုပ်ရမလဲ၊ ပညာရှိအမျက် အပြင်မထွက်နဲ့တဲ့။ သူတို့နှစ်ယောက်ရဲ့ခြေလှမ်းတွေကိုသိဖို့ နီ သူတို့နဲ့ဝေးဝေးနေလို့ လုံးဝမဖြစ်ပါ။ ရင်ထဲမှာ နာနေပေမယ့် ဖြေသိမ့်စရာမရှိလောက်အောင် အထီးကျန်ဆန်နေပေမယ့် သူတို့ကို သိပ်မုန်းနေပေမယ့် အချိုလေးနဲ့ လိုက်လိုက်လျောလျော ပေါင်းသင်းရင်း သူတို့ရဲ့အလစ်မှာ ပညာတော့ ကောင်းကောင်းပြရမည်ပေါ့။ ဒါ နီ ယုတ်မာတာလား။ ယုတ်မာတယ်လို့ နာမည်တပ်လို့ရသလား။ အိုး ... ကြိုက်တဲ့နာမည်သာတပ်ပါ။ ဒီထက်မကဆိုးတဲ့နာမည်တပ်ဦးတော့ နီကတော့ အပြုံးမပျက် လက်ခံပါမည်။

ဒီတစ်သက် သူတို့နှစ်ယောက် မပေါင်းစေရပါ။ ကံကြမ္မာရှိ၍ ဖူးစာရှိ၍ ပေါင်းရမည် ဆိုလျှင်တောင် ခက်ခဲကြန့်ကြာစေရမည်။ ဒါ နို့ရဲ့ကျိန်ဆိုမှု တစ်ခုပါပဲ။ အဲဒီအတွက်လည်း နီသည် အစီအစဉ်ဆွဲကာ ပိပိရိရိကြီးကို လုပ်ကြံရပါဦးမည်။

အလွန်ရိုးသား၍ စိတ်သဘောထား ပြည့်ဝပါသည်ဟုဆိုသော နီ၏မျက်ဝန်းတွေက မြေခွေးတစ်ကောင်လို ကောက်





ကျစ်ရိပ်တွေ ထင်ဟပ်လာသည်။ အပြစ်ကင်းစွာ ပြုံးတတ်သောအပြုံးတွေက ရက်ခြည်းမာယာပြုံး၊ နာကြည်းပြုံးသို့ ပြောင်းလဲသွားပြီး ဟန်ဆောင်မှုကင်းမဲ့သော မုသားမဲ့သော စကားတို့သည်လည်း များမကြာမီတွင် အလိုအလျောက် သကာအုပ်၊ အနှစ်မပါစကားအဖြစ်သို့ ပြောင်းလဲသွားပါတော့မည်။

အချစ်သည် ပုလောင်လှ၏။ အရာရာကိုလည်း ပြောင်းလဲနိုင်စွမ်းရှိသည်။ အချစ်ကြောင့် နီသည် အကြီးအကျယ်ကျရှုံးခဲ့ပေမယ့် ထိုသို့ နို့ကို ကျရှုံးစေခဲ့သော လူသားနှစ်ဦးကိုလည်း နီက ပြန်၍ဒဏ်ခတ်ပါမည်။ ဒါသည် နို့၏ကျိန်ဆိုမှုသာ ဖြစ်တော့သည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေပြန်တက်ရတော့ နီက သက်ကို အရင်ကလိုပင် လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ဆက်ဆံပါသည်။ ဒါကို မနေတတ် မထိုင်တတ် ဖြစ်နေသူက ကျွန်မပါပဲ။ သူရိယရဲ့သတင်းပေးမှုကြောင့် နီသည် ကျွန်မတို့နှလုံးသားကို သိရှိသွားပြီဖြစ်လို့ နီ့ကို ဘယ်လိုရင်ဆိုင်ရပါ့မလဲလို့ ကျွန်မ တွေးကြောက်ခဲ့ပါသည်။ သို့သော် အထင်နှင့်အမြင်က တလွဲစီ။





တစ်ခါတစ်ရံ နီများ ဟန်ဆောင်နေတာများလားလို့ နီ့ကို သံသယစိတ်ဖြင့် ကြည့်ခဲ့ပေမယ့် နီက ထင်ထားတာထက် ကိုပို၍ တည်ငြိမ်အေးဆေးနေသည်။ ကျွန်မရဲ့သံသယအကြည့်ကိုပင် နီက လှောင်ချင်ဟန်ရှိသည်။

"သက် ... ဖွဲ့ကို အဖြေမပေးသေးဘူးလား၊ ပေးလိုက်တော့လေ၊ သက်တို့က တစ်ယောက်ကိုတစ်ယောက် ချစ်နေကြတာ ကြာပြီမဟုတ်လား"

"အင်း ... ဘယ်လိုပြောရမလဲ နီရယ်၊ သက် အဖြေပြန်ပေးရမှာကို တစ်မျိုးကြီး ဖြစ်နေတယ်"

"ပေးလိုက်ပါ သက်ရယ်၊ ဖွဲ့ သနားပါတယ်။ သူ့ခမျာ သက်ကို ချစ်လွန်းလို့ နီ့ကို မျက်နှာပူပူနဲ့ ဖွင့်ပြောခဲ့ရတာ၊ တောင်းပန်လိုက်တာလည်း မျိုးကိုစုံလို့ ... ဟင်း ဟင်း"

ဘာမှမဖြစ်တဲ့ မျက်နှာပေးနဲ့ ရယ်မောနေတဲ့ နီ့ကို ကျွန်မ သိပ်မသက်ာပါ။ ကျွန်မတို့ first term နောက်ဆုံးဘာသာ ဖြေတဲ့နေ့က နီတော့ ဟုတ်ပုံမရပါ။ အိုး ... ဒါ ကျွန်မစိတ်ထင်တာသာ ဖြစ်ပါမည်။ အကယ်၍ နီကဒီကိစ္စကို တကယ်မကျေနပ်ဘူးဆိုရင် ဘာလို့များ သူရိယကို အဖြေပေးဖို့ကိစ္စကို တိုက်တွန်းမှာလဲ ဟုတ်တယ်မလား။



www.burmeseclassic.com

www.burmeseclassic.com



သူရိယလည်း အိမ်ရှေ့ကို ချောင်းပေါက်မဖက်လာသည်။ လမ်းထိပ်က ဖုန်းဆိုင်ကိုလည်း ဖုန်းခဏခဏ ခေါ်ခိုင်း၍ ဖုန်းဖိုးတွေလည်း ကုန်လှပြီ။ မေမေကလည်း သိပ်ပြီးတော့ ကျွန်မကို မသက်ာချင်တော့။ သိသိသာသာပင် ကိုကိုထက်ကို ကျွန်မရှောင်တတ်ပါပြီ။

မျက်နှာပျက်နေသော ကိုကိုထက်ကို သနားမိပါသည်။ သို့သော် ဖွဲတောင် ပြတ်သားမှတော့ ကျွန်မလည်းပြတ်သားရတော့မှာပေါ့။ ကိုကိုထက်ကို ယတိပြတ် ငြင်းရပါတော့မည်။

"ဘာတွေတွေးနေတာလဲ သက်"

"ဩော် ... ဘာမှမဟုတ်ပါဘူး နီ၊ ဘာပဲဖြစ်ဖြစ် နီ့ကို ကျေးဇူးတင်ပါတယ်"

နီက ပြုံး၏။ ထိုအပြုံးကတစ်မျိုးပင် မဲ့ပြုံးမဟုတ်ပါ။ ကျေနပ်သည့် အပြုံးလည်းမဟုတ်၊ မချိပြုံးသက်သက်သာ ဖြစ်ပါသည်။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းမှာ အဆင်သင့် ကျွန်မကို ထိုင်စောင့်နေသော ကိုကိုထက်ကို တွေ့လိုက်ရတော့ အံ့သြ





မိသည်။ ကားလည်းအိမ်ရှေ့ရပ်မထားပါ။ ခါတိုင်းဆို ကျောင်းကို လာတက်သော ကိုကိုထက်သည် ဒီနေ့မှ ထူးခြားစွာအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေ၏။

ဆိုင်ထဲမှ ကျွန်မကိုကြည့်နေသော မေမေ့မျက်ဝန်းတွေက တင်းမာလှသည်။ ဘာတွေ ဘယ်လိုဖြစ်နေသည်လည်း မသိ။ ကိုကိုထက်က ကျွန်မကို တစ်ချက်ကြည့်ကာ သတင်းစာကို ဆက်ဖတ်နေ၏။ ကျွန်မကလည်း သူ့ကိုနှုတ်မဆက်ဘဲ အိပ်ခန်းထဲမှာ အဝတ်အစား ကပျာကရာလဲကာ ကျူရှင်သင်မည့်အိမ်သို့သွားရန် ပြင်ဆင်နေသည်။

အိပ်ခန်းဝခန်းဆီးကိုလှပ်၍ ဝင်လာသူက မေမေပင် ဖြစ်သည်။ မေမေက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်၍ မဲ့ပြုံးပြုံး၏။

"အံ့ပါရဲ့အေ ... ကြိုက်စရာရှားလို့ ကိုယ့်သူငယ်ချင်းရည်းစားကိုမှ ပြန်ကြိုက်ရတယ်လို့"

"ဟင် ... မေမေ ဘာပြောတာလဲ"

"ညည်း မြသွေးနီဆိုတဲ့ ညည်းသူငယ်ချင်းရဲ့ရည်းစားနဲ့ ကြိုက်နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဘယ်သူပြောလဲ"

ကျွန်မက ဒေါသသံဖြင့် အော်လိုက်သည်။

"ငါ့ကိုလာမအော်နဲ့ မိပိုင်၊ ငါ လုပ်ထည့်လိုက်ရ၊ ညည်း မရှက်ဘူးလား၊ ပြောတော့ မြသွေးနီက ညည်းရဲ့အချစ်ဆုံး သူငယ်ချင်းပါဆို၊ မျက်နှာမပူဘူးလားဟင်"

"မေမေ ဘာတွေပြောနေတာလဲ၊ သမီး အခုထက်ထိ ဘယ်သူနဲ့မှ ရည်းစားမဖြစ်ဖူးဘူး၊ မေမေ ပြောတာတွေက ဘာမှ အခြေအမြစ်မရှိဘူး"

"လာလုပ်မနေနဲ့၊ ဖုန်းတွေ ဆက်ဆက်နေတာ၊ ဖုန်းတွေ လာလာခေါ်ပေးနေတာ ဘယ်သူ့ရဲ့ဖုန်းလဲ၊ ပြောလေ ... ပြော"

ကျွန်မ သိလိုက်ပါပြီ။ ဒီကိစ္စကို မေမေ့ဆီသယ်ဆောင်လာသောသူမှာ ကိုကိုထက်သာ ဖြစ်မည်ဆိုတာလေ။ ပထမဆုံးအကြိမ် ကျွန်မ ကိုကိုထက်ကို စိတ်ပျက်သွားပါသည်။ ယောကျ်ားတန်မဲ့နှင့် ကိုယ့်ထက် အသက်အများကြီးငယ်သော လူငယ်တွေကိစ္စထဲ သူက ဘာလို့ဝင်ရှုပ်ချင်ရတာလဲ။





"ကိုကိုထက် ... ဒီကိစ္စ မေမေ့ကို ပြောလိုက်တာလား၊ မိပိုင် ဘယ်သူနဲ့မှ အခုထက်ထိ ချစ်သူမဖြစ်သေးဘူးနော်၊ မဟုတ်က ဟုတ်က မိပိုင်ကို လာမစွပ်စွဲနဲ့၊ ပြောချင်တယ်ဆို မေးသင့်တယ်၊ သေချာချင်တယ်ဆို မိပိုင်ကို မေးပါလား၊ ပြောပါလား"

ကျွန်မက အခန်းထဲမှထွက်ကာ ဧည့်ခန်းထဲတွင် သတင်းစာထိုင်ဖတ်နေသော ကိုကိုထက်ရှေ့သို့ သွားရပ်ကာပြောလိုက်သည်။

"ဒီထက်သေချာတာ ရှိဦးမလား မိပိုင်၊ ဒီကိစ္စကို မြသွေးနီကိုယ်တိုင် ကိုကို့ကိုငိုပြီး ဖုန်းထဲကနေ ပြောတာ"

"ဘာ"

ကျွန်မ ကျယ်လောင်စွာ အော်လိုက်သည်။ နီဘယ်လိုလဲ။ ဘာကြောင့် ကိုကိုထက်ကို ဒီကိစ္စ သွားပြောရတာလဲ။ ငိုပြီး ပြောတယ်ဆိုတဲ့ အဓိပ္ပာယ်ကရော ဘာလဲ။

"မိပိုင်က ငယ်သေးတယ်လေ၊ ဒီလိုပဲ မှားတတ်ကြတယ်ဆိုပေမယ့် ဒီကိစ္စကြီးကတော့ မဖြစ်သင့်ဘူးလို့ ကိုကိုထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ ကိုကိုက အချိန်ပြည့် မိပိုင်ကို စောင့်ကြည့်ဆုံးမနိုင်မှာ မဟုတ်တော့ ကြီးကြီးကို အသိပေးလိုက်ရတာပါ”

“မလိုပါဘူး၊ ကိုကို့ကိုလည်း မိပိုင် ပြောလိုက်မယ်၊ ကိုကို့ကို မိပိုင် မချစ်ဘူး။ ဘယ်တော့မှလဲ ချစ်လာမှာ မဟုတ်ဘူး။ မိပိုင်ကို လုံးဝမမျှော်လင့်နဲ့၊ ပြီးတော့ မိပိုင်ကိစ္စတွေမှာ ဘာမှဝင်မစွက်ဖက်ပါနဲ့”

“ညည်း ရိုင်းလှချည်လား”

မေမေကနောက်မှ ကျွန်မကိုပြောကာ ရိုက်ရန်လက်လှမ်းရွယ်လိုက်သည်။ ကျွန်မက အကြောမာစွာ မေမေ့လက်တွေကို ရှောင်ဖို့မကြိုးစားပါ။ မခံချင်သော၊ ဒေါသထွက်သော စိတ်တွေက ကျွန်မ တစ်ကိုယ်လုံးကို တုန်ယင်စေသည်။ မေမေက ဒေါသတို့ဖြင့် နီမြန်းနေသော ကျွန်မမျက်နှာကိုကြည့်ကာ ရွယ်ထားသောလက်ကို ပြန်ရုပ်သိမ်းလိုက်၏။

ကိုကိုထက်ကတော့ ကျွန်မစကားကြောင့် မျက်နှာအကြီးအကျယ်ပျက်ကာ မေမေ့ကိုပင် နှုတ်မဆက်ဘဲ အိမ်ထဲမှ





ခပ်သွက်သွက် ထွက်သွားလေသည်။ ဤနေ့သည် အလွန်စိတ်ပျက်စရာကောင်းသောနေ့ ဖြစ်သည်။ ကျွန်မ လုံးဝအိပ်မပျော်ပါ။ သူရိယကိုပဲ ဖုန်းလှမ်းဆက်ရမလား။ နို့ကိုပဲ လှမ်းရန်တွေ့ရမလားနှင့် ဝေဝါးနေ၏။ သေချာတာကတော့ နီသည် ကျွန်မကို သင်ခန်းစာ(၁)ကို စတင်ပေးနေပြီ ဆိုတာကိုပင်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



"နီ ဘယ်လိုလုပ်လိုက်တာလဲ"

ဘေးလွယ်အိတ်ကို ခုံပေါ်ပစ်တင်ရင်း ကျွန်မဆိုတော့ နီက ထိုင်နေရာမှ ကျွန်မကို မျက်လုံးအဝိုင်းသားနှင့် နားမလည် ဟန်ဖြင့် ကြည့်နေလေသည်။ ကျွန်မကတော့ သူ့မျက်ဝန်းထဲမှ အရိပ်ကို မိအောင်ဖမ်းနေသည်။

"ဘာဖြစ်တာလဲ သက်ရဲ့၊ နီ ဘာလုပ်လို့လဲ"





"ကိုကို့ကို သက်နဲ့ သူရိယတို့ ကြိုက်နေကြတယ်လို့ ဖုန်းလှမ်းဆက်တယ်ဆို"

"ဟုတ်တယ်လေ၊ သက်တို့ တစ်ယောက်ကိုတစ်ယောက် ကြိုက်နေကြတာ မဟုတ်လို့လား။ အဲဒီနေ့က ဖွဲ့က တို့ကို ပြောတယ်လေ၊ သက်တို့က တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတယ်လို့လေ။ တို့လည်း ကိုကိုထက်ကို ဒီလိုမခံစားစေချင်လို့၊ နောက်ဆုတ်သွားစေချင်လို့ အဲဒီနေ့ကပဲ လှမ်းပြောလိုက်တာ"

သူ့စကားနဲ့သူကတော့ ဟုတ်နေတော့ ကျွန်မ ဘာမှဆက်ပြီး မပြောသာပါ။ အင်းပေါ့လေ ... ကိုကိုထက်ကို နီ့ကြောင့် ပြတ်ပြတ်သားသား ငြင်းလိုက်နိုင်တာ အမြတ်ပဲပေါ့။ ဒါပေမဲ့ ကျွန်မ နီ့ကိုတော့ သိပ်မကြည်ပါ။ သူမ၏ ရည်ရွယ်ချက် အစစ်အမှန်က ဘာလဲဆိုတာကိုသာ ကျွန်မ တွေးနေမိသည်။

"ဘာလဲ ... ကိုကိုထက်နဲ့ ပြဿနာတက်လို့လား"

"အင်း ... ပြီးသွားပါပြီ သက်၊ သူ့ကို မနေ့က အပြတ် ငြင်းလိုက်တယ်၊ သူရိယကိုလည်း ဒီကြားထဲမှာ အဖြေပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နီက ကျွန်မစကားကြောင့် မျက်နှာပျက်သွားသည်။ ပြီးမှ မျက်နှာကိုပြန်ပြင်ကာ ...

"ဒီလိုဖြစ်သင့်တာ ကြာပြီ"

ဟု ပြောသည်။ ဒီနေ့တစ်နေ့လုံး ကျွန်မတို့နှစ်ယောက် စကားများများစားစား မပြောဖြစ်ကြပါ။ ဆရာမတွေ တစ်ချိန်ပြီးတစ်ချိန် တစ်ယောက်ပြီးတစ်ယောက် ဝင်သွားပေမယ့် ကျွန်မတို့ကတော့ အများနှင့်သံယောင်လိုက်ကာနေ၏။ စိတ်တွေက တခြားစီမှာဖြစ်၏။ နီ့အတွေးတွေကို ကျွန်မ သိချင်မိ၏။ နီသည် သတိထားရမည့်သူတစ်ဦးမှန်း ကျွန်မ နှလုံးသားနှင့် ဦးနှောက်က ကျွန်မကို အကြံပေးနေကြ၏။ ကျွန်မသည် သူမ၏ မထင်မှတ်သည့်အချိန် ထိုးနှက်လာမည့် သင်ခန်းစာ(၂)ကို လှလှပပလေး ရှောင်လွှဲဖို့ ကြိုးစားရပါမည်။ သို့သော် ဘယ်လိုအမျိုးအစားဖြစ်မည် ဆိုသည်ကိုတော့ ကျွန်မ အတပ်မသိနိုင်ပါ။

"သူရိယ"

ဖုန်းထဲမှ သက်အသံလေးကိုကြားတော့ ရင်တွေက တဒိုင်းဒိုင်းခုန်လာသည်။

"သက်လား၊ ပြောလေ ဘာပြောမလို့လဲ"





"သက် အခု အများသုံးဖုန်းကနေ ဆက်နေတာ၊ လမ်းထိပ်က မဟုတ်ဘူး၊ သူရိယကို ပြောစရာရှိလို့"

"ဘာလဲ ... ပြောလေ၊ ဘာကိစ္စလဲ၊ ကိုယ် ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း ... သူရိယ၊ အဲဒါတွေ မဟုတ်ပါဘူး၊ သူရိယနဲ့ တွေ့ချင်လို့"

"ဟား ... ကိုယ်လည်း အခု သက်ကို အရမ်းသတိရပြီး တွေ့ချင်နေတာ၊ အခု သက် ဘယ်မှာလဲ"

"မြောက်ဥက္ကလာအဝိုင်းကြီးမှာ ကားစောင့်နေရင်းက သတိရလို့ ဖုန်းဆက်လိုက်တာ၊ သူရိယ အားလို့လား"

"အခုပဲ ကိုယ် ကျောင်းက ပြန်ရောက်တာ၊ အခုလာခဲ့မယ်နော်၊ ခဏပဲစောင့်"

ဖုန်းချပြီးတာနဲ့ ရေပင်မချိုးနိုင်ဘဲ ကမန်းကတန်း အဝတ်အစားလဲပြီး ဒရိုင်ဘာဦးနိုင်ကို အဝိုင်းကြီးကို လိုက်ပို့ခိုင်းရသည်။ စောင့်စရာမလို၊ ကိစ္စရှိလို့ တက္ကစီနှင့် ပြန်လာမည်ဆိုတော့ ဦးနိုင်က သိပ်သက်သာချင်ပုံမရ။ မေမေက အိမ်ကဆွေမကင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးမကင်း အဒေါ်ကြီးနှင့် ဦးနိုင် လက်ထဲ ကျွန်တော့်ကို ဝကွက်အပ်ထားသည်မှာ ကြာပြီဖြစ်သည်။

ဦးနိုင်က မန္တလေးမှာနေကတည်းက ဖေဖေ့ရဲ့လူယုံတော်၊ အလွန်သစ္စာရှိသော ဒရိုင်ဘာပင်ဖြစ်သည်။ ကျွန်တော့်ကိုလည်း သားတစ်ယောက်ပမာချစ်၏။ ရှေ့လထဲ ဖေဖေပြန်ရောက်မည်ဆိုတော့ ဦးနိုင်က မေမေ့ထက်ပင်ပို၍ ပျော်နေ၏။ သူက တစ်ခုလပ်၊ သူ့မိန်းမနှင့်အတူ သူ့သားလေး ပါသွားတော့ ကျွန်တော့်ကို သားတစ်ယောက်လို သဘောထား၏။ သူ့အဖြစ်က သနားစရာပင်ဖြစ်သည်။

"သား ... ဦးနိုင် စောင့်မယ်လေ"

"ဟာ ... ရတယ်၊ ဦးနိုင် သွားတော့"

ကျွန်တော်က ခပ်သွက်သွက်ပြောကာ သက်ကိုရှာနေလေသည်။ တွေ့ပါပြီ။ မိုးပြာရောင်ဖျော့ဖျော့ လည်ထောင်လက်တို ခါးတင်အင်္ကျီလေးနှင့် အဖြူနှင့်မိုးပြာရင့်ရောင် စကြာပုံလေးတွေပါသော ထဘီလေးဝတ်ထားကာ လက်ထဲတွင် ဆွဲခြင်းအပြာကလေး ကိုင်ထားသော သူမကို ထင်ထင်ရှားရှားကြီးကို လှမ်း





တွေ့ရပါသည်။ တွေ့ဆို သူမက ကျွန်တော်တို့ကားရဲ့ မလှမ်းမကမ်းမှာ ရပ်နေတာလေ။ သူမကလည်း ကျွန်တော့်ကို မြင်ဟန်ရှိသည်။ ကျွန်တော်က ဦးနိုင်ကား ပြန်ကွေ့ကွေ့ချင်း သူမဆီသို့ လှမ်းသွားခဲ့သည်။

"သက် ... စောင့်နေရတာ ကြာသွားပြီလားဟင်"

"မကြာပါဘူး"

သက်ကပြောပြီး ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေတာမို့ ကျွန်တော် အနည်းငယ် ရှက်သွားမိသည်။ အိမ်မှာဝတ်နေကျ ရှော့ပင်အတိုနှင့် ရှပ်အင်္ကျီလက်တို အကွက်စိပ်စိပ်လေးကို ဖြစ်သလို ဝတ်လာတာမို့ သက်မျက်စိထဲတွင် အချိုးမပြေများ ဖြစ်နေသလားလို့ ထင်မိကာ အနေကျုံ့သွားမိသည်။

"သက် ... ဟိုရှေ့က မဟာနွယ်ကဖီးမှာ သွားထိုင်ရအောင်လေ"

"ဟင့်အင်း ... မထိုင်ချင်ပါဘူး၊ ယောကျ်ားလေးတွေ အများကြီးပဲ၊ အောက်က အေးရိပ်မွန်မှာပဲ ထိုင်မယ်"

"သက် သဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဆီက ဆွဲခြင်းကို ဆွဲယူလိုက်တော့ သက်က ဆွဲခြင်းကို အလိုက်သင့် ကျွန်တော့်ကို ပေးလိုက်သည်။ ဒီလိုဆို တော့လည်း ကျွန်တော်တို့က အတွဲလိုလို ဘာလိုလိုနှင့်ပင် ဟိုဘက်ကားလမ်းကူးတော့ ကျွန်တော်က သက်လက်ကလေးကို ကိုင်ကာ ကူးသွားလိုက်သည်။

ရှက်ရွံ့နေသော သက်မျက်နှာလေးက ကျွန်တော် လိုချင်သောအဖြေ မကြာခင်ရတော့မည်ဟု ပြောနေသယောင်ရှိ၏။

"သက် ဘာမှာမှာလဲ"

"သခွားမွှေးဖျော်ရည်"

"သခွားမွှေးဖျော်ရည် နှစ်ခွက်"

လို့ ကျွန်တော် စားပွဲထိုးကို လှမ်းမှာလိုက်သည်။

"ဒီနေ့ဖယ်ရီမလာလို့ သက်သူငယ်ချင်းကားနဲ့ အဝိုင်းကြီး အထိ လိုက်လာတာ။ သူက ဒဂုံမှာနေတာဆိုတော့ လမ်းချင်းက မတူဘူးလေ"

"သက် ဘာပြောစရာရှိလို့လဲ၊ ပြောလေ"





"သက် သူရိယကို ပြောစရာရှိတယ်၊ သူရိယ နို့ကိုသတိ ထားနေပါ၊ သက်တို့ရဲ့အကြောင်းတွေကို အသေးလေးက အစ နို့ကိုမပြောပြပါနဲ့"

"ဟာ ... သက်ကလည်း နို့ကို အထင်မှားနေပြန်ပြီ၊ နို့က စိတ်ထားပြည့်ပါတယ်၊ သက်က 'ဘာလို့ အဲဒီလိုပြောရ တာလဲ"

"မဟုတ်ဘူးနော် သူရိယ၊ သက် သိနေတယ်၊ သူ သက် တို့ကို တစ်ခုခု ပြန်ကလဲ့စားချေမှာပဲ"

"ရော် ... ခက်ပြန်ပြီ သက်ရယ်၊ ဘာတွေ ဘယ်လိုအတွေး လွန်နေရတာလဲ၊ သက် နည်းနည်းအဆင့်ကျော်နေတယ်လို့ သက် မထင်ဘူးလား"

"ဘာကိုလဲ"

"ကိုယ်တို့နှစ်ယောက်က အခု ဘာလဲ"

ကျွန်တော့်စကားကြောင့် သက် မျက်နှာရဲသွားသည်။

"အရင်ဆုံး ကိုယ့်ကို အဖြေပေးပြီးမှ နို့အကြောင်း စဉ်းစား ကြတာပေါ့၊ မဟုတ်ဘူးလား"

"လူလည်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မလည်ပါဘူး၊ မလည်လို့ သက်ရင်ထဲက အချစ်တွေကို မခန့်မှန်းခဲ့မိတာပါ"

"သွားပါ၊ ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"မပြောလဲ သိနေတာပဲ၊ နို့ကို propose လုပ်တုန်းကဖြစ်နေတဲ့ သက်မျက်နှာကို ဓာတ်ပုံရိုက်ထားပြီး ပြန်ပြချင်လိုက်တာ"

"သူရိယနော်၊ သက်ကို လာမစနဲ့"

"ဟား ဟား ... စိတ်မဆိုးပါနဲ့ သက်ရယ်၊ အဲဒီတုန်းက ကိုယ် တကယ်ကို ကြေကြေကွဲကွဲ ခံစားလိုက်ရတာပါ။ ပြောလေ သက်၊ ကိုယ့်ကို ချစ်တယ်လို့"

သက်က ခေါင်းညိတ်လိုက်သည်။ စားပွဲထိုးချပေးသော သစ္စားမွှေးဖျော်ရည်ကို ငုံသောက်နေရာမှ ခေါင်းကပြန်မော့မလာပါ။ ကျွန်တော်ကတော့ ဘယ်တော့မှ မရနိုင်ဘူးလို့ ထင်ထားတဲ့ ကျွန်တော်ချစ်ရတဲ့သူကို ကျွန်တော့်ဘေးမှာ ရှိနေတာကို အိပ်မက်လို့တောင် ထင်ချင်မိသည်။

"မရပါဘူး၊ ပါးစပ်ကနေပြောမှ"

"သူရိကလည်း"





"ပြောပါ သက်ရယ်"

"I do love you, Turia"

သူမအသံလေးက ကျွန်တော့်နားထဲသို့ ချိုကြည်စွာဝင်ရောက်လာခဲ့သည်။ တစ်ခါက အလွန်မျက်နှာကြောမတည့်ကြသော ကျွန်တော်တို့နှစ်ယောက်သည် အခုတော့ သိပ်ချစ်ကြသည့် ချစ်သူတွေအဖြစ် မျက်လှည့်ဆန်စွာ ပြောင်းလဲသွားပါ၏။

အခါခါမက်ခဲ့သော သူမ၏ တလက်လက်တောက်ပသော မျက်လုံးလေးတွေ၊ နှုတ်ခမ်းချွန်ချွန်ကလေးနှင့် နှုတ်ခမ်းမွှေးရေးရေးတို့က အိပ်မက်ထဲကထက် ထင်ရှားစွာ ကျွန်တော့်မျက်ဝန်းထဲရောက်နေ၏။ ရှက်ပြုံးပြုံးနေသော သူမသည် အရင်ကထက် ပို၍လှနေပါသည်။ အခါခါ ရန်တွေ့ခဲ့ဖူးသော သူမ၏နှုတ်ခမ်းများသည် အလွန်နူးညံ့ သိမ်မွေ့နေပါသည်။

ကျွန်မ မြတ်နိုးခဲ့ရသော၊ တိတ်တခိုး စွဲလမ်းခဲ့ဖူးသော သူ့ရဲ့လက်ဖြူဖြူ ရှည်ရှည်လေးများသည် အရင်ကလိုပင် ရှင်းသန့်နေပါသည်။ သူ၏ချောမောပြေပြစ်သော မျက်နှာလေးသည်လည်း အရင်ကလို မာန်မာနများ၊ ဘဝင်မြင့်မှုများ ပျော်ဝင်မနေတော့ပါ။ အချစ်တို့ဖြင့် သိမ်မွေ့နေသော သူ့မျက်ဝန်း၏အကြည့်တွေကို ကျွန်မ အလွန်ကိုရင်ခုန်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်အစုံက ကျွန်မလက်တို့ကို အုပ်မိုးထားစဉ်တွင် နွေးထွေးသော ခွန်အားတစ်ရပ်တို့က ကျွန်မနှလုံးသားထဲ စီးဝင်နေသည်ဟု ကျွန်မထင်မိသည်။ တကယ်တမ်းတော့ သူ့လက်တွေက ပူနွေးမနေပါ။ သူ့လက်ဖျားလေးတွေ အေးစက်နေသလို ကျွန်မလက်ဖျားလေးတွေသည်လည်း သူ့နည်းနှင်နှင်သာ ဖြစ်သည်။

“သက် လက်ကလေးတွေ အေးစက်နေပါလား”

“သူရိယလက်တွေလည်း အေးနေတယ်”

“ဒါလား ... ရင်ခုန်နေလို့ပေါ့၊ သက်ရော”

“ခုနက အအေးခွက်ကို ကိုင်ထားလို့ပါ”

“ဘာလို့ ညာချင့်ရတာလဲ”

“ဘာညာလို့လဲ”

ကျွန်တော်က သူမရဲ့ချစ်စရာမျက်နှာကလေးကို ကြည့်မဝစွာဖြင့် သူမခေါင်းကလေးကို လက်ဖြင့်ချစ်စနိုးပုတ်လိုက်မိသည်။

“သူရိယ ... သက် တကယ်ပြောပါ၊ နှီကိုသတိထားပါနော်။ ဘာမှမပြောပြပါနဲ့၊ သက်ဘာဖြစ်ဖြစ် သူရိယကို





ပြောမယ်၊ သူရိယလည်း ဘာပဲဖြစ်ဖြစ် သက်တစ်ယောက်တည်းကိုပဲ ပြောပါနော်”

“အင်းပါ သက်ရယ်၊ ဒါနဲ့ သူရိယလို့ မခေါ်နဲ့တော့ကွာ”

“ဘယ်လိုခေါ်ရမှာလဲ”

“မောင်လို့ ခေါ်လေ”

“ဟား ဟား ဟား ဟား”

သက်ရဲ့ရယ်သံကြောင့် ကျွန်တော် နည်းနည်းရှက်သွားပါသည်။

“မခေါ်ပါဘူး လျှာယားတယ်၊ အခြောက်ကြီးခေါ်တာ ကျနေတာပဲ”

“မခေါ်လည်းနေလေ”

“ဘာလဲ ... သူရိယက စိတ်ဆိုးတာလား၊ အင်း ... ခေါ်တော့ ခေါ်ပါမယ်၊ နည်းနည်း အိမ်မှာကျင့်လိုက်ဦးမယ်”

“သဘောပဲ သက်ရယ်၊ အားလုံး သက်သဘောကြီးပဲ”

“သက်ကို တစ်ခုပြောရဦးမယ်၊ ဟို ကိုကိုဆိုတဲ့လူနဲ့ အဆက်အသွယ်ဖြတ်နော် သက်၊ ယောကျ်ားတစ်ယောက်ကို မချစ်နိုင်ဘဲနဲ့ အဲဒီလို မဆက်ဆံသင့်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"သူရိယပြောတာ နောက်တောင်ကျနေပြီ၊ နီ့ကျေးဇူး
ကြောင့် ကိုကိုထက်ကို သက် အပြတ်ကိုငြင်းလိုက်ပြီ"

ကျွန်မက နီနှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို သူရိယကို ပြောပြလိုက်ပါသည်။ သူရိယကတော့ ကျွန်မပြောတာတွေကို ငြိမ်ပြီးသာ နားထောင်နေပါသည်။ ဘာမှတ်ချက်မှ မပေးပါ။ နီ့အပေါ်မှာ သူကျူးလွန်ခဲ့သော အပြစ်အတွက် အမြဲ အားတုံ့အားနာ ဖြစ်နေဟန်ရှိပါသည်။

ကျွန်မကတော့ အားမနာနိုင်ပါ။ နီသည် ကျွန်မတို့နှစ်ယောက်ကြားထဲသို့ နည်းမျိုးစုံသုံး၍ မကွဲ့ကွဲအောင် ကြံစည်မည်ဟု ကျွန်မအာရုံထဲ၌ သိရှိနေပါသည်။ တုံဏှိဘာဝေလုပ်နေသော သူရိယကိုလည်း အတင်းအကျပ် မယုံနိုင်းပါ။

တစ်နေ့နေ့တော့ သူမလုပ်ရပ်က ဘွင်းဘွင်းကြီးပေါ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ နီသည် ကျွန်မကို ရန်သူသဖွယ်သဘောထားနေပါသည်။ သူမ မည်သို့ပင် ဟန်ဆောင်စကားတွေဆိုဆို အရင်ကနီ လုံးလုံးပျောက်ကွယ်သွားပြီဆိုသော အသိက ကျွန်မရင်ထဲ ရောက်ရောက်လာတတ်ပါသည်။





ကျွန်မ သူ့ခံစားချက်ကို နားလည်ပါသည်။ သူမမသိသေးသည်က "အချစ်"ဆိုသည်မှာ လုပ်ကြံဖန်တီး၍ မရနိုင်တာကိုပင် ဖြစ်သည်။ ကျွန်မချစ်သော သူရိယကို ကျွန်မဆီရောက်အောင် လမ်းခွဲပေးခဲ့သော နီ့ကို ကျေးဇူးတင်သောအားဖြင့် သူမကို အတတ်နိုင်ဆုံးတော့ ကျွန်မ သည်းခံရပါဦးမည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

မြေဇာပင်က ကဝေအသွင်ပြောင်းတော့
အငိုက်မိသူ သူတို့နှစ်ဦးဟာ
နေဆယ်စင်းရဲ့အောက်မှာ
လမ်းတွေလည်း ပျောက်ခဲ့ရပေါ့ ...။

♥○♥





ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ်မရှိဘဲ second year ကို ကျော်လွှန်ခဲ့ပါသည်။ နီ့ရဲ့နွေးထွေးသောအပြုံးများနှင့် အရင်လို ခင်တွယ်မှုများက ကျွန်မရဲ့သံသယစိတ်တို့ကို လုံးဝ ဥဿုံ ချေဖျောက်ပြီးသား ဖြစ်နေတော့သည်။ ထို့အတွက် ကျွန်မက နီ့ကို အားတုံ့အားနာ ဖြစ်ရပါသည်။

ကျွန်မတို့နှစ်ယောက်သွားသည့် နေရာတိုင်းကို သူမ လိုက်ချင်တတ်ခဲ့ပြီ။ ကျွန်မနဲ့ သူရိယကတော့ သူမကို ခေါ်မသွား



www.burmeseclassic.com

www.burmeseclassic.com



ချင်ခဲ့ပါ။ သူရိယအပေါ် လက်ကျန်သံယောဇဉ်တို့ ဆက်လက်ရှင်သန်နေဦးမှာ စိုးသောကြောင့်ဖြစ်သည်။ ဒါက ကျွန်မအတွေးပါ။ သူရိယကတော့ သူမကို မျက်နှာပူ၍ ထင်ပါသည်။

တစ်ခုဝမ်းနည်းစရာက ကျွန်မနှင့် မမမြတ်တို့ အဆက်အသွယ် ပြတ်သွားခြင်းသာဖြစ်၏။ မမမြတ်က သူ့အစ်ကိုကိစ္စနှင့် ပတ်သက်၍ သူရိယကို လက်ခံလိုက်၍ ကျွန်မကိုလုံးဝ မကြည်ပါ။

ကိုကိုထက်ကတော့ ကျွန်မနဲ့ ပြဿနာတက်ပြီးနောက်ပိုင်း လုံးဝ ကျွန်မကို အဆက်အသွယ် မလုပ်တော့ပါ။ ကျွန်မ ဒေါသထွက်နေတုန်းမို့ ပြောလိုက်သည့် စကားတွေရိုင်းပျသွားမှန်း ကျွန်မဘာသာကျွန်မ သိပါသည်။

မေမေကတော့ အခုထက်ထိ ကျွန်မကို စကားနာထိုးနေ၏။ အန်တီယဉ်ယဉ်တို့နှင့် အဆက်အသွယ် ပြတ်သွားရတာကို တဗျစ်တောက်တောက်နှင့် ပြောမဆုံးတော့ပေ။ ဘာတတ်နိုင်မှာလဲ။ ဒီလိုပဲ အကြောင်းက ဖန်လာတာကိုး။ မမမြတ်နောက်ဆုံး ဖုန်းဆက်တုန်းကပြောသော စကားလေးကတော့ ကျွန်မနားထဲက အခုထက်ထိ မထွက်သေးပေ။





"မိပိုင်ကို မမမြတ်က အရမ်းအထင်ကြီးခဲ့တာ အလကားပဲ။ မိပိုင်က သိပ်မာနကြီးတာ မဟုတ်လား။ ဒီလို ကိုယ့်သူငယ်ချင်းနဲ့ ကြိုက်နေမှန်းသိသိနဲ့ ပြန်ကြိုက်တာ လက်ခံတာတော့ မကောင်းပါဘူး။ ပြီးတော့ ကိုကိုက မိပိုင်ကို ပြောတဲ့စေတနာကို မိပိုင်က တလွဲတွေးပြီး မဆင်မခြင် ပြောလိုက်တာ လုံးဝအဓိပ္ပာယ်မကျဘူးနော်"

"မမမြတ် မသိသေးတာတွေ အများကြီးပဲ မမမြတ်၊ သူရိယနဲ့ မိပိုင် ကြားထဲက ပတ်သက်မှု၊ ခံစားမှုတွေကို ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ဘူး။ နားလည်အောင်လည်း မိပိုင် ဘယ်သူ့ကိုမှ လိုက်ရှင်းပြမှာ မဟုတ်ဘူး၊ ကိုကိုထက် လာပြောတဲ့နေ့က တကယ်ပဲ မိပိုင် သူရိယကို အဖြေပြန်မပေးရသေးပါဘူး။ လူတွေက မဟုတ်ဘဲနဲ့ ဒီလိုစွပ်စွဲနေကြတော့လည်း မိပိုင် သူ့ကို လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်လေ။ မထူးတော့ဘူးလေ။ မမမြတ် နားမလည်ပါဘူး"

"ဟုတ်ပါတယ်၊ မမမြတ် နားမလည်ပါဘူး၊ မိပိုင် ကိုကို့ကို ငြင်းလိုက်လို့ နောင်တမရပါစေနဲ့လို့ပဲ မမမြတ် ပြောချင်တယ် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကျွန်မသည် အလှဆုံးဖြစ်အောင် အစွမ်းကုန် ပြင်ဆင်နေပါသည်။ အဝတ်အစားကိုလည်း မျက်စိအေးစေမည့် ခဲရောင်ဖျော့ဖျော့၊ မရိုးလွန်း မဆန်းလွန်း escort တံဆိပ်လည်ထောင် ဘလောက်လေးနှင့် ရေသူမစကတ် နက်ပြာရောင်လေးတွဲဖက်ဝတ်ကာ ကျောက်အဖြူတန်းလေးပါသော ဘီးကုပ်လေးကို တပ်ထားလိုက်သည်။ ပြီးတော့ ငွေရောင်နားဆွဲရှည်ရှည်လေးကို ဆွဲလိုက်သည်။

ဒီနေ့ သူရိယရဲ့(၁၉)နှစ်မြောက် မွေးနေ့လေ။ မွေးနေ့လက်ဆောင်ကတော့ တန်ဖိုးကြီးကြီး မဟုတ်ပါ။ အသည်းပုံလေးတွေပါသော ဖန်ခွက်ရှည်ရှည်လေးတစ်လုံး၊ ချစ်စရာ ခွေငါးလေးနှစ်ကောင် ထည့်ထားသော ဖန်ဘူးလေးတစ်လုံး၊ ပန်းသီးနီနီရဲရဲ ဒိုင်ခွက်လေးနှင့် သံပတ်နာရီလေးတစ်လုံး၊ ပြီးတော့ ကျွန်မကိုယ်တိုင် ထိုးထားသော ဆွယ်တာမီးခိုးရောင်လေးတစ်ထည်တို့ ဖြစ်သည်။

ကိုယ့်လက်ဆောင်တွေကို ကိုယ်ပြန်ကြည့်ပြီး ရယ်ချင်သွားမိသည်။ သူရိယကလည်း ဒီနေ့အတွက် ကြိုပြီးစိတ်လှုပ်ရှားခဲ့ပါသည်။ သူ့အဖေနှင့် အမေကို ကျွန်မနှင့် မိတ်ဆက်ပေး





မည်ဟုပြောတော့ ကျွန်မကလည်း သူနှင့်ထပ်တူ စိတ်လှုပ်ရှားမိပါသည်။ သိမ်ငယ်စိတ်လည်း တစ်ခါတစ်ခါဝင်၍ မသွားတော့ဘူးလို့တောင် စဉ်းစားခဲ့ဖူးပါသည်။

သို့သော် ကျွန်မကို အထပ်ထပ်အခါခါ လာဖို့ပြောသော ချစ်သူ့မျက်နှာ ညိုမှာစိုး၍၊ ကျွန်မကိုယ်တိုင်လည်း ချစ်သူ့မွေးနေ့ပွဲကို သွားချင်လှ၍ အားမွေး၍ သွားရမည်ဖြစ်သည်။ သူ့မိဘတွေက သဘောကောင်းလား၊ မာနကြီးလား၊ ကျွန်မစိတ်ထဲတွင်တော့ မျိုးစုံနေအောင် ရုပ်လုံးဖော်နေမိပါသည်။

မွေးနေ့က သူတို့ခြံထဲတွင်ပင် ကျင်းပမည်ဆိုတော့ ကျွန်မက အိမ်လိပ်စာလေးကိုင်၍ တက္ကစီငှားသွားရပါသည်။ နီက လာခေါ်မည်ဟု ပြောပေမယ့် ကျွန်မက အားနာ၍ ငြင်းလိုက်ပါသည်။ တော်ပါသေးသည်။ မွေးနေ့ပွဲမှာ နီရှိနေတော့ စိတ်သက်သာရာ ကျပါမည်။ နို့မို့ ကိုယ်နှင့်မသိသည့် လူတွေကြားထဲတွင် ကျွန်မ အနေရခက်ပါလိမ့်မည်။

တက္ကစီဦးလေးကြီးက သဘောကောင်းပါသည်။ သူ့လိပ်စာကို ကူရှာဖွေ၍ အချိန်မကြာဘဲ မြန်မြန်ရောက်အောင် မောင်းပို့နိုင်ခဲ့သည်။ ကြီးမားသော ခြံကျယ်ကြီးရှေ့ အရောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်မစိတ်ထဲ သိမ်ငယ်စိတ်တွေ ဝင်လာသည်။ တော်သေးသည် ခြံရှေ့တွင် သူရိယကို တွေ့လိုက်လို့။

ခြံရှေ့တွင် ကားမျိုးစုံ ရပ်ထား၏။ ကားပေါ်မှဆင်းလာသူတွေကလည်း တကယ့် လူကုံထံတွေပင်။ ခြံဝင်းတံခါးကို ဖွင့်ထားပြီး ခြံထဲကမြက်ခင်းပြင်ပေါ်တွင် စားပွဲတွေခင်းထား၏။ လူတော်တော်များများလည်း ရောက်နေကြပြီဖြစ်သည်။ ကျွန်မက ခြံထဲကို လှမ်းအကဲခတ်ပြီး ပါကင်ထုပ်ကိုကိုင်ကာ ကားပေါ်မှ ဆင်းပြီး တက္ကစီခပိုက်ဆံပေးလိုက်ပါသည်။

သူရိယက ရှပ်အင်္ကျီကော်လာကတုံးကို ဝတ်ဆင်ထားသည်။ ပုဆိုးကလည်း ပိုးပုဆိုးလိုလို ဘာလိုလိုနှင့် သူ့ကြည့်ရသည်မှာ မွေးနေ့ရှင်နှင့်မတူဘဲ သတို့သားတစ်ယောက်နှင့် ပိုတူနေသည်။

"သူရိယ ဒီမှာလာယူလေ၊ ဘာကြည့်နေတာလဲ"

ကျွန်မစကားကြောင့် သူ အသက်ဝင်လာဟန်နှင့် ကျွန်မလက်ထဲမှ ပါကင်ထုပ်ကို ဆွဲယူလိုက်ပါသည်။ ပြီးတော့ ကျွန်မလက်မောင်းကို ဆွဲကိုင်ကာ ခြံထဲသို့ ခေါ်မသွားဘဲ ခြံအပြင် ခပ်ဝေးဝေး တစ်နေရာသို့ ဆွဲခေါ်သွားသည်။





"ဘာလဲ ... ဘာဖြစ်လို့လဲ သူရိယ"

"သက် ... ကိုယ် ရင်တွေအရမ်းပူနေတယ်၊ သက် နားလည်အောင် ကိုယ်ဘာပြောရမလဲ"

"ပြောစမ်းပါ သူရိယရယ် ရင်တုန်လိုက်တာ။ ဘာဖြစ်လို့လဲဟင်၊ သူရိယမေမေက ဘာပြောလို့လဲ၊ သက်ကိုမလာစေချင်လို့လားဟင်၊ ဟင် ... ပြောလေ သူရိယ"

ကျွန်တော့်ကို အံ့ဩသည့် မျက်ဝန်းလေးတွေနှင့်မော့်ကြည့်ရင်း စိတ်လှုပ်ရှားစွာ ပြောနေသည့် သက်ကို ကျွန်တော် နာကျင်စွာ ကြည့်နေမိသည်။ သက် နားဝင်ဖို့ စကားလုံးတွေ ရွေးချယ်ပါသော်လည်း ဘယ်စကားလုံးကမှ သက်ကို နားဝင်စေမည် မဟုတ်ပါ။

"သက် ... ဒီပွဲက ကိုယ့်မွေးနေ့ပွဲတင် မဟုတ်ဘူး၊ စေ့စပ်ပွဲလည်း ဖြစ်နေခဲ့တယ်၊ ဒါကို ကိုယ် အခုလေးမှ သိလိုက်ရတာ၊ ဘယ်သူမှ ကိုယ့်ကို ကြိုတင်ပြောမထားကြဘူး"

"ဘာ"

ကျွန်မ ထိုတစ်လုံးသာ ပြောနိုင်ပြီး ရင်ထဲဆို့နစ်သွားခဲ့သည်။ ကျွန်မကို ရီဝေသောအကြည့်နှင့် ကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းထဲမှာလည်း မျက်ရည်ကအပြည့်။ ဘယ်သူနဲ့လဲလို့ မေးဖို့က မလိုတော့ပါ။ နီကလွဲလို့ ဘယ်သူမှ ဖြစ်နိုင်မည်မထင်ပါ။

"ဖွဲရေ ... ဖွီ"

ခြံထဲက အော်ခေါ်သံလေးနဲ့အတူ ထွက်လာသော နီ့ကို ကျွန်မတို့နှစ်ယောက်လုံး ရွံရှာသောအကြည့်တွေနှင့် ပြိုင်တူ ကြည့်လိုက်မိပါတယ်။ သူမက ရွှေဝါရောင်ဝမ်းဆက် ဝတ်ထားပြီး လက်ဝတ်လက်စားတွေကလည်း အကုန်လုံ ရွှေပုတီးစေ့လေးများနှင့် လုပ်ထားသော ဆွဲကြိုး၊ ဟန်းချိန်း၊ လက်စွပ်နှင့် နားစွဲလေးတွေပါပဲ။ ရွှေရောင်တောက်ပနေပြီး အလှကြီးလှနေသော နီသည် ကျွန်မတို့နှစ်ယောက်၏ မျက်လုံးထဲတွင်တော့ ဘီလူးမပါပဲ။

"သြော် ... သက်လည်း ရောက်နေတာကိုး၊ မတ်တတ်ကြီး ဘာရပ်လုပ်နေတာလဲ၊ အထဲဝင်လေ ဖွဲ၊ သက်ကို ခေါ်လေ၊ ဟိုမှာ ဒယ်ဒီ့မိတ်ဆွေတွေက ဖွဲ့ကို မေးနေကြတယ်"

ကျွန်မက ဘာမှမဖြစ်သော မျက်နှာပေးလေးနှင့် ပြောနေသော နီ့ကို အသံတိတ် နာကြည်းတဲ့မျက်ဝန်းတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။ နီက ပြုံးနေပါတယ်။ သူမအပြုံးကို အဓိပ္ပာယ်ပြန်ရရင်တော့ ... "ကဲ ... ဘယ့်နှယ်ရှိစ"ဆိုတဲ့ အပြုံးမျိုးပေါ့။





ကျွန်မက သူမဆီမှ အကြည့်ကို လွှဲလိုက်ပြီး သူရိယကို တည့်တည့်ကြည့်လိုက်ကာ ...

"ဒါ မောင့်အတွက် မွေးနေ့လက်ဆောင်ပါ၊ သက် မောင့်ကို သိပ်ချစ်ပါတယ်။ ထာဝရလည်း ချစ်နေပါ့မယ်၊ မောင် သက်ဆီ ပြန်လာမယ့်နေ့ကိုလည်း သက် စောင့်နေပါ့မယ်၊ အခုတော့ သက် သွားပြီနော်"

"သက် ... သက် ... သက်"

မောင့်ခေါ်သံကို ကျွန်မ ကြားနေရပါတယ်။ ခြံထဲက လူကြီးတစ်ယောက် မောင့်ကို ချော့မော့ဆွဲခေါ်သွားတဲ့ အသံကိုလည်း ကြားလိုက်ရတယ်။ ကျွန်မ နောက်ကနေ ကျွန်မကိုလှောင်ပြောင်သရော်တဲ့မျက်လုံးနဲ့ကြည့်ပြီး အောင်နိုင်သူပြုံးတဲ့ အပြုံးမျိုး ပြုံးနေမယ့် နီ့ကို ကျွန်မ တကယ်ကို ရွံမိပါတယ်။

မျက်ရည်တွေက ထိန်းနေတဲ့ကြားက မျက်ဝန်းထက်က ကြွေလွင့်လာခဲ့သည်။ ကားဂိတ်ကို ရောက်ဖို့လည်း နည်းနည်းထပ်ပြီး လျှောက်ရဦးမယ်လေ။ လူက လမ်းသာလျှောက်နေတယ် ခြေထောက်နဲ့မြေကြီး ထိနေတယ် ဆိုတာတောင် သိပ်မသိချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမျှော်လင့်ဘဲ မျက်နှာကိုဖြတ်အရိုက်ခံရသလို စပ်ဖျဉ်းဖျဉ်း ခံစားနေရသည်။ ရှက်ရွံ့မှု၊ သိမ်ငယ်မှု၊ နာကြည်းမှု၊ မခံချင်မှု၊ ဒေါသတွေကလည်း တစ်မျိုးပြီးတစ်မျိုး ကျွန်မကို ထိုးနှက်နေတော့တယ်။ တွေ့တဲ့တက္ကစီ ဖမ်းတားပြီး အိမ်ကို ဘယ်ပြန်ရောက်မှန်းတောင် မသိတော့ပါဘူး။

အိမ်ပြန်ရောက်တာနဲ့ ထမင်းတောင်ထွက်မစားဘဲ အိပ်ရာထဲ တန်းဝင်ခဲ့သည်။ ဒီလိုခံစားမှုမျိုးက ဒါနဲ့ဆို ဒုတိယအကြိမ်ပေါ့။ ပထမအကြိမ် သူရိယ နီ့ကို propose လုပ်တုန်းကလည်း အသေအလဲကို ခံစားခဲ့ရပါသည်။ ယခု သူတို့ စေ့စပ်သွားတော့လည်း ပူလောင်ပြင်းပြစွာ ခံစားရပြန်ပါသည်။

သူရိယကလည်း ကျွန်မနဲ့ထပ်တူ ခံစားနေရပါမည်။ သူတို့နှစ်ယောက် စေ့စပ်တော့မှာကို နီ သိကိုသိရမည်။ သူရိယကိုလည်း ကြိုမပြောထားရန် သူရိယမိဘတွေကို မည်ကဲ့သို့ စည်းရုံးထားသည်မသိပါ။ မထင်မှတ်သောအချိန်မှာ သူမပေးသော သင်ခန်းစာ(၂)သည် ကျွန်မနှလုံးသားတစ်ခုလုံး သုံးစား၍မရလောက်အောင် စုတ်ပြတ်သွားစေပါသည်။ သူမရိုက်ချက် အင်မတန် ပြင်းလွန်းပါသည်။





နောက်တစ်နေ့မနက် သတင်းစာမှာတော့ သူတို့နှစ်ယောက်၏ စေ့စပ်ကြောင်းလမ်းခြင်း ကြေညာက ပါလာပါတော့သည်။ အခန်းထဲမှစပ်စုတတ်သော၊ ကျွန်မတို့သုံးယောက်အကြောင်း တစေ့တစောင်းသိကြသော၊ မျက်မှန်းတန်းမိသော သူငယ်ချင်းများသည် ယခုလောက်ဆိုလျှင်တော့ နီ့ဆီကိုရော သူရိယဆီကိုပါ လှမ်းစုံစမ်း စပ်စုကြမည်မှာ အသေအချာပင်ဖြစ်သည်။

ကျွန်မကတော့ လမ်းထိပ်လာခေါ်သည့် ဖုန်းတိုင်းကို မရှိဘူးလို့ ပြောပေးပါဟု တစ်ခါတည်း ပြောထားလိုက်၏။ မေမေ့ရဲ့သံသယအကြည့်တွေနဲ့ မေးခွန်းတွေကို ကျွန်မ လိမ္မာပါးနပ်စွာ ရှောင်ရှားခဲ့ပါသည်။

လူတွေက ကျွန်မကို သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်ကြမှာ ကျွန်မအကြောက်ဆုံးပင်။

တနင်္လာနေ့ ကျောင်းတက်ရမည်ကို ကျွန်မ စိုးရွံ့မိပါသည်။ နီ့လို ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကတောင် အကယ်ဒမီရလောက်အောင် သရုပ်ဆောင်နိုင်သေးတာပဲ။ ကျွန်မ ဘာလို့ ဟန်မဆောင်နိုင်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း လွယ်လွယ်နဲ့ နင့်ကို အလျှော့ပေးလိမ့်မယ် မထင်နဲ့ နီ။ တကယ်တော့ အဓိက,က သူရိယပဲ၊ သူရိယစိတ်တွေ ငါ့ဆီမှာပဲ အမြဲရှိနေအောင် ငါလုပ်နိုင်ခဲ့ရင် စေ့စပ်တယ်ဆိုတဲ့ ကြိုးသေးသေးလေးဟာလည်း အလွယ်တကူ ပြတ်ထွက်သွားမှာပါ။ အဲဒီအခါ နစ်နာမယ့်သူက ဘယ်သူဖြစ်မလဲ။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





ဒေါ်နန္ဒာသည် မှန်ရှေ့တွင်ရပ်၍ အင်္ကျီတွေတစ်ထည်ပြီးတစ်ထည် လဲနေသော သားဖြစ်သူကို ပြုံးပြီးကြည့်နေသည်။ လိမ္မာသော၊ စာတော်သော၊ ချောမောသော တစ်ဦးတည်းသော သားလေးကိုရတာ ကံကောင်းပေစွဟုလည်း တွေးနေမိသည်။

သားရဲ့ချစ်သူ မြသွေးနီ ဟူသော ကလေးမလေးသည်လည်း သဘောဖြူ၊ ချောမောပြီး အထက်တန်းကျသော မိသားစုမှ



www.burmeseclassic.com

www.burmeseclassic.com



မွေးလာသူလေးဖြစ်သည်။ သားနဲ့ မြသွေးနီတို့က နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်လှသည်။

မြသွေးနီရဲ့မိဘတွေနှင့် ဒေါ်နန္ဒာတို့ဇနီးမောင်နှံသည်လည်း ဆွေမျိုးပမာ ရင်းနှီးကြသူများဖြစ်သည်။ သားဖေဖေ ဒီတစ်ခေါက် သင်္ဘောကပြန်လာတုန်း ကလေးတွေရဲ့ စေ့စပ်ပွဲလေး လုပ်ပေးသွားမည်ဆို၍ စီစဉ်လိုက်ရခြင်းဖြစ်သည်။

"အန်တီရယ် ... ဖွဲကလေ သမီးနဲ့ စေ့စပ်ချင်တယ်လို့ ပြောတာ ကြာပြီ၊ သမီးက နီတို့ငယ်ပါသေးတယ်လို့ ပြောထားလို့၊ သမီးကို သိပ်မကြည်ဘူး ဖြစ်နေတာ။ ဒီလို လုပ်ပါလား အန်တီ၊ သူ့ကို မွေးနေ့ပဲလုပ်မယ်လို့ ပြောထားပါလား၊ စေ့စပ်တဲ့ကိစ္စကို အဲဒီနေ့ကျမှ ပြောလိုက်မယ်လေ။ သူ့ကို surprise ဖြစ်သွားပြီး ရုတ်တရက်ပျော်သွားအောင်လို့ပါ"

"အင်း ... သမီးအကြံကောင်းသားပဲ"

မြသွေးနီရဲ့အကြံအတိုင်း သားကို စေ့စပ်ကြောင်းလမ်းမယ့်ကိစ္စကို ဘယ်သူ့မှ မပြောပြခဲ့ပါဘူး။ အခု အရမ်းလှ





ချင်နေတဲ့ သားကိုကြည့်ပြီး ဒေါ်နန္ဒာ တစ်ယောက် ဝမ်းထဲက ယားကျိကျိဖြစ်ကာ ပြောချင်စိတ်ကို မမျိုးသိပ်နိုင်တော့ဘဲ မွေးနေ့ဖိတ်စာကတ်လေးကို သားကိုလှမ်းပေးလိုက်သည်။

"ဘာလဲ မေမေရဲ့၊ မွေးနေ့ဖိတ်စာကတ်က ဘာထူးဆန်းလို့ လာပြတာလဲ"

"ထူးဆန်းတာပေါ့၊ သားကိုဖိတ်ဖို့ပေးထားတဲ့ ကတ်တွေရဲ့နောက်ကျောမှာ ဘာမှမပါဘူးလေ၊ ဒီကတ်က ရှေ့ရော နောက်ရော နှစ်ခုစလုံးပါတာ၊ ဘာလဲလို့ ဖတ်ကြည့်"

သူရိယက ဖိတ်စာကတ်နောက်ကျောကို ဖတ်ကြည့်လိုက်သည်။ စေ့စပ်ကြောင်းလမ်းခြင်းဟူသော ခေါင်းစဉ်အောက်က သူ့နာမည်နှင့် နီ့နာမည်ကို တွေ့လိုက်သောအခါ မျက်လုံးများ ပြာဝေသွားသည်။ လူကဆက်၍ မတ်တတ်မရပ်နိုင်တော့၍ ခုံတင်ပေါ်သို့ ခြေပစ်လက်ပစ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ဟင် ... သား ဘာဖြစ်တာလဲ၊ ဘာလို့လဲ အရမ်းဝမ်းသာသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေရာ၊ သားပုံစံက သိပ်ဝမ်းသာနေတဲ့ပုံများ လား၊ ဘာလို့ သားကို ကြိုတင်အသိမပေးခဲ့တာလဲဗျာ၊ ဘာလို့ မေမေတို့ သဘောတစ်ခုတည်းနဲ့ စီစဉ်ရတာလဲ"

"ဟယ် ... ဖြစ်မှဖြစ်ရလေ၊ နီနဲ့သားနဲ့ ချစ်သူတွေမို့လို့ သားပျော်ပါစေတော့ ဆိုပြီးတော့ စီစဉ်ပေးတာလေ"

"ဘယ်တုန်းက ချစ်သူတွေလဲ၊ သား သူနဲ့လမ်းခွဲလိုက်တာ ကြာလှပေါ့၊ သားမှာ သိပ်ချစ်ရတဲ့ချစ်သူ ရှိတယ် မေမေ။ ဒီနေ့ သူ့ကို သား ဖိတ်ထားတယ်၊ မေမေတို့နဲ့ မိတ်ဆက်ပေးမလို့လေ"

"ဟင် ... ဒါက ဘယ်လိုဖြစ်တာလဲ၊ မင်းပဲ နီ့ကိုချစ်လှပါချည်ရဲ့ဆိုပြီး ကိုးတန်းနှစ်တုန်းက ပြောခဲ့တာလေ။ ထမင်းစားပွဲမှာဆို နီ့အကြောင်းမပါရင် မပြီးဘူးလေ"

"ဟာ ... အဲဒါက ကလေးတုန်းက ပြောခဲ့တာ၊ သားရင်ထဲက တကယ်ချစ်ရတဲ့သူရှိတယ် မေမေ။ အဲဒီကောင်မလေးက နီ့သူငယ်ချင်းလေ။ ဆယ်တန်းတုန်းကလည်း သားတို့ တစ်ခန်းတည်းပဲ၊ အိမ်သက်ပိုင်တို့ခေါ်တယ် မေမေ၊ နီက သက်နဲ့ သားနဲ့ ချစ်နေတာကို သိတယ် မေမေ"





"မင်းတို့ဟာတွေက ဘာတွေလဲ၊ ငါ မသိတော့ဘူး၊ ခေါင်းနောက်လာပြီ၊ နေပါဦး ... ပြီးခဲ့တဲ့ ချစ်သူများနေ့က သား နီ့ကို မြလေ့ာကတ်သီးလေး ပေးခဲ့တယ် မဟုတ်လား"

"ဟူး ... မေမေ့ကို ရှင်းပြရရင် အရှည်ကြီးပဲ မေမေ။ အခု သား ဘာလုပ်ရမလဲ၊ သား နီ့ကိုမချစ်ဘူး မေမေ၊ စေ့လည်း မစေ့စပ်နိုင်ဘူး၊ လက်လည်း လက်မထပ်နိုင်ဘူး"

"မရတော့ဘူး မောင်မင်းကြီးသားရယ်၊ ဖိတ်စာတွေအားလုံး ဝေပြီးပြီ၊ ငါ့ကို မျက်နှာပျက်ရအောင် မလုပ်ပါနဲ့ ဖွဲ့သူရိယ ထက်ရယ်၊ ငါ့နှယ် စိတ်ပျက်ပါတယ်"

မေမေက စိတ်ရှုပ်၊ စိတ်ညစ်ညူးဟန်ဖြင့် မျက်နှာအပျက်ကြီးပျက်၍ ယခုပင် ထိုင်သေချင်လောက်အောင် စိတ်ပျက်လက်ပျက် ဝမ်းနည်းပက်လက် ဖြစ်နေသော သားဖြစ်သူကိုကြည့်ကာ သက်ပြင်းမောကြီး ချလိုက်သည်။ မြသွေးနီ ဆိုသော ကောင်မလေး မရှိုးသားမှုက ဘူးပေါ်သလို ပေါ်လာပါပြီ။ ဒီလို ရိုးသားမှုမရှိသော မိန်းကလေးမျိုးကို ဒေါ်နန္ဒာ မနှစ်သက်ပါ။

သို့သော် စကားတွေက လွန်ထားပြီး အသိမိတ်ဆွေတွေ အားလုံးကိုလည်း ဖိတ်ပြီးသွားပြီဖြစ်သည်။ ဧည့်ခံပွဲ လူရှင်း



www.burmeseclassic.com

www.burmeseclassic.com



သွားချိန်မှာတော့ ည(၈)နာရီပင် ရှိနေပါပြီ။ မွေးနေ့အဖြစ်နှင့်သာ ဖိတ်ကြားထားသော သက်နဲ့ကြိုက်နေတာသိကြသော ကျွန်တော့် သူငယ်ချင်းများက ကျွန်တော့်ကို သနားသည့်အကြည့်များဖြင့် ကြည့်သွားကြသည်။

ဟန်ဆောင်ပြုံးနေရပေမယ့် ကျွန်တော့် ရင်ထဲမှာတော့ ဗလောင်ဆူနေသည်။ နီဆိုသော ကဝေမကို လည်ပင်းညှစ်သတ်ချင်စိတ်တွေ ပေါ်ပေါက်လာသည်။

ပြန်ခါနီး မှောင်လို့ ခေါ်သွားသော သက်ကို ချစ်သည့်စိတ်တွေကလည်း ဒီဂရီမြင့်မြင့်လာသည်။

"နီ ... စကားပြောစရာရှိလို့ မပြန်သေးနဲ့ဦး"

"ဆောရီးပဲ ဖွဲ့ရယ်၊ တို့ အရမ်းပင်ပန်းနေတယ်၊ နောက်နေ့မှပြောတော့၊ နောက်လည်း တွေ့ရမှာပဲဟာကို၊ ဟိုမှာ မာမီတို့ခေါ်နေပြီ၊ သွားပြီ ... Good night"

"တောက်"

သူမနောက်ကျောပြင်ကို ကြည့်ရင်း ကျွန်တော် တောက်ခေါက်မိသည်။ ဘာလုပ်ရမှာလဲ။ ဘယ်လိုလုပ်ရမှာလဲ။ ဖြစ်တဲ့နည်းနှင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းရမည်။





ကျွန်တော့်နောက်မှ ကျွန်တော့်ကို ရပ်ကြည့်နေသော မေမေ့ကို အိမ်ဘက်ပြန်အလှည့်တွင် တွေ့လိုက်ရသည်။ မေမေ့ မျက်ဝန်းတွေက ကရုဏာအပြည့်ဖြင့်။ ကျွန်တော် ဖေဖေနှင့်မေမေ့ကို အပြစ်မတင်ပါ။ သက်အကြောင်းကို မေမေ့ကို မပြောမိသော ကျွန်တော့်ကိုယ် ကျွန်တော်သာ အပြစ်တင်မိပါသည်။

"သားရယ် ... မေမေ ဘယ်လိုဖြေသိမ့်ပေးရမယ်မှန်းတောင် မသိပါဘူး၊ မေမေတို့ကို မျက်နှာမပျက်ရအောင် သားသည်းခံပေးတဲ့အတွက် မေမေ ကျေးဇူးတင်ပါတယ်"

"ရပါတယ် မေမေ၊ ဒါပေမဲ့ သားကြောင့် မေမေတို့ တစ်ချိန်ချိန်မှာ မျက်နှာပျက်ရမယ် ဆိုရင်တော့ သားကို ခွင့်လွှတ်ပေးပါနော်"

"ဟင်း"

မေမေက သက်ပြင်းထပ်ချပြီး ကျွန်တော့်ကို ဘာမှ ဆက်မပြောတော့ပါ။ ကျွန်တော်၏မွေးနေ့ပွဲသည် ခြောက်သွေ့လွန်းသည်။ အထီးကျန်ဆန်၏။ ကျွန်တော် သက်၏လက်ဆောင်ထုပ်လေးကို တယုတယ ရင်မှာပိုက်ထွေးကာ အိပ်ခန်းထဲသို့ ဝင်လာခဲ့ပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကျခုံမှာ နီ့ကိုမတွေ့တော့။ ပထမတော့ ကျွန်မ နီ ကျောင်းမလာဘူးလို့ ထင်ခဲ့ပေမယ့် ရှေ့ဆုံးခုံတစ်ခုံမှာ တခြားကောင်မလေးတွေနှင့်အတူ ကျွန်မကို ဂရုမစိုက်သလို ရယ်မောစကားပြောနေတာ တွေ့ရတော့ ကျွန်မစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။

"နီ ... စကားနည်းနည်းပြောချင်လို့"





ကျွန်မ ခပ်တည်တည်မျက်နှာပေးနဲ့ သူမရှေ့ကို သွားပြီး ပြောလိုက်သည်။

"ဆောရီးပဲ သက်၊ မိဘတွေစကားကို မလွန်ဆန်နိုင်လို့၊ ဖွဲနဲ့ နီကလည်း သံယောဇဉ်ရှိနှင့်ပြီးသား ဖြစ်ခဲ့လို့၊ နီ စေ့စပ်လိုက်ရတယ်၊ သက်သိချင်တာ ဒါပဲမဟုတ်လား။ အဲဒီအတွက် သက်ကို နီ တောင်းပန်မှာမဟုတ်ဘူး၊ သက်ခွင့်မလွှတ်ဘူးဆိုတာလည်း သိတယ်လေ၊ ဒီတော့ နီ ဒီမှာပဲ ထိုင်လိုက်တော့မယ်"

"စေ့စပ်လိုက်တာလေးနဲ့တော့ သူ့ရိုယကို နီပိုင်သွားပြီလို့ မထင်ပါနဲ့"

"ဟင်း ... ဟင်း၊ မထင်ပါဘူး၊ လက်ထပ်ဖိတ်စာရတော့မှပဲ သက်ကို အားရပါးရ ညွှဲခံပါမယ်၊ မနေ့က ညွှဲမခံလိုက်ရတော့ စိတ်မကောင်းဘူး၊ တကယ်ပါ"

သူမရဲ့ခနဲ့တဲ့တဲ့စကားကို ကျွန်မဆက်ပြီး နားမထောင်ချင်တာနဲ့ပဲ ကျွန်မ သူ့ရှေ့က လှည့်ထွက်ခဲ့ပါတယ်။

ဘယ်မှာလဲ ... ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း၊ ဘယ်မှာလဲ ကျွန်မရဲ့အချစ်ဆုံးချစ်သူ၊ ဘယ်မှာလဲ ကျွန်မရဲ့မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေတွေ၊ အခုတော့ ကျွန်မတစ်ယောက်တည်းပဲပေါ့၊ ကျွန်မ အံကိုတင်းတင်းကြိတ်မိပါတယ်။ ဘာကြောင့် နီ ဒီလောက်ပြောင်းလဲရတာလဲ။

သူရိယကလည်း ဘာကြောင့် စေ့စပ်ပွဲကို လက်ခံလိုက်ရတာလဲ။ ကျွန်မ ဘာကိုမှ မတွေးချင်တော့ပါ။ ကျွန်မ စိတ်နာသည်။ ကျွန်မအဖြစ်ကို ကျွန်မ စိတ်နာမိသည်။ သူရိယကို ချစ်ခဲ့မိသည့်အတွက်ကိုတော့ ကျွန်မ နောင်တမရပါ။

ထိုအချိန်မှစ၍ အိမ့်သက်ပိုင်သည် စက်ရုပ်တစ်ရုပ်ဖြစ်သွားတော့သည်။ မျက်လုံးတွေက ခံစားချက်ကင်းမဲ့ပြီး လုပ်စရာရှိသည့်အလုပ်တို့ကို စက်ရုပ်တစ်ရုပ်လို မပင်ပန်း၊ မညည်းညူဘဲ မပျက်မကွက် လုပ်နေမိသည်။

သူရိယကို မဆက်သွယ်မိသလို သူရိယရဲ့ ဆက်သွယ်မှုကိုလည်း ခါးသီးစွာ ငြင်းဆန်ခဲ့ပါသည်။ သူရိယ တကယ်ပြန်လာမည့်နေ့ကိုတော့ မရဲတရဲတော့ မျှော်လင့်နေမိပါသေးသည်။

နောက်ဆုံးနှစ်စာမေးပွဲကို စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးချိန်တွင်မတော့ ကျွန်မစိတ်ထဲ အရမ်းလွတ်လပ်ပေါ့ပါးသွားပါသည်။ မမြင်ချင်တဲ့ မျက်နှာကို မြင်ရတော့မည် မဟုတ်ပါ။





တစ်ခါတစ်ခါ နီ့ရဲ့သူငယ်ချင်းတွေဆီက သူတို့မကြာမီ လက်ထပ်တော့မယ်ဆိုသော စကားတွေကိုတော့ ရံဖန်ရံခါ ကြားနေရပါသည်။

ကျွန်မ သူရိယကို လွမ်းသည်။ သူရိယက မျက်နှာပြောင်တိုက်စွာ ကျောင်းတွင် ကျွန်မကို လာတွေ့သည့်အခါ ကျွန်မက အလိမ္မာလေးနှင့် ရှောင်ခဲ့ပါသည်။ သူတို့စေ့စပ်ပွဲနေ့က ကျွန်မ ခံပြင်းလွန်း၍ ပြောခဲ့သော စကားများအတွက် ကျွန်မ ရှက်ရွံ့မိပါသည်။

နီက ကျွန်မ့ချစ်သူကို လုယူရဲပေမယ့် ကျွန်မကတော့ သူနှင့်လက်ထပ်တော့မည့် သူစေ့စပ်ထားသောသူကို အရှက်ကင်းမဲ့စွာဖြင့် ပြန်လုယူမည် မဟုတ်ပါ။

တကယ်ဆိုတော့ သူရိယက နီ့ရဲ့ချစ်ဦးသူသာ ဖြစ်ပါသည်။ သူရိယကို နီက အရင်စတွေ့ခဲ့သည်။ နီနဲ့အရင် ချစ်သူဖြစ်ခဲ့ကြသည်။ အခုလည်း နီနဲ့ပဲ အရင်စေ့စပ်ခဲ့သည်ပေါ့။ ကျွန်မက ဘာလို့ အမြဲတမ်း ဒုတိယဖြစ်နေရမှာလဲ။ အတန်ကြာ ငုပ်လျှိုးနေသော ကျွန်မရဲ့မာနစိတ်ကလေးက ခေါင်းထောင်ထလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သစ္စာဆိုပါသည်။ သူရိယ နီနှင့်စေ့စပ်ပွဲကို ဖျက်သိမ်းလိုက်နိုင်မှ ကျွန်မ သူနှင့်အတွေ့ခံပါမည်။ သို့မဟုတ် ပါက ကျွန်မနှလုံးသား အကွဲခံလိုက်ပါမည်။ ကျွန်မ မသိစိတ်ရဲ့ စေ့ဆော်မှုကြောင့် သတင်းစာတွေထဲမှာ သူတို့ရဲ့စေ့စပ်ကြောင်း လမ်း ဖျက်သိမ်းခြင်းကို မသိမသာ ရှာတတ်ခဲ့ပါသည်။ သို့သော် အခုအချိန်ထိတော့ ဘာမှပါမလာခဲ့။

သူတို့စေ့စပ်သွားကြတာ တစ်နှစ်နီးပါးပင် ရှိတော့မည်။ သေချာတာကတော့ ကျွန်မ သူရိယကို ကြိုးစားပြီးမေ့လိုက်ရတော့မှာကိုပဲ။ ကျောင်းကလည်း ပြီးသွားတာမို့ ကျွန်မ ပုဂ္ဂလိက ကျောင်းတွေမှာ assistant teacher အဖြစ်နဲ့ဝင်၍ လျှောက်ခဲ့ပါသည်။

အလုပ်တွေလုပ်နေရလျှင် ပြီးခဲ့သော ကံမကောင်းလှတဲ့ အတိတ်တွေကို အတိုင်းအတာတစ်ခုလောက်အထိ မေ့နိုင်မယ်လို့ ထင်လို့ဖြစ်သည်။ သူရိယကလည်း ကျွန်မနှင့်တွေ့ဖို့ မကြိုးစားတော့ပါ။ တင်းမာပြတ်သားလွန်းသော ကျွန်မကို သူလည်း စိတ်ကုန်လောက်ပါသည်။ သူရိယရယ် ... မောင်ရယ် ... သက်တို့က ဖူးစာမပါဘူး ထင်ပါရဲ့။

♥ ○ ♥





"သက် ... ခဏလေးပါ သက်ရယ်၊ ဖုန်းဆက်လို့လည်း မရ။ လာတွေ့တော့လည်း အကြောင်းအမျိုးမျိုးပြပြီး အတွေ့မခံနဲ့။ ဘာလဲ ... သက် ကိုယ့်ကိုမုန်းသွားပြီလား။ မချစ်တော့ဘူးလား ဟင် ... သက်"

မမြင်ရတာ ကြာပြီဖြစ်သော သူမမျက်နှာလေးကို ကျွန်တော် ငေးကြည့်ရင်း မေးလိုက်သည်။ ကျွန်တော် ဒီလက်ဖက်ရည်ဆိုင်မှာ သူမကို ထိုင်စောင့်နေသည်မှာ ဒီနေ့နဲ့ပါဆို (၁၅)



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက်တော့ရှိမည်။ သူမအမေ ဈေးသွားသည်ကိုပဲ တွေ့ရသည်။ သူမကိုတော့ မမြင်ပါ။

"သူရိယ ... သက် နောက်ဆုံးပြောခဲ့တဲ့စကားကို မှတ်မိလား၊ သူရိယ စေ့စပ်ကြောင်းလမ်းပွဲကို ဖျက်သိမ်းပြီးမှ သက်ကို လာတွေ့ပါ။ အဲဒီလိုမှ မဟုတ်ရင် လာမတွေ့ပါနဲ့၊ သူရိယရော သက်ပါ မကောင်းဘူး"

"ကိုယ် ကြိုးစားနေပါတယ် သက်ရယ်၊ မြသွေးနီနဲ့လည်း ဒီကိစ္စကို ခဏခဏပြောဖြစ်တယ်၊ သူက လုံးဝလက်မခံဘူး"

"ဒါဆိုလည်း ယူလိုက်တော့မပေါ့၊ သက်တို့နီးရဖို့ ဒီလောက်ခက်နေတာ"

"မဟုတ်ဘူး သက်ရယ်၊ ကိုယ့်သဘောနဲ့ကိုယ် စေ့စပ်ပွဲကို ဖျက်သိမ်းတယ်ဆိုရင် ကိုယ် အိမ်ပေါ်ကဆင်းရမှာ။ မေမေကတော့ ကိုယ့်ကို နားလည်ပါတယ်။ နားမလည်တာက ဖေဖေပဲ။ အခု ဖေဖေ သဘော်ပြန်မလိုက်တော့ဘူးလေ။ ဒီမှာပဲ ကုမ္ပဏီတစ်ခုထောင်ဖို့ စီစဉ်နေတာ"

"ဘာလဲ ... သူရိယက အိမ်ပေါ်ကဆင်းရမှာ၊ အမွေဖြတ်ခံရမှာ ကြောက်တယ်ပေါ့"





"အဲဒီလို မဟုတ်ပါဘူး သက်ရယ်။ ကိုယ်က အလုပ်ရှိသေးတာ မဟုတ်ဘူး။ သက်ကို ယူနိုင်တဲ့အနေအထားလည်း မရှိသေးဘူး။ သက်နဲ့လည်း ဝေးဝေးမနေချင်ဘူး။ ကိုယ် သဘော်တက်ဖို့ကိစ္စတွေကလည်း ဖေဖေ့အကူအညီတွေ အများကြီးလိုတယ်၊ ဒီတော့ ကိုယ် တတ်နိုင်သလောက် သူနဲ့လက်ထပ်ဖို့ကိစ္စကို အချိန်ဆွဲထားမှာပါ။ အိမ်ကလည်း ကိုယ်သဘော်တွေ ဘာတွေတက်ပြီးတော့မှပဲ လက်ထပ်ဖို့ကိစ္စ စီစဉ်ကြမှာပါ"

"ဒါကတော့ သူရိယဘက်ကလေ၊ ကျောင်းမှာတော့ နီက သူနဲ့ သူရိယတို့ လက်ထပ်ကြတော့မယ်၊ ဘာညာနဲ့ပြောနေလိုက်တာ"

"မြသွေးနီကို မေ့ထားလိုက်တာပါ သက်ရာ၊ ကိုယ်ချစ်တာ သက်တစ်ယောက်တည်းပါ၊ သက် မုန်းသွားမှာကိုပဲ ကိုယ် တကယ်ကြောက်ပါတယ်၊ ဒါကြောင့် ကိုယ် သက်ကိုသေချာလာရှင်းပြတာပါ"

"ဒါပေမဲ့ သူရိယရယ်၊ သူရိယနဲ့ နီနဲ့ စေ့စပ်ထားကြတာ လူတိုင်းသိတယ်၊ သူနဲ့ သူရိယက အကြာကြီးစေ့စပ်ပြီးတော့မှ မယူဖြစ်ရင် နီ နစ်နာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သက်က ကိုယ့်ကို စွန့်လွှတ်လိုက်မယ်ပေါ့၊ ဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ နို့အပေါ် မညာတာရာ၊ ရက်စက်ရာရောက်မှာ စိုးလို့ပါ"

"သူကရော ကိုယ်တို့အပေါ် ညာတာခဲ့လို့လား"

"တော်ပြီ သူရိယရယ်၊ သက် သွားတော့မယ်၊ မေမေ ဈေးမှာလိုက်တာတွေလည်း ရှိသေးတယ်"

"သက် ... ကိုယ် ဖုန်းဆက်ရင် ကိုင်ပါနော်၊ ကိုယ့်ကို အဆက်အသွယ် ဖြတ်မထားပါနဲ့"

"အင်းပါ"

ကျွန်တော့်ကို ကျောခိုင်းထွက်ခွာသွားသော သူမ ကျောပြင်ကိုကြည့်ရင်း ကျွန်တော် သက်ပြင်းချလိုက်သည်။

အနာဂတ်က ဝိုးတဝါး၊ ဘာမှ သေသေချာချာ ရေရေရာရာ မရှိလှ။ သက်ကိုချစ်သော စိတ်လေးတစ်ခုသာ ပီပီပြင်ပြင် ရှိနေခဲ့သည်။ ရင်တွေကပူလို့၊ စိတ်လည်းမောလှသည်။ နို့အပေါ်ထားခဲ့သော သံယောဇဉ်တွေကလည်း စေ့စပ်ပွဲကို ပြတ်ပြတ်သားသား ဖျက်သိမ်းပစ်ဖို့ တွန့်ဆုတ်စေခဲ့သလို၊ ကိုယ့်ခြေ





ထောက်ပေါ် ကိုယ်မရပ်တည်နိုင်သေးဘဲနှင့် မိဘက ကောင်းစေချင်၍ စီစဉ်ထားသောကိစ္စကို အကြောက်အကန်ငြင်းဖို့ သူ့တွင် ပြည့်စုံလုံလောက်သောအင်အား လုံးဝမရှိသေးပါ။

သေချာတာကတော့ တစ်နေ့နေ့ တစ်ချိန်ချိန် သူ လက်ထပ်မည့် မိန်းကလေးသည် သက်တစ်ယောက်သာ ဖြစ်စေရမည်။ ကျောင်းပြီး၍ အလုပ်ရသည်အထိတော့ သူသည်းခံနိုင်ရမည်ပေါ့။ သက်လို ထက်မြက်သွက်လက်သော မိန်းကလေးမျိုးကို မေမေတို့ကလည်း သဘောကျနိုင်ပါလိမ့်မည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ဝမ်းသာအားရ လှမ်းဝင်လိုက်သော ခြေလှမ်းတို့က ဧည့်သည်အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတော့ အနည်းငယ် တုံ့နှေးသွားမိသည်။

ခုနက ခြံရှေ့မနီးမဝေးမှာ ပါဂျဲရိုးငွေမင်ရောင်ကားကို တွေ့တော့တွေ့သား။

"ဩော် ... ပြန်လာပြီ။ လာ ... လာ သမီး၊ ဒီမှာ သမီးကိုတွေ့ချင်လို့တဲ့ သမီးဧည့်သည်"





မေမေက ကျွန်မကိုကြည့်ပြီး လှမ်းပြောတော့ ကျွန်မ ဇဝေဇဝါ ဖြစ်သွားသည်။ ထိုအမျိုးသမီးကို ကျွန်မ လုံးဝမသိပါ။

"ဩော် ... အစ်မ၊ ကျွန်မ သမီးလေးကို အပြင်ခဏခေါ်သွားချင်လို့ ခွင့်ပြုပါရှင်"

"ဟို ... အန်တီ့ကို သမီးမသိဘူးရှင့်၊ ဘာကိစ္စကြောင့် သမီးက အန်တီနဲ့အပြင်လိုက်ရမှာလဲရှင့်"

ကျွန်မက ဘယ်သူမှန်းမသိသော ထိုအမျိုးသမီးကို ကြည့်၍ ပြောလိုက်သည်။

"အန်တီက ဖွဲ့သူရိယထက်ရဲ့ အမေပါ"

"ရှင်"

ကျွန်မ အံ့ဩစွာ ထိုအမျိုးသမီးကို ငေးကြည့်နေမိသည်။ ရင်ထဲမှာလည်း မီးတောင်တစ်တောင် ပေါက်ကွဲသလို တုန်ခါနေသည်။ မေမေက မျက်နှာအနည်းငယ် ပျက်သွား၏။

"ဘာလုပ်ထားပြန်ပြီလဲ"

ဆိုသော သဘောရသည့် မျက်နှာပေးနှင့် ကျွန်မကို လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီမရယ် ... ပွင့်ပွင့်လင်းလင်းပေါ့၊ ပြောစရာရှိတယ်ဆိုလည်း ကျွန်မရှေ့မှာပဲပြောပါ ရပါတယ်၊ ကျွန်မတို့သားအမိနှစ်ယောက်က ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်တတ်ကြတာ၊ ညီမပြောမယ့်စကားကို အစ်မ အမေတစ်ယောက်အနေနဲ့ သိထားချင်ပါတယ်"

ခေတ်ဆန်၍ ချောမောသော သူရိယ၏အမေသည် အနည်းငယ် တွေဝေနေဟန်ရှိသည်။ ပြီးမှ ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ဒီလိုပါ၊ အန်တီ့သားနဲ့ မြသွေးနီတို့ စေ့စပ်ခဲ့ကြတာကို သမီး အိမ့်သက်ပိုင် သိမှာပေါ့နော်"

"ဟုတ်ကဲ့"

ကျွန်မ မပြေချင့် ပြေချင်ဖြင့် ပြေလိုက်သည်။

"ပြောရမှာတော့ အားနာပါတယ် သမီးရယ်၊ သားက အရမ်းအစွဲအလမ်းကြီးလွန်းတယ်၊ သူ့ရဲ့ အခုအနေအထားကို သူ သေချာသဘောမပေါက်ဘူး ဖြစ်နေတယ်၊ နေ့တိုင်းလည်း မြသွေးနီနဲ့ စေ့စပ်ပွဲကို ဖျက်သိမ်းပေးပါလို့ အန်တီ့ကို နားပူနားဆာ လုပ်နေတယ်၊ အန်တီမှာလေ သူ့အဖေသိမှာစိုးလို့ စိတ်တွေလည်း ညစ်ရပါတယ်။ နှစ်ဖက်မိဘတွေကလည်း ခင်မင်ရင်းနှီးနေကြတယ် မဟုတ်





လား။ စေ့စပ်ထားတာကလည်း တစ်နှစ်ကျော်ပြီဆိုတော့ စေ့စပ်ပွဲကို ကိုယ့်ဘက်ကစဖျက်ဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်ဘူး ဖြစ်နေတယ်"

"အန်တီ လိုရင်းပဲပြောပါ"

ကျွန်မက သူ့အမေစကားကြောရှည်တာကို မလိုလားပါ။ ကျွန်မနှင့် သူရိယအကြောင်းကို တကယ်တမ်း မေမေက ဘာမှသိပ်သိတာ မဟုတ်ပါ။

"အားနာပါတယ် သမီးရယ်၊ သူရိယကို မမျှော်လင့်ပါနဲ့တော့၊ သူလာဆက်သွယ်ရင်လည်း လက်မခံပါနဲ့ သမီးရယ်၊ ဒါလေ ... သမီးအတွက် အန်တီပြောတာပါကွယ်၊ သူရိယက မြသွေးနီကို တစ်နေ့ ယူရမှာပဲ။ သမီးနာမည်ပျက်မှာ အန်တီ မလိုလားဘူး။ သားကိုလည်း အခြေအနေမှန်ကိုသိပြီး အိပ်မက်က နိုးထစေချင်ပါတယ်"

"ဩော် ... အန်တီက ဘာမှမသိသေးဘူးနဲ့တူတယ်၊ သမီး သူရိယကို အဆက်အသွယ် ဖြတ်ထားတာ ကြာပြီလေ၊ အန်တီစိတ်ချပါ၊ သမီး သူရိယကို လုံးဝမဆက်သွယ်ပါဘူး၊ သူလာပြီး ဆက်သွယ်လို့မရအောင်လည်း သမီး ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းအားနာပါတယ် အစ်မရယ်၊ သမီးကိုလည်း အန်တီ အရမ်းအားနာပါတယ်၊ သားက သမီးနဲ့ ချစ်သူတွေဖြစ်တဲ့ အကြောင်း စေ့စပ်ပွဲနေ့ကမှ ပြောပြခဲ့တော့ အားလုံးက လွန်ကုန်ပြီလေ။ ကျွန်မလည်း မတတ်သာလို့ လာပြောရတာပါ။ ကိုယ့်သားကိုယ်မနိုင်ဘူးလားလို့ ပြောရင်လည်း ခံရမှာပါပဲ"

"ဩော် ... ညီမရယ်၊ အစ်မ ညီမရဲ့ဒုက္ခကို နားလည်ပါတယ်၊ ကိုယ်ချင်းလည်း စာပါတယ်"

"ဟုတ်ကဲ့ပါ ... ကျေးဇူးတင်ပါတယ်၊ သမီးကိုလည်း အန်တီ ကျေးဇူးတင်ပါတယ်၊ ဒါဆို အန်တီပြန်ဦးမယ်နော်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ အန်တီ၊ စိတ်ချလက်ချသာနေပါ အန်တီ"

ကျွန်မက သူ့အမေ၊ ကျွန်မဘယ်တော့မှ မတော်ရမယ့် ယောက္ခမကြီးကို ခြံဝအထိ လိုက်ပို့ပေးလိုက်ပါသည်။ ရင်ထဲတွင် နာကျင်လွန်းလို့ သွေးစိမ်းရှင်ရှင် ထွက်နေပေမယ့် မျက်နှာလေးကတော့ ဘာမှမခံစားရလေအောင် ဟန်ဆောင်ထားရတယ်လေ။





"ဘယ်လိုလဲ မိပိုင်၊ တော်သေးတာပေါ့။ အဲဒီအမျိုးသမီးက ယဉ်ကျေးသိမ်မွေ့တဲ့ ပညာတတ်မို့လို့၊ မဟုတ်ရင် အခု လောက်ဆို နင် ပတ်ဝန်းကျင်မှာ တော်တော်ကို အရှက်ကွဲနေပြီ"

"ထားလိုက်ပါ မေမေရာ၊ သူတို့စေ့စပ်သွားပြီ ဆိုကတည်းက သမီး သူ့ကို လုံးဝမမျှော်လင့်တော့ပါဘူး"

"ရှက်စရာကောင်းပါတယ်အေ၊ အစကတည်းက ကိုထက် လာပြောကတည်းက ဇာတ်လမ်းဖြတ်လို့ ငါပြောတာ၊ ညည်းက အမေ့စကား နားမှမထောင်တာ"

"တော်ပါပြီ မေမေရာ မပြောပါနဲ့တော့၊ ဝမ်းသာစရာပြောမလို့၊ သမီး အလုပ်ရပြီ၊ အလုပ်က မနက်ဖြန် ဆင်းရမှာ၊ လစာက assistant teacher ဆိုတော့ ခြောက်လလောက်တော့ training ဆင်းရမှာဆိုတော့ ခြောက်သောင်းခွဲက စရမှာလေ၊ နောက်တော့လည်း အရည်အချင်းပေါ် မူတည်ပြီး တိုးပေးသွားမယ်လို့ ပြောတာပဲ"

"ညည်းကို ငါ ပြောမယ်နော် မိပိုင်၊ ဟိုကောင်လေးနဲ့ လုံးဝမပတ်သက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သမီး မြို့ထဲမှာ အဆောင်ငှားနေမယ်၊ သမီးအခု လုပ်မယ့် သင်တန်းကျောင်းနဲ့နီးတဲ့ နေရာမှာလေ၊ သမီး သူငယ်ချင်းသူဇာတင်ကို မေမေသိတယ်မဟုတ်လား။ သူက ထောက်ကြန့်မှာနေတာ၊ သူလည်း အလုပ်ရတယ်၊ အခုလေး ပဲ သမီးတို့ အဆောင်ငှားနေမလို့ ပြောခဲ့ကြသေးတာ"

"ဖြစ်ပါ့မလား၊ ငါ စိတ်မချပါဘူးအေ"

"ဩော် ... မေမေကလည်း ဘာစိတ်မချစရာရှိလဲ၊ သူဇာ တင်က မြို့ထဲမှာ ကျူရှင်တွေ လိုက်သင်နေတာ။ သမီးကို တောင် သူ့မှာ ကျူရှင်တွေများနေလို့ ခွဲပေးမယ်တဲ့လေ။ သင်တန်းမှာ သင်ပြီးရင် နောက်ကျူရှင်တွေ ဆက်သင်လို့ ရတာပေါ့၊ သင်တန်းက တစ်ပတ်ကို တစ်ရက်နားလို့ရ တော့ သမီး ဒီကို တစ်ပတ်တစ်ရက်တော့ ပြန်လာမှာပါ"

"ဘာလဲ ... ဟိုကောင်လေးကို မတွေ့အောင် ရှောင်ပြေး တာပေါ့၊ ဟုတ်လား"

ကျွန်မ နာကျင်စွာ ပြုံးလိုက်သည်။ ဟုတ်တာပေါ့။ သိပ်ဟုတ်တာပေါ့။ ကိုယ့်ကိုယ်ကိုယ် မနားရအောင် အလုပ်တွေ ပေးပြီး သူ့ကိုမေ့နိုင်အောင် ကြိုးစားရမှာပေါ့။

♥○♥





## အခန်း(၈)

အချစ်နဲ့ကမ္ဘာလေးတစ်ခုကို တည်ဆောက်ဖို့
ပြည့်စုံလုံလောက်တဲ့
သစ္စာတွေ၊ အချစ်တွေ၊ အင်အားတွေရှိလာတဲ့အခါ
သူတို့ရဲ့အနာဂတ်နေ့ရက်တွေဟာ
သိပ်လိုလှပလွန်းခဲ့ပါတယ် ...။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းရှေ့က ကားမှတ်တိုင်မှာ Class က ကောင်မလေးတစ်စုနဲ့ ကျွန်မ စကားလက်ဆုံကျနေစဉ်မှာ မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ ကိုကိုထက်ကိုတွေ့လိုက်ရသည်။ ဆံပင်ကို အပြောင်သိမ်းပြီး ထောင်ကလစ်ကလေးတပ်ထားသော၊ လူကြီးပုံဖမ်းထားသော ကျွန်မကို ကိုကိုထက်က ပထမ သတိမပြုမိပုံနှင့် နောက်မှ သေသေချာချာကြည့်ကာ ...

"မိပိုင် ... မိပိုင် မဟုတ်လား"





"ဟုတ်ပါတယ် ကိုကိုထက်ရယ်၊ ဘယ်လိုလဲ တစ်နှစ်ကျော်ကျော်လေး မတွေ့လိုက်ရတာနဲ့ မေ့သွားတာလား"

"ဟာ ... တီချယ့် boyfriend လား၊ ချောတယ်နော်"

တပည့်ကောင်မလေးတွေရဲ့ တစ်ယောက်တစ်ပေါက်စ,သံကြောင့် ကျွန်မ မျက်နှာပူသွားမိပါသည်။ ကိုကိုထက်ကတော့ ရယ်ကျဲကျဲနှင့် ...

"မိပိုင် ဘယ်ပြန်မှာလဲ၊ ကိုကိုထက်ကားက ဟိုနားမှာရပ်ထားတာ၊ ဒီဘက်က ကားဝင်လို့ မရလို့"

"ဒီနားတင်ပဲ၊ ဒီနားမှာ မပိုင် အဆောင်ငှားနေတာလေ၊ သင်တန်းနဲ့လည်းနီးလို့၊ တခြားကျူရှင်တွေလည်း လိုက်ပြနေတယ်"

"ကိုကို သိပါတယ်"

"ဟင် ... ဘယ်လိုလုပ်သိလဲ"

"ကိုကို ကြီးကြီးနဲ့ အမြဲအဆက်အသွယ် ရှိတယ်လေ"

"ဟို ... ကိုကို့ကို မပိုင် ပြောမိတာတွေအတွက် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ အဲဒီတုန်းကလည်း ကိုကိုက အရမ်းကလေးဆန်သွားခဲ့တာကို၊ မိပိုင်ရော ... အဆင်ပြေရဲ့လား၊ သူ့ရိယ မရှိဘဲနဲ့လေ"

ကျွန်မ ပြုံးရုံးတင်ပြုံးပြီး ဘာအဖြေမှ ပြန်မပေးခဲ့ပါ။ ဘယ်လိုအဆင်ပြေမှာလဲ၊ ရေနွေးပူပူတွေကို အေးသွားအောင်မှုတ်ပေးတတ်တဲ့၊ တစ်ခုခုစားပြီးတိုင်း တစ်ရှူးလေးတွေ အဆင်သင့်ထုတ်ပေးတတ်တဲ့၊ ကျွန်မပြောသမျှ စကားတွေကို မညည်းမညူနားထောင်ပေးတတ်တဲ့၊ ကျွန်မ ရန်စွာတိုင်း တစ်ခါတလေမှုရင်းစိတ်ပြန်ပေါ်ပြီး ပြန်ရန်စွာတတ်တဲ့ ကျွန်မချစ်သူမှ ရှိမနေတော့ဘဲ။ တိုက်ဆိုင်မှုတွေ ကြုံလာတိုင်း သူ့ကို မပျက်မကွက် သတိရတတ်တာ၊ သူ့ကိုဆုံးရှုံးရပြီဆိုတဲ့အသိနဲ့ ရှင်သန်နေရတာ ဘယ်လောက် နာကျင်ရလဲ။

♥○♥





ကျွန်မတို့ငှားနေသည့် တိုက်ခန်းက သုံးလွှာမှာရှိသည်။ သုံးလွှာဆိုတော့ သိပ်အပေါ်မတက်ရ။ လူကလည်း သိပ်များများစားစားမရှိပါ။ အိပ်ခန်းက သုံးခန်းပါသည်။ တစ်ခန်းကိုနှစ်ယောက်နေသည်။ စုစုပေါင်းမှ ခြောက်ယောက်သာရှိသည်။ အကုန်လုံးကလည်း ပညာတတ်တွေဖြစ်သည်။ လူရည်လည်းသန့်တော့ နေရတာ အဆင်ပြေလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ကလည်း စုစုပေါင်း သုံးချောင်းရှိသည်။ အရင်ပြန်ရောက်သူက သော့ဖွင့်ဝင်နှင့်၍ရသည်။ အခန်းပိုင်ရှင်နှင့်အတူနေရတာ မဟုတ်တော့ လွတ်လပ်သည်။ တစ်ခါတလေ ခြောက်ယောက်သား ဆုံမိလျှင် မီးဖိုထဲတွင် အတူချက်ပြုတ်စားသောက်၍ အမျှဉ်မပြတ်အောင် စကားတွေပြောကြသည်။ တကယ်ညီအစ်မတွေလိုပင်။

"ဟိုင်း ... တီချယ်သက်၊ ဒီနေ့ နောက်ကျပါလား"

စုစုနွေးက ညှိခန်းထဲမှာ မဂ္ဂဇင်းဖတ်နေရာက ကျွန်မကိုမြင်တော့ လှမ်းပြောလိုက်သည်။

"ဟုတ်တယ်၊ ဒီနေ့ အသိတစ်ယောက်နဲ့တွေ့လို့ စကားပြောနေတာနဲ့ ကျူရှင်ဝင်ချိန် နောက်ကျသွားလို့ ပြန်ချိန်ပါ နောက်ကျသွားတာ"

"ဩော် ... သူဇာ ပြန်ရောက်နေပြီလား"

သူဇာက အိပ်ရာပေါ်မှာ လှဲနေရာမှ ကျွန်မကို ပြုံးစိစိနှင့် ကြည့်နေလေသည်။

"ဘာဖြစ်နေတာလဲ၊ နင့်ရုပ်က ဘာလဲ"

"I've something to show you"(နင့်ကို ငါ ပြစရာရှိတယ်)





"Really ! What's it"(တကယ်လား၊ ဘာလဲ)

"Here"(ရော့ ... ဒီမှာ)

သူမ ကျွန်မကို သတင်းစာတစ်စောင် လက်ထဲကို ထိုးထည့်ပေးလိုက်သည်။

ကျွန်မက သတင်းစာကို သိလိုစိတ်နှင့် လှန်လှောမိသည်။ စာမျက်နှာတစ်နေရာမှာတော့ သူရိယတို့ စေ့စပ်ကြောင်း လမ်းဖျက်သိမ်းခြင်းကို တွေ့လိုက်ရပါသည်။ ထိုအောက်တွင်တော့ သူရိယကို အမွေပြတ် စွန့်လွှတ်ခြင်း ကြော်ငြာကိုပါ တွေ့လိုက်ရသည်။

ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီမှန်းမသိ၊ သူ့စေ့စပ်ပွဲဖျက်သိမ်းလိုက်တာကိုပဲ ဝမ်းသာရမှာလား၊ သူအမွေဖြတ်ခံရတာကိုပဲ ဝမ်းနည်းရမှာလား မသိပါ။

"နင် ပျော်သွားတယ် မဟုတ်လား အိမ့်သက်ပိုင်"

"ပျော်တယ်ရယ်လို့တော့ မဟုတ်ပါဘူး သူဇာရယ်၊ သူ့အမေက ငါ့ကို သေချာလာပြီး ပြောထားတဲ့ကြားထဲက ဒီလိုဖြစ်သွားတာဆိုတော့ သူ့အမေများ ငါ့ကို တစ်မျိုးထင်မလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ အိမ့်သက်ပိုင်ရာ၊ ဒီအတောအတွင်း နှင် သူရိယနဲ့ လုံးဝမဆက်သွယ်ဘူး၊ အဆက်အသွယ် ပြတ်နေတယ်ဆိုတာ အားလုံးသိနေကြတာပဲ"

"ဒါနဲ့ သူရိယက ကျောင်းပြီးသေးတာ မဟုတ်ဘူး၊ သူ့ကို အမွေဖြတ်တော့ သူ ဘာနဲ့ကျောင်းဆက်တက်ရမှာလဲ"

ကျွန်မ ရင်မောစွာ ဆိုမိသည်။ သူရိယဆီကို ဖြစ်နိုင်လျှင် ကျွန်မ အပြေးသွားတွေ့ချင်မိသည်။ ဒါပေမဲ့ ကျွန်မ သူ့ကို ဘယ်မှာဆက်သွယ်ရမည်လဲ။

"တွေ့လား ... အိမ့်သက်ပိုင်၊ သူရိယ နှင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြလိုက်တာပဲ၊ နှင်ကတော့ သူ့ကို ရှောင်ပြေးနေတယ်၊ သူကတော့ အမွေအဖြတ်ခံပြီး နှင့်ကို သူ ဘယ်လောက်ချစ်တယ်ဆိုတာ ပြလိုက်တာပဲ၊ you ... coward (နှင် သူရဲဘောကြောင်တယ်) အိမ့်သက်ပိုင်"

"တော်ပါတော့ဟာ၊ အခုလောက်ဆို မြသွေးနီ ငါ့ကို ကျိန်ဆဲနေလောက်ပြီ၊ ပြီးတော့ သူရော ... သူ ဘယ်ရောက်လို့ ဘယ်ပေါက်နေပြီလဲ"





"နှင် ဒီညရော အိပ်လို့ပျော်ပါ့မလား အိမ်သက်ပိုင်၊ အဲဒီ လိုမုန်းသိရင် မနက်မှ ပြပါတယ်"

"ဒါနဲ့ သူဇာ၊ နှင် သတင်းစာ ဖတ်လေ့မရှိပါဘူး"

"ဟုတ်တယ်လေ၊ ကျူရှင်အိမ်မှာ စာသင်ရင်းနဲ့ သတင်းစာတွေ့လို့ ဖတ်လိုက်တာ၊ ဒီကြေညာ တွေ့တာနဲ့တောင်းလာတာ"

"တော်တော်အားကိုးရတဲ့ သူငယ်ချင်းပဲ"

"တစ်ခုခု မကျွေးချင်ဘူးလား"

"ကျွေးရမှာပေါ့ဟာ၊ ဒါပေမဲ့ လောလောဆယ်တော့ ငါ သူ့ကို အရမ်းစိတ်ပူနေတယ်"

"ပူလည်း နောက်မှပူတော့ပေါ့၊ လောလောဆယ်တော့ ထမင်းစားပြီး အိပ်တော့၊ အချိန်လည်း မရှိတော့ဘူး၊ မနက်(၉)နာရီ အရောက်သွားရမှာ မမေ့နဲ့"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



မနက်စေစော အိမ်ရှေ့တံခါးမကြီးကိုဖွင့်လိုက်လျှင်ပဲ အိမ်ရှေ့တန်းလျားပေါ်မှာ အိတ်တစ်လုံးနှင့် ငုတ်တုတ်ထိုင်နေသော ကောင်လေးတစ်ယောက်ကို ဒေါ်တင်တင်ကြည် မြင်လိုက်ရပါသည်။ ထိုကောင်လေးက ငိုက်မြည်းနေရာမှ တံခါးဖွင့်သံကြောင့် ဆတ်ခနဲ ဖြစ်သွားကာ သူ့ကိုတွေ့တော့ လှစ်ခနဲပြုံးလိုက်သည်။ ထိုကောင်လေးသည် တော်တော်ကိုချောသော ကောင်လေးတစ်ယောက် ဖြစ်သည်ကိုတော့ သူမ မငြင်းနိုင်ပါ။





"သား ... ဘာကိစ္စရှိလို့လဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ့်"

"အန်တီ ... ကျွန်တော် မိကောင်းဖခင်သားတစ်ယောက်ပါ အန်တီ၊ အဲဒါကိုတော့ ကြိုပြီးပြောထားပါရစေ။ အကြောင်းကိစ္စတစ်ခုကြောင့် ကျွန်တော့်အိမ်က ကျွန်တော် ထွက်လာရတာပါ၊ ကျွန်တော် ဒီမှာ ခဏလောက် နေပါရစေခင်ဗျာ"

"အို ... ဘယ်ဖြစ်မှာလဲ၊ မင်းက ဘယ်ကလာမှန်းမသိ၊ ဘယ်သူမှန်းမသိနဲ့"

"ဟို ... ကျွန်တော့်ကို ယုံကြည်ပေးပါ အန်တီရာ၊ ကျွန်တော် အန်တီ့အိမ်မှာ အလကားမနေပါဘူး၊ အိမ်မှာ လုပ်စရာရှိတဲ့ အလုပ်မှန်သမျှ ကျွန်တော် လုပ်ပေးပါ့မယ်၊ ကျွန်တော် ရာဇဝတ်မှုတွေနဲ့လည်း ကင်းရှင်းပါတယ်ခင်ဗျာ၊ နော် ... အန်တီရာ ... နော်"

"နေပါဦး ... မင်းက ဘာလို့ ငါတို့အိမ်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး ဒီမှာ နေချင်ရတာတုံး"

"ဒီနားရောက်တော့ တန်းလျားတွေ့တာနဲ့ ကျွန်တော်ဝင်ထိုင်လိုက်တာပါ၊ ဗိုက်ကလည်း အရမ်းဆာနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ကြည် ထိုသူငယ်အား ခြေဆုံးခေါ
ဆုံး ကြည့်လိုက်သည်။ သူ့ကြည့်ရသည်မှာ ဆာလောင်နေ
သည်။ ရုပ်ကလေးကတော့ ကြည့်လေ ချောလေဖြစ်သ
ဖြူသွယ်သွယ် လက်ကလေးတွေနှင့် ပြည့်ပြည့်ဖြိုးဖြိုး ခြေဖမိုး
မှ မွေးညင်းစိမ်းလေးတွေ ယှက်နေသော ပန်းနုရောင်ခြေသည်
လေးတွေနှင့် ခြေချောင်းပြည့်ပြည့်လေးတွေကလည်း သူကအညာ
လူတန်းစား မဟုတ်ကြောင်း ထောက်ခံနေကြပါသည်။

ရုတ်တရက် ဒေါ်တင်တင်ကြည့်ခေါင်းထဲ အ
တစ်ခု ဝင်လာသည်။ မဟုတ်မှလွဲရော ဒီကောင်လေး "ဖွဲသူရိ
ထက်"ဆိုတာနေမယ်။ ကြည့်ရတာ သူ့အိမ်က ဆင်းလာတဲ့
လောလောဆယ် ခဏလက်ခံထားပြီး အခြေအနေကြည့်ပြီး တစ်
ဆုံးဖြတ်ရမည်။

"ကောင်းပြီလေ၊ မဟုတ်တရုတ်တော့ လုပ်ဖို့မကြံနဲ့နေ
မင်းရဲ့ရုပ်ရည်၊ အပြောအဆိုကို ကြည့်ရတာ ပညာတ
လူငယ်တစ်ယောက် ဖြစ်ပုံရလို့ ငါ လက်ခံလိုက်မယ်၊
စိတ်ထဲမှာ မင်းဟာ မရိုးသားဘူးလို့ထင်ရင်တော့ မင်းအ
မရွေး ဒီအိမ်က ထွက်သွားရမယ်။ ဟုတ်ပြီလား"





"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အရမ်းကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ"

သူရိယ စဉ်းစားလိုက်ပါသည်။ ဖွဲသူရိယထက် ဆို
သော နာမည်ကိုတော့ လုံးဝသုံး၍ရမည် မဟုတ်ပါ။

ဒီနာမည်ကို ကြားလျှင် သူ့ကို ချက်ချင်းပင်မောင်း
ထုတ်နိုင်ပါသည်။

"ကျွန်တော့်နာမည် 'မောင်မောင်'ပါ ခင်ဗျာ"

"မင်း မှတ်ပုံတင်တော့ ရှိမှာပေါ့၊ ဒီမှာနေရင် ဧည့်စာရင်း
တော့ တိုင်ရမယ်လေ"

"ဟာ ... အဲဒါမှ ဒုက္ခပါပဲခင်ဗျာ၊ ကျွန်တော် လောလောနဲ့
ထွက်လာလိုက်ရတာ မှတ်ပုံတင်ပါမလာခဲ့ပါဘူး၊ ဒါပေမဲ့
မှတ်ပုံတင်နံပါတ်တော့ မှတ်မိပါတယ်ခင်ဗျာ"

"ဟုတ်ရဲ့လား ကောင်လေးရဲ့"

"ဟုတ်ပါတယ် အန်တီရယ်၊ ကျွန်တော့်ဧည့်စာရင်းကို
ကျွန်တော် အန်တီနဲ့အတူ လိုက်ပြီးတိုင်ပါ့မယ်"

"ကောင်းပြီလေ၊ မင်းတာဝန် မင်းယူနိုင်တယ်ဆိုလည်း
ပြီးတာပဲ၊ ကဲ ... ကဲ ... အထဲဝင်၊ တို့အိမ်ကို မင်း ဘာလို့
ရွေးသလဲတော့ တို့မသိဘူးပေ့၊ တို့အိမ်က မင်းမြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ အိပ်ခန်းက နှစ်ခန်းပဲရှိတာ၊ မင်း အိမ်ရှေ့မှာပဲ အိပ်ရမယ်"

"ဟာ ... ဖြစ်ပါတယ်၊ ပြဿနာမရှိပါဘူးခင်ဗျာ"

"ဟော့ ... စောစောစီးစီး ဘာတွေဖြစ်နေကြတာလဲ"

အိမ်ထဲမှ အိပ်ချင်မူးတူးအသံဖြင့် ထွက်လာသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အိမ့်သက်ပိုင်အဖေဖြစ်ဟန်တူ၏။

"ဩော် ... အဖေကြီးရေ၊ ဒါလေ တင့်တင့် ငယ်သူငယ်ချင်းရဲ့ သားလေးပေါ့၊ သူ့အမေကလည်း ဆုံးရှာပြီလေ။ တင့်တင့်လိပ်စာ ပေးလိုက်လို့ လိပ်စာအတိုင်း လိုက်လာတာ"

သက်အမေက သူ့ယောက်ျားက ကျွန်တော့်ကိုသက်ာမကင်း မဖြစ်ရအောင် ဖာထေးပြီး ပြောလိုက်သည်။

"ဟေ ... ဟုတ်လား၊ ဒါနဲ့ ဒီသူငယ်က အိမ်ကမိပိုင်နဲ့ ရွယ်တူလောက်ရှိမယ်ထင်တယ်"

"မင်း ကျောင်းပြီးပြီလားကွ"

"ဩော် ... ကျွန်တော် ရေကြောင်းတက္ကသိုလ်တက်နေပါတယ် ခင်ဗျ"





"ဟ ... တော်တာပေါ့"

ဆိုတဲ့ အာမေဍိတ်သံတွေက လင်မယားနှစ်ယောက် ပါးစပ်မှ ထွက်ပေါ်လာသည်။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော့်အမေဆုံးတော့ ကျွန်တော့်အဒေါ်တွေနဲ့အတူ နေပါတယ်၊ အဖေကတော့ နိုင်ငံခြားမှာနေတယ်၊ ဟိုကနေ ကျွန်တော့်ကို ကျောင်းစရိတ်တွေ လှမ်းလှမ်းပို့ပေးပါတယ်၊ အဒေါ်တွေက ကျွန်တော့်ကို အယောင်ပြပြီး ကျွန်တော့်အဖေဆီက ငွေတွေကို နည်းမျိုးစုံနဲ့တောင်းတယ်လေ၊ ကျွန်တော်ကတော့ သူတို့ပေးသလောက်ပဲရတယ်"

"မင်းဟာက မဟုတ်သေးပါဘူး၊ မင်းအဖေက မင်းကို ငွေပို့တာ ဘယ်လိုပို့လဲ၊ မင်း မှတ်ပုံတင်နံပါတ်နဲ့ လာထုတ်ခိုင်းတာ မဟုတ်ဘူးလား"

"ဒါက ဒီလိုပါခင်ဗျာ၊ ကျွန်တော့်အဒေါ်တွေက ဖေဖေ့ရဲ့ အစ်မတွေပါ၊ သူတို့က ဖေဖေ့အပေါ်မှာ တော်တော်ကို ဩဇာညောင်းပါတယ်၊ ပိုက်ဆံတွေကို ကျွန်တော့်လက်ထဲ ထည့်ပေးရင် ပျက်စီးမှာစိုးလို့ဆိုပြီး အမျိုးမျိုး အကြောင်းပြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ မင်း အိမ်ပေါ်က ဆင်းလာတော့ ကျောင်းစရိတ်က ဘယ်လိုလုပ်မလဲ"

"အဲ့ဒါတော့ မပူပါနဲ့ ဦးလေးရာ၊ ကျွန်တော် ဖေဖေ့ကို အကျိုးအကြောင်း အားလုံးပြောပြပြီးသွားပါပြီ။ ဖေဖေက ကျွန်တော့်ဆီ တိုက်ရိုက်ငွေပို့တော့မှာပါ"

"ဒါဆိုလည်း အဒေါ်တွေနဲ့ ပြန်နေလို့ မရဘူးလား။ ဒါမှ မဟုတ် အဆောင်မှာနေပေါ့ကွာ၊ ဒါ ဦးတို့အိမ်မှာ မနေစေချင်လို့ ပြောတာ မဟုတ်ဘူးနော်"

"ဦးပြောတာတော့ ဟုတ်ပါတယ် ဦးရယ်၊ အဒေါ်တွေနဲ့ ပြန်နေရင် သူတို့က ကျွန်တော့်ကို စောင်းလားမြောင်းလား လုပ်တော့မှာပါ၊ အဆောင်မှာကျတော့လည်း ကျွန်တော် မနေချင်ဘူး။ ကျွန်တော်က မိသားစုလေးနဲ့ နေချင်တာ။ ကျွန်တော်က မိသားစုကို ငတ်တယ်လေ၊ ဒါကြောင့် ကျွန်တော် ဒီကိုရောက်လာခဲ့တာပါ"

"တွေ့လား ... တော့်သမီး မိပိုင်နဲ့များ ကွာလိုက်တာ၊ အိမ်ကို တစ်ပတ်တစ်ခါလာမယ်ပြောပြီး တစ်လတစ်ခါ သူ့မျက်နှာ မြင်ရတာကိုက ကံကောင်းလှပြီ မှတ်နေရတယ်"





"အေး ... အေး ... သူငယ်လေး မင်းနာမည် ဘယ်သူ"

"မောင်မောင်ပါခင်ဗျာ"

"အေး ... မောင်မောင်၊ အေးအေးဆေးဆေး ဒီမှာနေပေတော့၊ လူတစ်ယောက်စရိတ်က လွယ်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဦးတို့ဆိုင်လေးအတွက် ဈေးဝယ်ပေးတာ၊ ကူရောင်းပေးတာ၊ မင်းအားရင် အားသလိုပေါ့ကွာ၊ အိမ်ကိစ္စလေးတွေ လုပ်ပေးမယ်ဆိုရင်ပဲ ရပါပြီ"

"မဟုတ်တာ ဦးရယ်၊ ကျွန်တော် ထမင်းလခ ပေးစားမှာပါ၊ အိမ်အလုပ်တွေလည်း ကူလုပ်ပေးမှာပေါ့"

"ဒါဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့ကွာ"

"အို ... ကိုသက်ပိုင်ကလည်း အားနာစရာကြီး"

"ကဲ ... ကဲ၊ ကိုယ် အလုပ်သွားတော့မယ် တင်တင်ရေ၊ မင့်သားအငယ်ကောင်လည်း နိုးတော့လေ၊ ညက ဘယ်အချိန်အထိ စာကျက်နေလဲ မသိဘူး"

အိမ်ရှေ့ရေတိုင်ကီဘက် သွားနေသော အိမ့်သက်ပိုင်အဖေ၏ ကျောပြင်ကိုကြည့်ရင်း သူ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် အန်တီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ရှိ မလိုပါဘူးကွယ်၊ ကျေးဇူးမကန်းရင်ပဲ တော်ပါပြီ။ နောက်ဖေးမှာ မနေ့ကကုန်တဲ့ ထမင်းကြမ်း ရှိတယ်၊ ထမင်းအုပ်ဆောင်းအောက်မှာ လက်ဖက်နှပ်ထားတဲ့ ပုလင်းလည်းရှိတယ်၊ မင်း စားချင်သလောက် ထည့်ပြီးသာစားတော့၊ ကိုသက်ပိုင် အလုပ်သွားတော့မှာပဲ မင်းကို ငါမေးစရာရှိတာ ဆက်မေးတော့မယ်"

"ဟူး"

သူ သက်ပြင်းမောကြီး ချမိသည်။ မလွယ်ပါလား သက်ရယ်၊ မင်းကို ချစ်ရတာ မောသလို၊ မင်းနဲ့နီးဖို့ ကြိုးစားရတာလည်း မလွယ်လိုက်တာ။ ပါးစပ်ထဲတွေ့ကရာဇာတ်လမ်းတွေပြောပြီး သနားအောင်လည်း လုပ်ရသေးတယ်။ စေ့စေ့ပေါက်ပေါက်မေးတတ်တဲ့ မင်းမိဘ ကိုယ့်ယောက္ခမလောင်းတွေကြားမှာ အလိမ်မပေါ်အောင်လည်း ကိုယ်ကြိုးစားရဦးမယ်၊ သက်အဖေအလုပ်သွားရင် သက်အမေက ကိုယ့်ကိုဘာတွေမေးဦးမည်မသိပေ။ ပြီးတော့ ယောက်ဖလောင်းလေးကရော ဘယ်လိုပုံစံရှိမည်မသိ။

♥ ○ ♥





ယောက်ဖလောင်းဇော်လေးက သဘောကောင်းလှသည်။ သူ့ကို အစ်ကိုရင်းတစ်ယောက်လို ခင်တွယ်၏။ သူကလည်း တစ်ဦးတည်းသောသားဆိုတော့ ဇော်လေးကို တကယ့်ညီလေးအရင်းပမာ ခင်မင်မိသည်။

"ကိုမောင် ... ကိုမောင့်အဝတ်အစားတွေကလည်း တကယ်အမှန်တွေချည်းပါလားဗျာ၊ ကိုမောင်က သူဌေးသားဖြစ်မယ်၊ ဟုတ်တယ် မဟုတ်လား။ မဟုတ်မှလွဲရော ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကို ကိုမောင် ရောက်လာတာ မမပိုင်ကြောင့် မဟုတ်လား ... အု ... အု”

ဖော်လေး စကားမဆုံးခင် သူ ဖော်လေးပါးစပ်ကို ကမန်းကတန်း ပိတ်လိုက်ရသည်။ ဒီစကားကို လူကြီးတွေကြားသွားလျှင် သက်ကိုပင် မတွေ့လိုက်ရဘဲ အိမ်ကခေါင်းနှင့်ဆင်းသွားရမည်ဖြစ်သည်။

“ဟာ ... ကိုမောင်ကလည်း ဘာလို့လဲဗျ၊ ဘာကြောက်နေတာလဲ၊ ဘယ်သူမှ မရှိပါဘူး၊ ခုဏလေးတင် မေမေဈေးသွားတယ်”

“ငါလည်း ဈေးသွားအမီ ပြန်လာတာပဲကွာ၊ ကိစ္စလေးတွေလုပ်နေရလို့ နည်းနည်းနောက်ကျသွားတယ်”

သူ ဆိုင်ဘေးခုံတန်းလျားမှာထိုင်ရင်း ဖော်လေးကို ပြောလိုက်သည်။

“နေပါဦး၊ ကျွန်တော်မေးတာ ဖြေပါဦး၊ ကိုမောင် မမပိုင်နဲ့ ပတ်ကိုပတ်သက်ရမယ်၊ ဟုတ်တယ် မဟုတ်လား။ ကျွန်တော့်မိဘတွေကပဲ တုံးတာလား၊ သိရက်နဲ့မသိဟန်ဆောင်တာပဲလားတော့ မသိဘူး”





“နေပါဦး ... မင်းကို ငါ ပြန်မေးပါဦးမယ်၊ မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ”

“မသင်္ကာစရာတွေက အများကြီးပဲဟာကို၊ မနေ့က ကျွန်တော်နဲ့ ကိုမောင် လက်ဖက်ရည်ဆိုင်ထိုင်တော့ ကိုမောင့်သူငယ်ချင်းနှစ်ယောက်နဲ့ တွေ့တယ်လေ၊ အဲဒီ အစ်ကိုကြီးတွေက မမပိုင် ဆယ်တန်းတည်းက သူငယ်ချင်းတွေလေ။ ကိုမောင်နဲ့လည်း သိနေတယ်ဆိုတော့ တစ်ခုခုပဲ”

“အေးကွာ ... ငါဝန်ခံပါတယ်။ ငါ့ဒီကို မင်းအစ်မကြောင့်ရောက်လာတာပါ။ အန်တီနဲ့ ဦးကိုတော့ မပြောပါနဲ့ကွာ”

“မပြောပါဘူး၊ ကျွန်တော် အစ်ကိုပြန်မှာတောင် ကြောက်နေတာ၊ အစ်ကိုက ကျွန်တော့်ကို စာလည်းသင်ပေးတယ်၊ မုန့်ဖိုးတွေလည်းပေးတယ်၊ ဒီလို အစ်ကိုမျိုး ကျွန်တော်ဘယ်မှာသွားရှာမှာလဲ”

“အေး ... အေး၊ ကျေးဇူးတင်တယ် ညီလေးရာ၊ ကိုယ်ကလည်း တစ်ဦးတည်းသော သားဆိုတော့ အဖော်မင်ပါတယ်။ ဈေးဝယ်တွေလာနေပြီ ညီလေး၊ အစ်ကို အကျီသွားလဲပြီးပြန်ထွက်လာခဲ့မယ်”

“ဟုတ်ကဲ့ အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်သွက်သွက်လေး အိမ်ထဲဝင်ကာ စွပ်ကျယ်အဖြူလေး ကောက်လဲလိုက်သည်။ ဒီအိမ်ကို သူရောက်လာမှ သက် ဘယ်လိုရုန်းကန်ပြီး ပညာသင်ခဲ့ရတယ် ဆိုတာကို နားလည် သဘောပေါက်မိသည်။ စိတ်ဓာတ်မာကျောသော သက်ကို လေးလည်း လေးစားမိသည်။ အထင်လည်းကြီးမိသည်။ သို့သော် အိမ်မှာ ဘာတစ်ခုမှ လုပ်စရာမလိုဘဲ လိုသမျှကို လက်ဖြန့်တောင်းပြီး အေးအေးလူလူ နေခဲ့ရသော သူ့ဘဝနှင့်ယှဉ်လိုက်လျှင်တော့ သက်ဘဝ ကြမ်းတမ်းတာကို သနားမိသည်။

ဩော် ... အခုတော့ သနားစရာကောင်းတာက သူပင်ဖြစ်သည်။ မိဘတွေက အမွေဖြတ်လိုက်ပြီး သက်တို့အိမ်တွင် ကပ်နေရသည်လေ၊ မန္တလေးက ကြီးကြီးတို့၏ ပံ့ပိုးကူညီမှုဖြင့် သူ ကျောင်းဆက်တက်နိုင်သည်မှာ ကံကောင်းလှသည်ဟု ဆိုရမလိုပင်။ အိမ်မှာမလုပ်ခဲ့ဘူးသော၊ သူ့တစ်သက်နှင့်တစ်ကိုယ် မလုပ်ဘူးသော အိမ်ကိစ္စတွေ၊ ဆိုင်ကိစ္စတွေကို သူ မညည်းမညူ လုပ်ပေးခဲ့သည်။ သူ့ဘဝက ယခုမှ ပိုအဓိပ္ပာယ်ရှိသွားသည်ဟု ထင်သည်။

ညနေထမင်းဝိုင်းလေးမှာ သူတို့လေးယောက် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြသည်။ ဟင်းတွေကတော့ သူစားခဲ့ဖူး





သော ဟင်းများတော့ မဟုတ်ပါ။ ငါးပိရည် တို့စရာ အစုံအလင် ငါးဟင်းဆီကျန်ရည်ကျန်လေးနှင့် မြင်းခွာရွက်သုပ်လေးတစ်ပွဲသာ ဖြစ်သည်။ သို့သော် ထိုတမူထူးခြားသော ဟင်းလေးတွေက သူ့နှုတ်ကို မြိန်စေသည်။

သဘောကောင်းပြီး စိတ်ထားဖြူသော သက်မိဘတွေနှင့် သက်မောင်လေးတို့ကလည်း သူ့ကို အိမ်သားတစ်ဦးသဖွယ် ခင်မင်နှစ်လိုနေကြပြီဖြစ်သည်။

"ဒါနဲ့ ပြောရဦးမယ် မောင်မောင်ရေ၊ မနက်ဖြန် မိပိုင်လာမယ်လို့ ညနေက အန်တီ သူ့ကိုဖုန်းခေါ်တော့ ပြောတယ်လေ၊ မိပိုင်နဲ့ မောင်မောင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ပြောမယ့်သာပြောရတာ၊ မိပိုင်က မောင်မောင့်ကိုခေါ်ထားတာ ကြိုက်ချင်မှကြိုက်မှာ"

"ဟေ ... မောင်မောင် ရောက်နေတာ သမီးမသိသေးဘူးလား။ မင်း ပြောပြမထားဘူးလား"

"မပြောပါဘူး ကိုသက်ပိုင်ရယ်၊ တော့်သမီးက သိတယ် မဟုတ်လား ဆရာမကြီး၊ ဖုန်းထဲမှာဆိုတော့လည်း ရှည်ရှည်ဝေးဝေး ရှင်းပြရမှာ အဆင်မပြေတာနဲ့ပဲ ရောက်မှပဲပြောလိုက်မယ်။ မောင်မောင် ရောက်လာတာ ကျွန်မတော့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ်၊ ဖော်လေး မလိုက်နိုင်တဲ့ စာတွေလည်း မောင်မောင်က ရှင်းရပနိုင်တယ်လေ”

“ဟုတ်တယ်ကွ မောင်မောင်၊ ဦးက အစိုးရဝန်ထမ်း… တော့ အိမ်ကိစ္စတွေ ဘာမှသိပ်လိုက်ကြည့်နိုင်တာ မဟုတ် ဘူး။ ဒီကြားထဲ သမီးကလည်း အဆောင်မှာ သွားနေတ… ဆိုတော့ မင်းရောက်မလာခင်တုန်းကဆို မင်းအန်တီက… အရမ်းကသီလင်တ နိုင်ခဲ့တာ”

“ကျွန်တော်လည်း ဒီအိမ်မှာ နားခိုခွင့်ရခဲ့တဲ့အတွက် ကျွန် တော့်ငတ်ခဲ့တဲ့ မိသားစုပုံစံလေး ရခဲ့တဲ့အတွက် အရမ်းကို ကျေးဇူးတင်ရပါတယ်”

“ဖော်လေးရဲ့ရယ်ကျဲကျဲ မျက်နှာပေးကတော့ ‘သိပ် တယ်၊ ဘာအဓိပ္ပာယ်လဲ’ဆိုတာ”ဆိုတဲ့ အဓိပ္ပာယ်လေး ပျော်ဝ… နေတာမို့ သူက ဖော်လေးကို မချိုမချဉ်ဖလေး ပြန်ပြုံးပြလိုက်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန် အလိမ်ပေါ်သွားရင်လည်း သူ သက်ကို ချစ်ခဲ့တာတွေ၊ သူ့ကို ရင်းနှီးခင်မင်မှုတွေအတွက် သက်မိဘတွေ ခွင့်လွှတ်နိုင်လိမ့်မည် ထင်ပါသည်။

♥○♥





ဧည့်ခန်းထဲက ဆိုဖာဆက်တီပေါ်တွင်ထိုင်ကာ ငူငူ ငိုင်ငိုင် ဖြစ်နေသော ဇနီးသည်ကို ဦးနေခန့် စိတ်မရှည်စွာကြည့် လိုက်သည်။ သား အိမ်ပေါ်ကဆင်းသွားတာ ဒီနေ့နှင့်ဆို နှစ်ပတ် တင်းတင်း ပြည့်ခဲ့ပြီ။

သူ့ဆန္ဒကို မလွန်ဆန်နိုင်လို့သာ သူမက အမွေဖြတ် သည့်ကိစ္စကို ဘာတစ်ခုမှ ဝင်မပြောတာ။ သားကို ခွဲရသည်ကိုတော့ ဘယ်လိုမှ ခံစားနိုင်ပုံမရပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကရော တစ်ဦးတည်းသော သားလေးကို အသက်လောက် ချစ်ရသည်ပဲ။ ရေခြားမြေခြားမှာ စီးပွားရှာခဲ့တဲ့ သားနဲ့ မယားနဲ့ ဝေးနေတဲ့ နေ့ရက်တွေကို သူ အားတင်းပြီး ကျော်ဖြတ်ခဲ့ရသည်။ အခု မိသားစုစည်းစည်းလုံးလုံး နေကြမည်ဆိုတော့မှ ပြဿနာတွေ ဖြစ်ရသည်လေ။

တကယ်ဆို သားကို မြသွေးနီဆိုသော ကလေးမလေးနဲ့ ကြိုက်နေကြပါပြီ၊ စေ့စပ်ပေးမှ ကောင်းမယ်ထင်တယ်လို့ တိုက်တွန်းခဲ့သူက သူမကိုယ်တိုင်ပါ။ ပြီးတော့မှ သားချစ်သူ မိန်းကလေးက မြသွေးနီ မဟုတ်ပါဘူးလို့ သူ့မပဲ ပြောလာခဲ့သည်။ မြသွေးနီ့အဖေ ဒေါက်တာမင်းသစ်နဲ့က ဆွေမျိုးပမာ ဖြစ်နေကြသည်ဆိုတော့ စေ့စပ်ထားတဲ့ကိစ္စကို သူ့ဘက်က ဘယ်လိုနည်းနှင့်မှ ဖြတ်ဖို့မဖြစ်နိုင်ပါ။

"နန္ဒာ့ကို ကိုယ်ကြည့်နေတာကြာပြီ။ ညလည်း ကောင်းကောင်းမအိပ်ဘူး၊ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ ... ဟုတ်လား ကိုနေခန့်၊ သားမှမရှိတာ ကျွန်မ ဘယ်လိုနေရမှာလဲ၊ ကျွန်မတို့မှာ ဒီသားလေးတစ်ယောက်တည်းပဲရှိတာ၊ ရှင်မို့လို့ အမြဲဖြတ်ကြေညာထည့်ရက်တယ်"





"ဟ ... ဒီလိုမထည့်လို့ ဘယ်လိုလုပ်ရမလဲ၊ ငါတို့ကို ကိုမင်းသစ်တို့လင်မယား လက်ညှိုးငေါက်ငေါက်ထိုးပြီး လာရန်တွေ့ခဲ့တာကို မင်း မေ့သွားပြီလား၊ ရှက်စရာကောင်းလိုက်တာကွာ၊ မင်း,သား အလုပ်မဟုတ်လို့ ငါတို့အိမ်ပေါ်တက်ပြီး ဇော်ကားတာကို ခံရတာကွ"

"အို ... ထားလိုက်ပါရှင်၊ အခု သားလေး ဘယ်သွားလို့ ဘာလုပ်နေပြီလဲ၊ သားတစ်ခုခုဖြစ်ရင်တော့ ကျွန်မဘယ်တော့မှခွင့်မလွှတ်ဘူး ကိုနေခန့်။ ကျွန်မ အတည်ပြောတာနော်"

"ဟား ဟား ဟား ဟား ... တော်တော်ရယ်ရတဲ့ မိန်းမပဲ နန္ဒာရယ်၊ မင်း,သားက မိန်းကလေးတစ်ယောက်ကိုချစ်လို့ အဲဒီအိမ်မှာတောင် သွားနေပြီဟာကို"

"ဘာပြောတယ် ကိုနေခန့်"

"အေး ... ဟုတ်တယ်၊ သူကြိုက်နေတဲ့ ကောင်မလေးအိမ်မှာ မင်း,သားတော်မောင် သွားနေတယ်ကွ၊ ကျောင်းကိုလည်း အဲဒီကပဲ တက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်ရော ဟုတ်လို့လား။ ရှင် ဘယ်လိုသိလဲ၊ သားမှာ ဘာပိုက်ဆံမှ ပါသွားတာ မဟုတ်ဘူး။ သူ ကျောင်းဘယ်လိုတက်လဲ၊ ဘာနဲ့တက်လဲ"

"ဟင်း ဟင်း ... မင်း,သားက သူ့ကြီးတော်တွေဆီ ငါက သူ့ကို အမွေဖြတ်လိုက်ပါတယ်ဆိုပြီး မျက်ရည်ခံထိုးနေ တယ်လေ၊ ဟိုက သူ့ကို ငွေလွှဲပေးတယ်လို့ ပြောတာပဲ"

"ရှင် သတင်းစုံလှချည်လား၊ ကျွန်မကိုတော့ သားနဲ့လုံးဝ မဆက်သွယ်ရဘူးလို့ ပြောပြီးတော့"

"သားသတင်းတွေ ကိုယ် အမြဲစုံစမ်းပါတယ်၊ အခုအချိန် မှာ သားက သူ့ဘဝကို သူကျေနပ်နေမှာပါ။ သူ့ကိုအမွေ ဖြတ်တာကလည်း အယောင်ပြသက်သက်ပါ နန္ဒာရယ်။ ပတ်ဝန်းကျင်မှာရော ကိုမင်းသစ်တို့ဘက်ကရော ကိုယ့် လုပ်ရပ်အတွက် နည်းနည်းကျေနပ်သွားစေချင်လို့ပါ"

"ကို ပြောတာကို နန္ဒာ နားမလည်ဘူး"

"ဒီလိုလေ ... သားက သူ့ဆန္ဒနဲ့သူ စေ့စပ်ပွဲဖျက်သိမ်း မယ်လို့ ကိုယ်တို့ကိုပြောတော့ ကိုယ် စဉ်းစားမိတယ်၊ သားလုပ်ရပ်အတွက်ကို မိန်းကလေးဘက်ကို အောက်ကျ





ခံပြီး မတောင်းပန်ချင်ဘူး။ သားကိုလည်း စိတ်ထင်ရာ လုပ်တတ်တဲ့ ညဉ့်ဆိုးအတွက် သင်ခန်းစာပေးချင်တယ်၊ ဒါကြောင့် သားနဲ့အတူတူ အမွေဖြတ်ကြေညာ သွားထည့် တာပေါ့ကွာ"

"ကိုနေခန့် ... ရှင်ကတော့ တစ်ကိုယ်လုံး ဉာဏ်ကြီးပါပဲလား"

"မင်းသားက ကိုယ့်ထက် ပိုဉာဏ်များတယ် နန္ဒာ၊ ဒီကောင် ကောင်မလေးအိမ်ကို ကောင်မလေးချစ်သူအနေနဲ့ သွားတာ မဟုတ်ဘူး၊ နာမည်ပါ ပြောင်းထားလိုက်သေးတယ်၊ ကျလည်းကျတဲ့ကောင်ကွာ"

"ကို့ကို ဘယ်သူပြောလဲ"

သူမက တအံ့တဩနဲ့ မေးလိုက်သည်။

"သူ့သူငယ်ချင်း နှစ်ယောက်လေ။ မြောက်ဥက္ကလာဘက် မှာနေတဲ့ ကောင်လေးနှစ်ယောက်ပေါ့"

"သြော် ... ဗညားနဲ့ မင်းစစ်လား"

"ဟုတ်တယ် မိန်းမရေ၊ ငိုမနေနဲ့ မှိုင်မနေနဲ့၊ သားဘာမှ မဖြစ်ပါဘူး၊ ကြီးတော်တွေဆီက ပိုက်ဆံတွေနဲ့ ကျောင်း တက်နေပြီး ကောင်မလေးမိဘအိမ်မှာ နေနေတာပဲဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ ကိုနေခန့်"

"ဘာမှမလုပ်သေးနဲ့ဦး၊ အခြေအနေ စောင့်ကြည့်ဦး နန္ဒာ၊ စုံစမ်းရသလောက်ကတော့ ကောင်မလေးမိသားစုက ဆင်းရဲတာကလွဲလို့ ဘာပြစ်ချက်မှ ရှိမနေပါဘူး"

"ကျွန်မသိတယ် ကို၊ သူတို့အိမ် ကျွန်မရောက်ဖူးတယ်၊ ကောင်မလေးက သွက်သွက်လက်လက်လေး ချစ်ဖို့လည်း ကောင်းတယ်၊ သူ့အမေကလည်း သဘောကောင်းတယ်"

"ဒါဆိုလည်း ပြီးတာပဲကွာ၊ နောက်နှစ်ဆို မင်း,သား ကျောင်းပြီးပြီ၊ ဒီတစ်ခါတော့ သေချာစီစဉ်ပါ၊ စိတ်မလော ပါနဲ့၊ နောက်ထပ် တကယ်ချစ်တဲ့သူ ရှိ,မရှိဆိုတာလည်း မင်း စုံစမ်းလိုက်ပါဦး"

"ဘာလဲ ... ကိုက ကျွန်မကို ရွဲ့တာလား"

"မဟုတ်ပေါင်ဗျာ၊ ခင်ဗျားသားက အပြောင်းအလဲ မြန်တတ်လို့ပါ"

"ဒါဆို နန္ဒာ ကောင်မလေးအမေနဲ့တွေ့ပြီး ပြောဆိုထားမှပဲ"

"အေး ... သားကိုတော့ မသိစေနဲ့၊ ပြောထားတာ ကောင်းတယ်၊ တော်ကြာ သားကို အိမ်အလုပ်တွေ ဘာတွေ ခိုင်း ပြုနေမှ"





"ခိုင်းပါစေပေါ့၊ သူက အမွေဖြတ်ခံရပြီး အိမ်ကအနှင်ချခံထားရတာကို"

"မနန္ဒာ ... ခင်ဗျား ကျွန်တော့်ကို ပြန်ရွဲ့တာပေါ့လေ"

"ဟင်း ဟင်း ဟင်း ဟင်း"

ဦးနေခန့်တို့လင်မယား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်မောမိကြသည်။ သားက သူတို့ဘဝ သူတို့အသက် ပင်ဖြစ်သည်။ သားမရှိဘဲနှင့် သူတို့ အသက်ရှင်နိုင်မည် မဟုတ်ပါ။ သားသာ စိတ်ချမ်းသာမည်ဆိုလျှင် သူတို့က ဘာတွေပဲလုပ်ပေးရ ပေးရ လုပ်ပေးချင်ပါသည်။ သို့သော် ဘယ်အရာကိုမဆို လုပ်ချင်ပြီ ဆိုလျှင် ရှေ့မကြည့်၊ နောက်မကြည့် တစ်ဖွတ်ထိုးလုပ်တတ်သော ဉာဉ်ကလေးရှိသည့်သားကိုတော့ အနည်းငယ်ပညာပေးချင်ပါသည်။

အနည်းနှင့်အများတော့ သူ့ကောင်မလေးအိမ်တွင် နေရသည့်ဘဝသည် သူ့အတွက်တော့ အခက်အခဲရှိမည်မှာ အမှန်ဖြစ်သည်။ နေရာတကာတွင် ကိန်းကြီးခန်းကြီးနိုင်ပြီး အလွန်တရာ မာနကြီးသောသားသည် ထိုကောင်မလေးကိုတော့ ရွဲ့ရွဲ့လမ်းလမ်း ချစ်နေသည် ဆိုတာတော့ သူတို့လင်မယားနှစ်ယောက်လုံး အကြွင်းမဲ့ယုံကြည်မိပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



"ချောတယ်နော်၊ [illegible] ငါ့ကို ပိုက်ဆံပြန်အမ်းတုန်းက ဘာရမလဲ ငါ [illegible]ကို ကြည့်ပေးလိုက်တာ၊ ကြည့်လေ ချောလေပဲဟာ"

"မိန်းမ ... တစ်နေ့ တစ်နေ့ အဲဒီဆိုင်ကို အကြောင်းမရှိ အကြောင်းရှာပြီး သွားသွားနေတာ၊ ဒါကြောင့်ကိုး"

အိမ့်သက်ပိုင် လမ်းထဲဝင်ဝင်လာခြင်း သူမနှင့် မျက်နှာချင်းဆိုင် လျှောက်လာသော ကောင်မလေးနှစ်ယောက်၏





စကားကြောင့် အိမ်ဘက်သို့ မျက်စိရောက်သွားမိသည်။ ဒီနားမှာ ဆိုင်ဆို၍ သူမတို့အိမ်ရှေ့မှ ဆိုင်တစ်ဆိုင်သာရှိသည်။

အခုခေတ် ကောင်မလေးတွေကလည်း ခက်လှပါသည်။ ဇော်လေးကိုတော့ ဆိုင်မထိုင်ဖို့ ပြောထားရဦးမည်။ ပြောမယ့်သာ ပြောရသည်။ ဇော်လေး ဆိုင်မထိုင်နှင့်လို့ ပြောလျှင် မေမေက သူမကိုရန်တွေ့မည်မှာတော့ အမှန်ပင်။ ဒီနှစ် ဇော်လေးက ဆယ်တန်းဆိုတော့ အရေးကြီးသည်။ သူမရဲ့ကျူရှင်လခတွေဟာလည်း ဇော်လေးကို ကျူရှင်ထားရသည်နှင့် ပြန်ကုန်တတ်ပါသည်။ ဒါတောင် ဇော်လေးကို အိမ်မှာဂိုက်မငှားပေးနိုင်၍ စိတ်မကောင်းဖြစ်နေရသည်။

ဆိုင်ထဲသို့ မျက်လုံးအရောက်တွင် အာလူးအိတ်ကြီးထဲမှ အာလူးတွေကို ဆန်ခါကြီးထဲသို့ ထည့်နေသော လူတစ်ယောက်၏နောက်ကျောကို မြင်လိုက်ရသည်။ စွပ်ကျယ်အဖြူ ဝတ်ထားသော သူ့ကျောကုန်းလေးသည် ဖြူ၍သန့်နေသည်။ သူမစိတ်တွေ အလွန်လှုပ်ရှားသွားသည်။ သူ ... သူ ... သူရိယနှင့် အလွန်ကိုတူသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့သို့ မျက်လုံးရောက်သွားသော သူရိယသည် သူ့ကို တအံ့တသြနှင့် စိုက်ကြည့်နေသော သက်ကိုတွေ့လိုက်ရ၍ ရင်ထဲ ထိတ်ခနဲခုန်သွားသည်။

"သူရိယ"

သူမနှုတ်မှ အသံထွက်သွားသည်။ သူက သူမကို မျက်စိပျက်၊ မျက်နှာပျက်ဖြင့်ကြည့်ကာ သူ့လက်ညှိုးကို နှုတ်ခမ်းရှေ့ ထောင်ပြလိုက်သည်။ တိတ်တိတ်နေဟု ပြောချင်သလိုပုံမျိုးနှင့်ဖြစ်သည်။ ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီမှန်း မသိတော့။ ဖြူသွယ်ရှည်လျားသော သူ့လက်များသည် အာလူးဆီမှ အဝါရောင်အမှုန့်များကပ်ငြိနေသည်။

ရုတ်တရက် အိမ့်သက်ပိုင် အဖြစ်အပျက်ကို သဘောပေါက်သွားရသည်။ ဘုရားရေ ... သူ အိမ်မှာလာနေနေတာပေါ့၊ ဖြစ်မှဖြစ်ရလေ၊ စိတ်ထဲမှာ သူ့ကို သူမ အလွန်သနားသွားမိသည်။ ရွှေဘုံပေါ်မှာနေသော ရွှေဘုံစံမင်းသားလေးတစ်ယောက်က အခု သူမတို့အိမ်မှာလာပြီး အလုပ်သမား လာလုပ်နေသည်ပေါ့။

"ဟာ ... မမပိုင် လာတယ်"





ရုတ်တရက် အိမ်ထဲမှထွက်လာသော ဖော်လေးက သူမကိုတွေ့တော့ အော်လိုက်သည်။ ဒီနေ့ တနင်္ဂနွေဖြစ်တာမို့ အိမ်မှာ လူစုံနေသည်။

ညနေထမင်းဝိုင်းတွင် အားလုံး တိတ်ဆိတ်နေသည်။ သူမ မျက်နှာညိုနေတာမို့ သူမမိဘတွေက သူတို့ မောင်မောင့်ကို ခေါ်တင်ထား၍ အိမ့်သက်ပိုင် မကျေမနပ် ဖြစ်နေပြီဟု ထင်နေသည်။ သူမက မကျေနပ်၍ မဟုတ်ပါ။ ချစ်သူကို အလွန်အမင်း အားနာပြီး သနားနေသောကြောင့် ဖြစ်သည်။

"သမီး ဘာဖြစ်နေတာလဲ"

ဖေဖေက မနေနိုင်စွာ စကားစလိုက်သည်။ မေမေကလည်း သူမမျက်နှာကိုကြည့်နေပြီး ဖော်လေးကလည်း သူမကို ကြည့်မရဟန်ဖြင့် ပေစောင်းစောင်းကြည့်နေသည်။

"ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"မိပိုင် ... ညည်း တစ်ခုခုတော့ ဖြစ်နေပါတယ်၊ မညာနဲ့ အရင်ကဆို ပြန်လာရင် စကားတွေအမျှဉ်မပြတ်ကို ပြောတော့တာ၊ ဘာဖြစ်လို့လဲ၊ အိမ်မှာ သူစိမ်းတစ်ယောက် ရောက်နေတာ မကြိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ အိမ်မှာ သူလာနေတယ် ဆိုပေမယ့် အိမ်အလုပ်တွေကိုတော့ မခိုမကပ် လုပ်ပေးပါတယ် သမီးရယ်၊ သမီးကိုပြောပြီးသားပဲ သူက ရေကြောင်းတက္ကသိုလ်တက်နေတာလေ၊ ကလေကချေတစ်ယောက် မဟုတ်ပါဘူး သမီးရယ်၊ ဒါပေမဲ့ သမီး အလိုမကျဘူးဆိုရင်တော့ သူ့ကို ဒီအိမ်မှာ ဖေဖေတို့ မထားတော့ပါဘူး"

"ဟာ ... မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး"

သူမ ကပျာကယာ ဖြေရှင်းလိုက်သည်။

"မိပိုင်ရယ် ... မောင်မောင်လေးက သဘောမနောကောင်းလေးပါ။ တစ်ခါတလေ မေမေ ဈေးကုန်းဈေးသွားပြီး ဈေးဝယ်ရင်လည်း လိုက်လာပြီး အထုပ်တွေ အပိုးတွေ သယ်သယ်ပေးပါတယ်၊ အခု ဇော်လေးကို အိမ်မှာဘာမှ သိပ်မခိုင်းဘူး၊ သူက ဆယ်တန်းဆိုတော့ ဦးစားပေးရတယ်လေ၊ မောင်မောင် ရောက်လာတော့ မေမေတို့ သားတစ်ယောက်ရသလိုပါပဲ"

ပျက်ယွင်းသွားသာ သမီးဖြစ်သူရဲ့မျက်နှာကိုကြည့်ပြီး ဒေါ်တင်တင်ကြည် စိတ်ထဲက ကျိတ်ရယ်နေမိသည်။





သူမရင်ထဲ နင့်သွားသည်။ အိမ်မှာခြေမချ၊ လက်မချ မောင်က အခုတော့ သက်တို့အိမ်မှာ အောက်ခြေသိမ်းလုပ်နေရပြီပေါ့။ ရင်ထဲမှာ မောင့်အပေါ် သနားစိတ်နှင့် ချစ်ခင်စိတ်တို့က ထိန်းမရ၍ ထကြွလာကာ သူမမျက်ဝန်းအိမ်မှ မျက်ရည်တွေက အတားအဆီးမရှိ ကျလာသည်။

"ဟင် ... မမပိုင် ငိုနေတယ် ဘာလို့လဲ"

ဇော်လေးက သူမမျက်ရည်တွေ ကျနေသည်ကိုကြည့်၍ အံ့သြစွာ ဆိုလာသည်။

"မောင်မောင် ဘယ်မှာလဲ"

သူမ ငိုနေရာမှ ဇော်လေးကို မေးလိုက်သည်။

"နောက်ဖေးမှာလေ၊ မနက်ဖြန်ရောင်းဖို့ မေမေဝယ်လာတဲ့ ထင်းရှူးစည်းကြီးကို အသေးလေးတွေ စည်းနေတယ်၊ ထမင်းစားခေါ်တာခေါ်လို့ မရလို့။ မမပိုင်ကို ကြောက်နေတယ်နဲ့ တူတယ်"

"ဘာ ... ဒီအလုပ်က သူလုပ်ရမှာလား၊ အဓိပ္ပာယ်မရှိတာ"

သူမစကားကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ သူမ နေရာမှထကာ နောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲ ဝင်သွားသည်။ ဘေးနားမှာ သားရေပင်ပုံလေးတွေနှင့် အကျအနထိုင်ကာ ထင်းရှူးဆီအစည်းသေးလေးတွေ စည်းနေသော သူ့ရှေ့တွင် ရပ်လိုက်သည်။

"သက်"

သူ့ကိုမော့ကြည့်လာသော မောင့်မျက်ဝန်းလေးတွေကို လွမ်းဆွတ်တသစွာ ငေးကြည့်လိုက်သည်။ ပြီးတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်တစ်ခုကိုချကာ သူ့ကို လက်ကမ်းပေးလိုက်သည်။

သူက ကြောင်တောင်တောင်နှင့် သူမကိုကြည့်ကာ ခေါင်းခါပြလိုက်သည်။

"မောင် ... သက်လက်ကိုဆွဲပြီး ထလိုက်ပါ"

"ဟာ ... သက်၊ စကားကိုဆင်ခြင်မှပေါ့၊ ကြားသွားရင် မကောင်းဘူး"

"အို ... သက်ပြောတာကို လုပ်ပါ"

သူက သူမလက်ကို ဆွဲကိုင်၍ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ သူမက သူ့လက်တွေကို လွတ်ထွက်သွားမည့်အလား ဆုပ်ကိုင်ကာ အိမ်ရှေ့သို့ ထွက်ခွာရန် ပြင်လိုက်သည်။



BURMESE CLASSIC .com



"သက် ... သက် ဘာလုပ်မလို့လဲ၊ ဟာ ... အချိန်မကျသေးဘူး။ အဲဒီလိုလုပ်လို့ မရသေးဘူးလေ သက်ရယ်၊ သက် မောင့်အခြေအနေကို သိပါတယ်"

"မောင် ... ပုါးစပ်ကို ခဏလေးပိတ်ပြီး သက်နဲ့အတူ အိမ်ရှေ့ကို လိုက်ခဲ့ပါ"

သူက အသံတိတ်သွားပြီး ပြတ်သားဟန်ပေါက်နေတဲ့ ကျွန်မ မျက်နှာကို မရဲတရဲ ငုံ့ကြည့်ရင်း ကျွန်မနဲ့အတူ စိတ်မသက်မသာစွာနဲ့ အတူလိုက်ပါလာခဲ့သည်။

"မေမေ ... သူက သမီးချစ်သူ ဖွဲ့သူရိယထက် ပဲ"

သူမစကားကို မေမေနှင့် ဖေဖေက အံ့သြဟန်မပြဘဲ ပြုံး၍နားထောင်နေကြသည်။

"မေမေတို့ သိပါတယ်"

ဖော်လေးကပါ သူမတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးစိစိလုပ်နေသည်။

"ဟင်"

မေမေ့စကားကြောင့် သူမတို့နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။

"သားမောင်မောင် အိမ်ကိုရောက်လာပြီး နှစ်ပတ်လောက်အကြာမှာပဲ သားအမေဆီက အဆက်အသွယ်ရတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



သားမရှိတုန်း အိမ်ကိုလာပြီး သားနဲ့သမီးကို သဘောတူပေးဖို့ သားကိုကြည်ဖြူပေးဖို့ လာပြောသွားတယ်”

“ဟုတ်တယ် သမီး၊ မေမေတို့လည်း ဒါကြောင့် အိမ်မှာ ဒီအချိန်အထိ လက်ခံထားတာပေါ့၊ ပြီးတော့ မောင်မောင်ကလည်း ရိုးသားတယ်၊ ကြိုးစားတယ်၊ စိတ်သဘောထားလေးကလည်း ကောင်းတယ်၊ ဖေဖေတို့ သူ့ကို နည်းမျိုးစုံနဲ့ စမ်းသပ်ကြည့်ပြီးပါပြီ”

“ဟုတ်တယ် သမီး၊ အခုအချိန်မှာ သူ့ဆီမှာ သမီးကိုချစ်တာကလွဲပြီး ဘာမှရှိမနေဘူး။ သူဌေးသားပဲဆိုတဲ့ မာန်မာနမျိုးလည်း သူ့ဆီမှာ ရှိမနေဘူး။ သူ့မိဘတွေဘက်ကလည်း သမီးကို တောင်းရမ်းထားပါတယ်၊ အသိမပေးသေးပါနဲ့ဦးလို့ပြောလို့ မေမေတို့ကလည်း သိရဲ့နဲ့ မသိဟန်ဆောင်နေရတာ”

မောင်က ရတ်တရက်ပဲ မေမေတို့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တာမို့ သူမပါလိုက်၍ မောင်နဲ့အတူထိုင်လိုက်ပါသည်။

“အန်တီတို့ ဦးတို့ကို လိမ်ညာမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပေးစေချင်ပါတယ်”

“ခွင့်လွှတ်ပါတယ်ကွာ၊ သမီးလေးကို မင်းလက်ထဲထည့်လိုက်ရမှာကို တို့ စိတ်ချပါတယ်”





“အန်တီတို့ကလည်း သား ဒီမှာရှိနေစဉ်အတွင်းမှာ အလုပ်တွေ ခိုင်းမိတဲ့အတွက် စိတ်မကောင်းပါဘူး”

“ဟာ ... မဟုတ်တာ အန်တီရယ်၊ ကျွန်တော့်မှာ လုပ်ပေးရမယ့်တာဝန် ရှိပါတယ်”

သူမနှင့် မောင် တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်မိကြသည်။ ဝေဝေဝါးဝါး ဖြစ်ခဲ့ဖူးသော ချစ်ခရီးလမ်း၏ အနားဂတ်သည် အခုတော့လည်း အထင်းသား မြင်သာလို့နေပါသည်။

“မင်းမိဘတွေကို ကျေးဇူးတင်ရမယ် မောင်မောင်”

“ဟုတ်ကဲ့ပါ ခင်ဗျာ”

မောင်က မေမေ့စကားကို ကျိုးနွံစွာ ပြန်ပြောလိုက်သည်။

“ဟာ ... ဖေဖေကလည်း၊ သူက မောင်မောင်မှမဟုတ်တာ၊ ဇွဲသူရိယထက်ပဲဟာကို”

“မောင်မောင်ပဲ ကောင်းပါတယ် သမီးရယ်၊ ဇွဲသူရိယထက်ဆိုတော့ ဖေဖေက သူ့ကို ဘယ်လိုခေါ်ရမှာလဲ”

“ဟုတ်ပါတယ် သမီးရယ်၊ မောင်မောင်ပဲ ကောင်းပါတယ်”

မေမေကပါ သံယောင်လိုက်,လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမပိုင်ရဲ့၊ မေမေနဲ့ ဖေဖေနဲ့က မောင်မောင်လို့ခေါ်၊ ကျွန်တော်က ကိုမောင်လို့ ခေါ်မယ်၊ မမပိုင်က မောင်လို့ခေါ်ပေါ့၊ ပြီးရော ... ဟုတ်တယ် မဟုတ်လား"

"အစုတ်ပလုတ် ဖော်လေး၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ဟား ဟား ဟား ဟား"

သူမတို့အိမ်ထဲမှာ စိတ်လက်ပေါ့ပါးစွာ ရယ်သံများ ပျံ့လွင့်နေသည်။ သူမနှင့် မောင်တို့ မကြာခဏ အကြည့်ချင်းဆုံကြသည်။ ရင်ထဲကစကားတွေကလည်း မျက်ဝန်းထဲတွင် အရိပ်ထင်နေကြပါသည်။

မျက်ဝန်းတွေထဲက တူညီတဲ့ အဓိပ္ပာယ်ကတော့ "တို့တွေ ဘယ်တော့မှ မခွဲကြဘူး"ဆိုတဲ့ အဓိပ္ပာယ်ပင် ဖြစ်သည်။ သူမတို့နှစ်ယောက် နောင်နှစ်ပေါင်းများစွာအထိ မခွဲမခွာ အတူရှိနေကြမည်ဆိုတာတော့ ဖူးစာရေးနတ်မင်းကြီး အသိပင်ဖြစ်ပါသည်။

အသင်

၈-၁၁-၂၀၁၀

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com